www.burmeseclassic.com



# မင်းလို ဝတ္ထုဖြစ်စေသတည်း

ဝတ္ထုတိုစု

GRAPHIC DESIGN - KYAW MINN MOUNG

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညက်ပွင့်(စက်မှု)

မျက်နှာဖုံးဒီဇိုင်း ကျော်မင်းမောင်
အဖုံးပလင် Best Color
အတွင်းပလင် ကိုလှဝင်း
Logo ဒီဇိုင်း ပန်းချီကိုကျော်သိုက်နှင့် (Q.C)
ကွန်ပျူတာ မောင်မောင်မြတ်နှင့်ပေယျာမြေ
စာစီ မောင်သာယာ

၂၀၀၅ ခုနှစ်၊ မတ်လ၊ တန်ဖိုး ( ၁၀၀၀ ) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၈၈၁/၂၀၀၄ (၈) နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၆၆၀၅၀၀ အရ ...

မာတချူရီတော့စ်ဆက်၊ ဦးခွန်ကော်ယု (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့်မျက်နှာဖုံးကို ရိုက်နှိပ်၍၊

ဦးလှမိုး (ညက်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ပေယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပ-ထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ ...
ပထမအကြိမ်...အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

ပေယျာမြေ စာစဉ် -(၅၀)

# မင်းလူ

# ဝတ္ထုဖြစ်စေသတည်း

## (ဝတ္ထုတိုစု)

ပေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၆

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

***


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ၁ |
| ၂။ | ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားပါ | ၃ |
| ၃။ | ဓားဇာတ်လမ်း | ၁၉ |
| ၄။ | မနက်တှုန်းဆီက | ၃၉ |
| ၅။ | ဂရိတ်ဆော့နှင့်ဧဝဇကျွ | ၅၀ |
| ၆။ | မောင်ဟင်နရီချစ်ဖွယ် | ၆၁ |
| ၇။ | ကျောင်းသားဆရာ | ၇၃ |
| ၈။ | ချစ်သူပျောစာတမ်း | ၈၁ |
| ၉။ | ခန္ဓာဗေဒ | ၉၁ |
| ၁၀။ | ဦးဖိုးစိန်နှင့်ဦးဖိုးသာ | ၁၀၁ |
| ၁၁။ | နှင်းဆီခက်တိုလက်လှမ်းကာနေမည် | ၁၁၃ |
| ၁၂။ | ဇတ်ပေါင်းသော် | ၁၂၁ |
| ၁၃။ | ပျော်စရာတော့အကောင်းသားနော် | ၁၃၅ |
| ၁၄။ | အိုအသင်လောက | ၁၄၅ |
| ၁၅။ | ဝတ္ထုဖြစ်စေသတည်း | ၁၅၆ |


BURMESE CLASSIC .com

## အမှာစာ

ဤစာအုပ်တွင် ပါဝင်သော ဝတ္ထုများသည် စောစောပိုင်းကာလတုန်းက ရေးခဲ့ခြင်းဖြစ်ပါသည်။ ထွက်ရှိခဲ့ပြီးသောဝတ္ထုတိုစုစာအုပ်များအတွက် ရွေးချယ်ရာတွင် သိပ်စိတ်ကြိုက်မတွေ့သဖြင့် ချန်ထားခဲ့သော ဝတ္ထုတိုအချို့ ဤစာအုပ်တွင် ပါဝင်နေပါသည်။

ပရိသတ်အမျိုးမျိုး ရှိနိုင်တာပဲဟု ယူဆမိသဖြင့် ထည့်သွင်းဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ သဘောမတွေ့လျှင် တောင်းပန်ပါသည်။

တကယ်လို့များ . . နှစ်သက်လက်ခံကြတယ်ဆိုလျှင်တော့ ကံကောင်းထောက်မတာပဲဟု ဝမ်းသာဂုဏ်ယူရပါမည်။

ရှိသေလေးစားလျက်
မင်းလူ



www.burmeseclassic.com

www.burmeseclassic.com

“အတင့်လေ... အဲဒါ
အကယ်ဒမီရှော့ပဲ သိလား”



www.burmeseclassic.com




(၁)

BURMESE CLASSIC .com

ခါတိုင်းနေ့များလိုပင် မနက်ခုနစ်နာရီ အိပ်ရာမှ နိုးသည်။ မျက်နှာသစ်ပြီး ကော်ဖီပူပူကို တစ်ဝက်သောက်သောက်သည်။ ပြီးတော့ လေ့ကျင့်ခန်းလုပ်သည်။

အထူးသဖြင့် ခါးလေ့ကျင့်ခန်း။

ခါးမထွက်အောင်၊ ဗိုက်ခေါက်မထွက်အောင်။

လေ့ကျင့်ခန်းပြီးတော့ ရေချိုးသည်။ အနည်းငယ် အလှပြင်သည်။ အဝတ်အစားလဲသည်။ ပြီးတော့ ဒေါ်လေးပြင်ဆင်ထားသော မုန့်ဟင်းခါးစားသည်။ ကော်ဖီတစ်ခွက် ထပ်သောက်သည်။

ရှစ်နာရီခွဲတွင် အဆင်သင့်ဖြစ်နေ၏။

ကိုးနာရီ ကားလာကြိုမည်။ အိမ်ရှေ့ခန်းမှာထိုင်စောင့်သည်။ ရုပ်ရှင်မဂ္ဂဇင်းကို ယူ၍ သူ့အကြောင်း ရေးထားသော ဆောင်းပါး တတိယအကြိမ်ဖတ်သည်။

ပြီးခဲ့သော ဇာတ်ကားနှစ်ကားတွင် ဒုတိယမင်းသမီးအဖြစ် သူ သရုပ်ဆောင်ကောင်းခဲ့ပုံအကြောင်း၊ ယခု ရိုက်ကူးဆဲ "ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားပါ" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်သူဖြစ်၍ အောင်မြင်မည်မှာ သေချာကြောင်း ပါဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်နှစ်သိမ့်နေဆဲ . . .

တယ်လီဖုန်းခေါင်းလောင်းသံ မြည်လာသောကြောင့် သူ ဆတ်ခနဲ လန့်သွားသည်။ ခေါင်းလောင်းသံ နောက်တစ်ကြိမ် ထပ်မြည်လာသည်။ တယ်လီဖုန်းရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်သွားသည်။ ဒေါ်လေးပြေးထွက်လာပြီး သူ့ကိုမြင်မှ နောက်ဖေးသို့ ပြန်ဝင်သွားသည်။

"ဟဲလို . ."

"အထင့်လား . . ."

"ဟုတ်ကဲ့"

"အစ်ကိုကြီးပါ"

"ဟုတ်ကဲ့"

"အစ်ကိုကြီး ဒီနေ့ရှူတင်ကို မလာနိုင်ဘူး၊ လေလံကိစ္စတွေ ရှိနေလို့၊ အဲဒါ . . ."

သူ ဘာမျှပြန်မပြောဘဲ နားထောင်နေလိုက်၏။

တစ်ဖက်မှ ဆက်ပြောသည်။

"အဲဒါ ခြံထဲကို လာခဲ့မလား"

"ရှူတင်က စောစောပြီးပါ့မလား"

"ပြီးပါတယ် . . မင်းသားက ခြောက်နာရီအထိပဲ ရမယ်လို့ ပြောထားတယ်"

သူ ပြန်မဖြေ။

"ဟင် . . ဘယ်လိုလဲကွယ်"

"ဟုတ်ကဲ့ . . အဆင်ပြေရင် လာခဲ့ပါ့မယ်"

"အိုကေနော်၊ (အသံကိုနှိမ့်၍) စောစောကတည်းက ဖုန်းဆက်မလို့ဟာ အိမ်ကဟာကြီး ရှိနေလို့၊ ခု သူသွားလို့ ဆက်တာ၊ ဒီနေ့ ဝိုင်းရှိတယ်ထင်တယ်၊ သူ ဖဲရိုက်တတ်တာပဲ ကောင်းကောင်းရယ် . . ဟေ . . ဟေ့"





သူလည်း နည်းနည်းရယ်သည်။

"ညနေစောင့်နေမယ်နော်၊ ဪ . . ဒါနဲ့ ညနေကျရင် အတင့်ကို ပြစရာတစ်ခုရှိတယ်"

"ဘာလဲ"ဟု လွတ်ခနဲမေးမိ၏။

"အိုဟို . . ခုပြောလို့ ဘယ်ဖြစ်မလဲ၊ ညနေကျမှ အံ့သြသွားအောင်ပြမယ်၊ အတင့်ကလဲ . . အေး . . အေး . . ချလိုက်"

"ရှင် . ."

"ဪ . . မဟုတ်ပါဘူး၊ ဒီမှာ ပစ္စည်းတွေလာချလို့၊ ဒါပဲနော် . . ဘိုင် . . ပြွတ် . ."

ပြွတ်ဆိုသောအသံမှာ တယ်လီဖုန်းထဲမှနေ၍ အနမ်းသံ လုပ်ပြခြင်းဖြစ်သည်။

သူ နားလည်လိုက်၏။ ညနေကျလျှင် ဆွဲကြိုး၊ နားကပ်၊ လက်စွပ် တစ်ခုခုကို သူ ရလိမ့်မည်။

"**အကျိုးပြု ရုပ်ရှင်ဖြန့်ချိရေးပိုင်ရှင်**" ဦးကျင်တီဖြစ်ပါသည်။

အသက်ငါးဆယ်နီးပါး ရှိပြီဖြစ်သော်လည်း သန်မာဖျတ်လတ်တုန်း။ စီးပွားရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်သည်။ မော်တော်တွေ ရှိသည်။ အဝေးပြေးကုန်တင်ကား ထောင်ထားသည်။ လေလံဆွဲသည်။

ရိုက်ပြီးသား ရုပ်ရှင်ဇာတ်ကားတွေကို ဝယ်ယူဖြန့်ချိသကဲ့သို့ ကိုယ်တိုင်ငွေရင်းစိုက် ထုတ်လုပ်ဖြန့်ချိခြင်းကိုလည်း ပြုလုပ်သည်။

"**ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားပါ**" . . . ဇာတ်ကားအတွက် ငွေရင်းစိုက်ထုတ်သူမှာလည်း ဦးကျင်တီပင်။

ထိုဇာတ်ကားတွင် သူ့ကို ခေါင်းဆောင်မင်းသမီးအဖြစ် တင်ရိုက်ရန် ဆုံးဖြတ်ခဲ့သူမှာလည်း ဦးကျင်တီပင်။

ထိုမျှမကသေး၊ ခု သူနေနေရသော အိမ်ကလေးသည်ပင် ဦးကျင်တီက ငှားပေးထားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုလျှင် သူတို့နှစ်ယောက်၏အခြေအနေကို နားလည်လောက်ပြီ ထင်ပါသည်။

တစ်ခုတော့ ကျန်သေးသည်။

ခုန တယ်လီဖုန်းပြောစဉ်က ခြံကို လာခဲ့မလားဆိုသော ဦးကျင်တီ၏စကား။

ခြံဆိုသည်မှာ ကမာရွတ်ဘက်ရှိ ခြံဝင်းတစ်ခု။

ယင်းအတွင်းမှ အိမ်ကလေးတစ်လုံး။

ခြံစောင့်တစ်ယောက်မှလွဲ၍ ဘယ်သူမျှ မရှိ။

မှန်၏။ သူတို့နှစ်ယောက် ချိန်းတွေ့နေကျနေရာ။

## (၂)

အိမ်ရှေ့မှ ကားဟွန်းသံ ကြားရသည်။

"မမ ကားရောက်ပြီ"ဟု လာမပြောဘဲ ဟွန်းတီး၍ခေါ်သောကြောင့် ဒရိုင်ဘာကောင်ကလေး မဟုတ်ကြောင်း သိသည်။

ဦးကျင်တီ၏သား အကြီးကောင်ဖြစ်ရမည်။

"ဒေါ်လေး ကားရောက်ပြီ"ဟု လှမ်းပြောလိုက်၏။

ဒေါ်လေးက ဆံပင်ကိုပတ်ရင်း သုတ်သီးသုတ်ပျာထွက်လာသည်။ သူ ကိုင်ထားသော အဝတ်အစားသေတ္တာကို ဒေါ်လေးက လာဆွဲသည်။

"နေပါစေ ဒေါ်လေး၊ ကျွန်မဖာသာ ကိုင်မယ်"

သူ ထင်ထားသည့်အတိုင်းပင် ဦးကျင်တီ၏သား လာကြိုခြင်းဖြစ်သည်။ ကားရှေ့ခန်းတံခါးကို အဆင်သင့်ဖွင့်ထားသောကြောင့် ရှေ့မှာပင် ထိုင်စေလိုကြောင်း သိသာသည်။





သူ ရှေ့မှာ ဝင်ထိုင်လိုက်၏။ ဒေါ်လေးက အနောက်ခန်းမှာ အလိုက်သိစွာ ဝင်ထိုင်လိုက်သည်။

ဒေါ်လေးဆိုသည်ကား ရုပ်သေးအုပ်ထိန်းသူမျှသာ။

"သေတ္တာကို နောက်ခန်းထဲ ထားလိုက်ပါလား"

ပြောပြောဆိုဆို သေတ္တာလက်ကိုင်ကို ကိုင်ထားသော သူ့လက်ပေါ်သို့ အုပ်ဖွဲ့၍ကိုင်သည်။ သူ မသိချင်ယောင်ဆောင်၍ လက်ကို ရုပ်လိုက်၏။ ဒီလောက်တော့ ကိစ္စမရှိ။

ရိုက်ကွင်းပေါ်ရောက်လျှင် မင်းသား၏ပွေ့ဖက်ခြင်းကိုပင် ခံရဦးမည်။

အလုပ်သဘောပဲထားပါတော့။

မြမြတင့် (ခေါ်) ရုပ်ရှင်မင်းသမီးဒေဝီ။

## (၃)

စတူဒီယိုသို့ ရောက်သွားသောအချိန်တွင် တစ်ယောက်သောသူမှလွဲ၍ လူစုံနေပြီ။ သူနှင့်တွဲဖက်သရုပ်ဆောင်ရမည့် မင်းသမီးကြီးပင် ရောက်နေပြီ။ ဒါရိုက်တာ ကိုကျော်စိန်ကား စက်အဖွဲ့သားများနှင့် ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြသည်။

မင်းသမီးကြီးကို ပြုံးပြနှုတ်ဆက်ပြီးနောက် ကိုကျော်စိန်ဆီသို့ လျှောက်သွားသည်။

"ကျွန်မ ရောက်ပြီဆရာ"

"ဩော်. . ဟုတ်ကဲ့၊ မင်းသား သွားခေါ်နေပြီ ထင်တယ်၊ သူရောက်ရင် စကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မိတ်ကပ်လိမ်းတော့မယ် ဆရာ"

ကိုကျော်စိန်က ခေါင်းညိတ်ပြသည်။

စောစောက မင်းသမီးကြီးနားသို့ သွားထိုင်သည်။

"မမမိ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူးကွယ်၊ ရှေ့ဆင့်နောက်ဆင့်ပါပဲ"

သို့ရာတွင် မင်းသမီးကြီးမမမိသည် မိတ်ကပ်လိမ်းပြီးနေပြီ။ အိမ်ကတည်းက လိမ်းထားတာဖြစ်မည်။

မမမိသည် တစ်ချိန်က နာမည်ကျော်မင်းသမီးဖြစ်သည်။ ခုချိန်မှာတော့ နာမည်ကျစပြုနေပြီ။ အသက်ကလည်း လေးဆယ်နီးနေပြီကိုး။ နောက် ငါးနှစ်ဆိုလျှင် အဒေါ်ခန်း၊ အမေခန်းတို့လောက်သာ သရုပ်ဆောင်နိုင်ပေတော့မည်။

အတင့် မိတ်ကပ်လိမ်းသည်။ သူ့ဟာသာ လိမ်းခြင်းမဟုတ်ပါ။ မိတ်ကပ်ဆရာတစ်ယောက်က လိမ်းပေးခြင်းဖြစ်မည်။

မိတ်ကပ်လိမ်းနေတုန်း ဦးကျင်တီ၏သားအကြီးကောင် ရောက်လာပြန်သည်။ လိမ္မော်ရည်သောက်မလားဟု မေးသည်။

မမမိ ရှိနေလျက်နှင့် သူတစ်ယောက်တည်းကို ကွက်၍မေးသောကြောင့် မမမိကို အားနာသွားသည်။

"မမမိ သောက်မလား"ဟု အတင့်က လှမ်းမေးသည်။

မမမိက ပြုံးပြီးခေါင်းခါပြသည်။

သူလည်း ခေါင်းခါလိုက်သည်။

(၄)

နောက်ဆုံး ကျန်ရှိနေသောသူ ရောက်လာသည်။

သူ မရှိလျှင် ဘာမျှလုပ်လို့မရနိုင်လောက်အောင် အရေးပါသောသူ။





အားလုံးက "ကိုထက်"ဟု ခေါ်ကြသော နိုင်ငံကျော်ရုပ်ရှင်မင်းသား သူထက်သူ။ သူသည် အတန်ငယ်ပွေ၏။ သို့ရာတွင် ရိုက်ကွင်းပေါ်၌ စည်းကမ်းရှိသည်။ သူ့တာဝန် သူကျေပွန်သည်။

နောက်ကျမှ ရောက်တတ်ခြင်းနှင့် စောစောပြန်လိုခြင်းတို့ကိုတော့ နိုင်ငံကျော်မင်းသားမို့ ခွင့်လွှတ်နိုင်စရာ ရှိပါသည်။

သူ့သည်လည်း ကိုကျော်စိန်ကို အရင်ဦးစွာ သွားရောက်နှုတ်ဆက်သည်။ နာမည်ကျော်ရုပ်ရှင်မင်းသား မင်းသမီးတို့သည် မာနကြီးသည်။ ဒါရိုက်တာကို ဂရုမမူမပြုဟု ထင်နေကြသည်မှာ တချို့တစ်ဝက်တော့ မှန်ပါသည်။

နာမည် မရသေးသော၊ နာမည်ရသော်လည်းအရည်အချင်း သိပ်မရှိသော၊ အရည်အချင်းရှိသော်လည်း သဘောကောင်းလွန်းအားကြီးသော ဒါရိုက်တာများအပေါ်၌ အထက်ပါသဘောမျိုး ဆက်ဆံလေ့ရှိကြသည်။

ကိုကျော်စိန်တို့လို အရည်အချင်းလည်းရှိပြီး ထက်လည်းထက်သော ဒါရိုက်တာများကိုမူ သူတို့ တလေးတစား ဆက်ဆံတတ်ကြသည်။

ကိုထက်သည် မမမိနှင့် အတင့်ကိုပါ နှုတ်ဆက်ပြီးနောက် မိတ်ကပ်လိမ်းသည်။ သူ မိတ်ကပ်လိမ်းတာ သိပ်မကြာလှပါ။

လိမ်းသည်ဆိုရုံမျှသာဖြစ်သည်။

သူ့မျက်နှာပေါ်မှာ လွန်ကဲနေသော နေရာများ၊ ဥပမာ . . (နှာခေါင်း)ကို မိတ်ကပ်ဖြင့် ဖြေပေးခြင်းလောက်သာဖြစ်၏။

ထိုအချိန်တွင် ကိုကျော်စိန်နှင့်စက်အဖွဲ့သားများ အလုပ်များနေကြလေပြီ။ ကင်မရာရှုထောင့် ရွေးချယ်ခြင်း၊ မီးချိန်ခြင်း၊ ယခုအခန်းတွင်ပါဝင်မည့် ပရိဘောဂပစ္စည်းများနေရာချခြင်း၊ အားလုံးအဆင်သင့်ဖြစ်သောအခါ ဆယ့်တစ်နာရီထိုးပြီ။

www.burmeseclassic.com

## (၅)

"ယုယုရယ် ခုလို ခိုးကြောင်ခိုးဝှက် ချစ်နေရတာ အားမရနိုင်တော့ဘူးကွယ်၊ လွတ်လွတ်လပ်လပ် နေချင်လှပြီ"

"ယုယုကလဲ ဒီလိုပဲပေါ့မောင်ရယ်၊ ဒါပေမယ့် အငယ်အနှောင်း ဘဝနဲ့တော့ မဖြစ်နိုင်ဘူးထင်တယ်"

"အို့, ယုယုကလဲ ဘယ်သူက အငယ်အနှောင်းလိုထားမယ် ပြောလို့လဲ"

"မောင်နဲ့ မခင်မိနဲ့က ပြတ်မှ မပြတ်သေးဘဲ"

"မောင်လဲ အချိန်အခါကို စောင့်နေတာပါ၊ အဆင်သင့်တာနဲ့ ကိစ္စပြတ်အောင်လုပ်မှာပါ"

"**ကတ်**"

ကိုထက်နှင့် အတင့်တို့၏ အခန်းများကို အရင်ရိုက်သည်။ မောင် (ကိုထက်)နှင့် ယုယု (အတင့်)တို့ အိမ်ရှေ့ခန်းတွင် စကားပြောနေကြပုံကို သုံးလေးကတ်လောက် ရိုက်သည်။

နေ့လယ် တစ်နာရီလောက်မှ ထမင်းစားချိန် ခဏနားသည်။

အများအတွက်က ဝက်သားဟင်း။ မင်းသား, မင်းသမီးတွေအတွက်ကတော့ ဝက်သားက တစ်ခွက်၊ ကြက်သားက တစ်ခွက်၊ ငါးကြော်၊ အစိမ်းကြော်၊ ဟင်းချို၊ မရန်းသီးသုပ် . . စသည်။

ထမင်းစားပြီးလျှင် စားဖို့. . လက်ဖက်သုပ်လည်းပါသည်။ ဒါရိုက်တာကိုကျော်စိန်တစ်ယောက်ကတော့ သူတို့နှင့် တူတူမစား။ စက်အဖွဲ့သားများနှင့်ပင် ဝိုင်းဖွဲ့၍စားသည်။

မည်သို့ပင်ဖြစ်စေ အလုပ်သမားများအဖို့ ဒီနေ့ ဖောဖော သီသီ စားရသည်ဟု ဆိုရပါမည်။ အကြောင်းမှာ ဒီနေ့ ဦးကျင်တီ မလာသောကြောင့် ဖြစ်လေသည်။ ပြီးတော့လည်း သူ မရှိသောကြောင့် ထမင်းစားပြီးချိန်တွင် ခဏတစ်ဖြုတ်နားနေခွင့်ရသည်။





ရိုက်ကွင်းပေါ်မှာ သူရှိနေသောအချိန်ဆိုလျှင် အစဉ်အမြဲလောဆော်နေတတ်၏။

သူ့အဖို့ သရုပ်ဆောင်ကောင်းခြင်း၊ မကောင်းခြင်းထက် ဖလင်ပေများများ ကျဖို့သာ ပဓာနဖြစ်သည်။

ကိုကျော်စိန်နှင့် မကြာခဏ စကားများတတ်၏။

ဒီနေ့ သူ့သားအကြီးကောင်နှင့် လွဲထားသောကြောင့်သာ အတန်ငယ်သက်သာနေခြင်းပင်။ ဒီအကြီးကောင်ကတော့ ငပေါ။ အတင့်နားကပ်နေရလျှင်၊ ရိသဲ့သဲ့လုပ်နေရလျှင် ကျေနပ်နေတတ်၏။ ကိုကျော်စိန်ကလည်း နောက်ရိုက်မည့် အခန်းများသည် အရေးကြီးသောကြောင့် နားနားနေနေ နေပြီးမှ ဆက်ရိုက်ချင်သည်။

ကိုထက်သည်လည်းကောင်း၊ အတင့်သည်လည်းကောင်း၊ မမမိသည်လည်းကောင်း ထမင်းကိုများများမစားကြ။ ကိုယ်ကာယပုံပျက်မည်စိုးသောကြောင့်လည်း ဖြစ်သည်။ ပြည့်အင့်နေလျှင် သရုပ်ဆောင်ရာတွင် အခက်အခဲတွေ့မည် စိုးသောကြောင့်လည်း ဖြစ်သည်။

## (၆)

နှစ်နာရီလောက်တွင် ပြန်စသည်။

→ မောင်က ယုယု၏ခါးကိုဖက်၍ အတွင်းခန်းထဲသို့ ခေါ်သွားသည်။ ယုယုက ငြင်းဆန်ရင်းကပင် လိုက်ပါသွားသည်။

→ အတွင်းခန်း နှစ်ယောက်အိပ်ခုတင်ပေါ်မှာ ထိုင်နေသည်။ မောင်က ယုယု၏လက်မောင်းနှစ်ဖက်ကို ကိုင်ထားသည်။ ယုယု မျက်လွှာချထား၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

→ ယုယု၏ကျောဘက်မှ အမြင်။
မောင်က ယုယုကို သိုင်းဖက်ထားသည်။
→ မောင့်ကျောဘက်မှ အမြင်။
ယုယုသည်လည်း မောင့်ကို ပြန်ဖက်ထားသည်။
→ ဖက်ထားရာမှ ရုတ်တရက်ခွာလိုက်၊ အပေါက်ဝဘက်သို့ (ကင်မရာဘက်သို့) အထိတ်တလန့် လှည့်ကြည့်။

ထိုအခန်းများအပြီးတွင် . . သူတို့နှစ်ယောက် ခဏနားကြသည်။ မမမိအလှည့် ရောက်လာ၏။ အခန်းပေါက်ဝတွင် မမမိ ခါးထောက်၍ရပ်ရင်း ဒေါသမျက်နှာနှင့်ကြည့်နေသည်။

နောက်တစ်ကတ်။

မမမိ သရော်ပြုံး ပြုံးလိုက်ပြီး "ဩော် . . ဒီလိုတောင် ဖြစ်နေကြမှကိုး"ဟု ပြောသည်။

မမမိ ကင်မရာဘက်သို့ လျှောက်လာသည်။

→ မောင် (ကိုထက်)က "မောင် ရှင်းပြပါရစေဦး" ဆိုပြီး မမမိ၏လက်ကို ကိုင်သည်။
မမမိက ကိုထက်၏လက်ကို ခါထုတ်လိုက်၏။
→ ယုယု (အတင့်) နားသို့ မမမိ တိုးကပ်သွားသည်။ အတင့် နောက်သို့ ဆုတ်လိုက်၏။ နံရံထောင့်သို့ ကပ်သွားသည်။
→ မမမိ မျက်နှာ အနီးကပ်။ ဝင်းဝင်းတောက်နေသော မျက်လုံးများ။ နှုတ်ခမ်းကို ကိုက်လိုက်သည်။
→ မမမိနှင့် ယုယု နှစ်ယောက်တွဲ။
မမမိ၏လက်သည် အပေါ်သို့ မြောက်တက်သွားသည်။

"ကတ်"



(၇)

အရေးအကြီးဆုံး ကတ်(အခန်း)။

ယုယုနှင့် မမမိ ကိုယ်တစ်ပိုင်း။ မမမိက ဒေါသတိုက်ခပ်စောင်းစောင်း။ ယုယုမျက်နှာ အတည့်။

မမမိသည် ယုယု၏ပါးကို ချိန်ဆ၍ ရိုက်လိုက်သည်။

ဒီလိုနေရာမျိုးတွင် မမမိက ဝါရင့်ပြီးသား။ ကင်မရာထဲက မြင်ကွင်းတွင် တကယ်ရိုက်လိုက်သည်ဟုထင်အောင် အတင့်၏ ပါးကိုလည်း အဖျားခတ်၍ ထိသည်ဆိုရုံမျှဖြစ်အောင် ချိန်ဆ၍ ရိုက်လိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် . . .

"ဟိုး . . ."

ကိုကျော်စိန်၏အသံ ထွက်လာသည်။

ကင်မရာရော အသံဖမ်းစက်ပါ ရပ်သွားသည်။

မီးတွေ ပိတ်လိုက်ကြသည်။

အတင့်နှင့် မမမိတို့သည် သူတို့ ဘာမှားသွားမှန်း မသိကြ။ သူတို့နားရောက်လာသော ကိုကျော်စိန်ကို ပြိုင်တူကြည့်သည်။

မမမိက မေး၏။

"ကိုကျော်စိန် ဘာမကြိုက်လို့လဲ"

"ကောင်းပါတယ်၊ မမမိရိုက်တာ ကောင်းပါတယ်၊ ဒါပေမယ့် အတင့်က အခံမကောင်းဘူး၊ ပြန်ရိုက်ရမယ်"

ကိုကျော်စိန်က "အတင့် . . ခဏလေး နားလိုက်ဦး၊ စိတ်ကို အတ်လမ်းထဲမှာ မြှုပ်ထားလိုက်"ဟုပြောပြီး မမမိကို ခပ်လှမ်းလှမ်းသို့ခေါ်သွားသည်။

ကိုကျော်စိန်က တစ်စုံတစ်ရာကို ခပ်တိုးတိုးပြောသည်။

မမမိက "ဖြစ်ပါ့မလား"ဟု ပြန်မေးသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်၊ ကျွန်တော် ခိုင်းတာလို့ပြော၊ ပြီးတော့ ဟိုဒိုင်ယာလော့ကို ခပ်ကျယ်ကျယ်လေး ပြောပေးပါ"

"ကဲ. . ပြန်စမယ်ဟေ့"

(၈)

စတူဒီယိုတစ်ခုလုံး တိတ်ဆိတ်နေသည်။

မီးမောင်းကြီးများသည် သူတို့နှစ်ယောက်အပေါ်သို့ အချိန်အဆမှန်ကန်စွာ ထိုးထားကြသည်။ မမမိသည် အတင့်ကို အနေရခက်လောက်အောင် တစ်ချိန်လုံး စိုက်ကြည့်နေ၏။

အတင့်သည် မမမိ၏အကြည့်ကို တဖြည်းဖြည်းကြောက်လာသည်။ သူ့မျက်လုံးထဲ၌ အားငယ်မှု အရိပ်အယောင်များကို မြင်ရသည်နှင့်တစ်ပြိုင်နက် ကိုကျော်စိန်က လက်ပြအချက်ပေးလိုက်သည်။

"မောင်းပါ"

အသံဖမ်းဆရာ၏အသံကို ကြားရသည်။

ကင်မရာမင်းသည် ခလုတ်ကို နှိပ်လိုက်၏။

"ဆင်း. . . တွမ်တီဝမ်း၊ ကတ် နိုင်တင်း"

မမမိ၏မျက်လုံးများသည် ရုတ်တရက်ပြူးကျယ်သွားသည်။

မမမိ၏နှုတ်မှ စကားတစ်ခွန်းသည် ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည်။

"*လင်ခိုးမ*"

အတင့် ဆတ်ခနဲတုန်သွား၏။

ထိုအချိန်မှာပင် မမမိ၏ လက်ဝါးသည် အတင့်ပါးပေါ်သို့ ဖြန်းခနဲ အရှိန်ပြင်းစွာ ကျရောက်လာသည်။





အတင့်၏မျက်နှာသည် ချာခနဲလည်ထွက်သွား၏။

ဆံပင်များသည် ပါးတစ်ခြမ်းပေါ်သို့ ဖရိုဖရဲဝဲကျလာသည်။ အတင့်သည် ဒီဘက်သို့ တဖြည်းဖြည်းပြန်လှည့်လာသည်။

သူ့ပါးပြင်ပေါ်တွင် လက်ဝါးရာ ရဲရဲထင်နေသည်။

မျက်နှာ တဖြည်းဖြည်း မော့လာသည်။ သူ့မျက်လုံးထဲတွင် မျက်ရည်များ ပြည့်လျှံလာ၏။ အလိုအလျောက်ကျလာသော မျက်ရည်။ သူ့အကြည့်သည် ထိတ်လန့်ခြင်း၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ အသနားခံခြင်းတို့ ရောထွေးလျက်။

သူ့နှုတ်ခမ်းတို့သည် တရွရွလှုပ်နေသော်လည်း စကားသံထွက်ပေါ်၍မလာခဲ့။ သူ့ရင်ထဲ၌ တကယ်ပင် နာနာကျင်ကျင်ခံစားနေရသည်။

"လင်ခိုးမ"ဆိုသော စကားသံသည် သူ့ဦးနှောက်ထဲတွင် ပြည့်သိပ်ဆူဝေ၍နေဆဲ။ ရုပ်ရှင်ရိုက်နေရသည်ဟူသော အသိကို သူမေ့သွားလေပြီ။

"ကတ်"

ကင်မရာ၊ အသံဖမ်းစက်ခလုတ်များ ပိတ်လိုက်သည်။ မီးတွေပိတ်လိုက်သည်။ စတူဒီယိုထဲ၌ ပြန်၍ဆူညံလာပြန်သည်။

ခုရိုက်ခဲ့သော အခန်းနှင့်ပတ်သက်၍ ဝေဖန်မှုများ။

အတင့်သည် သူ့နေရာတွင် ရပ်မြဲရပ်နေသည်။

မမမိကို သူ ကြည့်နေတုန်း။

မျက်ရည်တို့သည် မတိတ်သေး။

ရင်ထဲက ဆို့ဆို့နင့်နင့် ခံစားနေရဆဲပင်။

အိပ်မက်ဆိုးမှ ရုတ်တရက် လန့်နိုးလာသလို ထင်နေသည်။ မမမိသည် သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

သူ ဟန်မဆောင်နိုင်တော့ဘဲ မမမိကို ဖက်၍ငိုမိသည်။

မမမိသည် သူ့ကျောကို ပွတ်သပ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မမမိကို ခွင့်လွှတ်ပါကွယ်၊ မမမိလေ. . ."

"ဟုတ်ပါတယ်၊ ကျွန်တော် ရိုက်ခိုင်းတာပါ၊ ပို့ပြီး သဘာဝကျအောင် မမမိကို တကယ်ရိုက်ခိုင်းတာပါ"

ကိုကျော်စိန်ကပါ ဝင်ပြောသည်။

အတင့်သည် စကားတစ်ခွန်းမျှပင် ပြန်မပြောနိုင်။

တလှိုက်လှိုက် ဝမ်းနည်းနေတုန်း။

တရှိုက်ရှိုက် ငိုနေတုန်း။

မမမိသည် အတင့်၏မေးစေ့ကလေးကိုဆွဲ၍ မျက်နှာကို မော့်စေသည်။ ပြီးတော့ ပြောသည်။

"အတင့်လေ. . အဲဒါ အကယ်ဒမီရှော့ပဲ သိလား"

ထိုအခါကျမှပင် ပို၍ ငိုချင်လာသည်။

▌

(၉)

အတင့်သည် ကားပေါ်တွင် ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ပါလာသည်။

ဒေါ်လေးသည် ဘာစကားမျှမပြောဘဲ ကားအပြင်သို့ ငေးကြည့်နေသည်။

အတင့်၏စိတ်ထဲတွင် နောက်ဆုံးရိုက်ခဲ့သော အခန်းကို စွဲလမ်းနေဆဲ။

ကားမောင်းသော ကောင်လေးက "မမ အိမ်ပြန်မှာလား"ဟု မေးသည်။

သူ ခဏမျှတွေ၍ စဉ်းစားသည်။

ခေါင်းကို ဖြည်းညင်းစွာခါသည်။

သက်ပြင်းတစ်ချက်ကို စိတ်မသက်သာစွာချသည်။





သူ့ ပြန်ပြော၏။

"ခြံကို မောင်းကွယ်"

ပါးပေါ်မှ အရိုက်ခံထားရသော နေရာကို ကိုင်ကြည့်မိသည်။ ခုထိ စပ်ဖျဉ်းဖျဉ်းဖြစ်နေတုန်းပင်။

"အဲဒါ အကယ်ဒမီရှော့". . ဟု ပြောလိုက်သော မမမိ၏ စကားကို သတိရသောအခါ ကျိတ်၍ပြုံးမိပြန်၏။

(ရုပ်ရှင်မဂ္ဂဇင်း၊ ၁၉၈၀ ခု၊ မေလ)

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ကျုပ်မိန်းမကို မဆွဲနဲ့"
"ငါ့သမီး ငါဆွဲတာ၊ လာ... မြကြည်"



www.burmeseclassic.com



(၁)

ဦးသောင်းကြည်၊ ဒေါ်မြ၊ ဝင်းကျော်၊ မမြကြည်တို့နှင့် ပြန်မတွေ့သည်မှာ တစ်နှစ်ခန့်ကြာခဲ့ပေပြီ။

သို့ရာတွင် "ဝင်းကျော်ကို တွေ့ရာသချိုင်း ဓားမဆိုင်း"ဟု ကြိမ်းဝါးခဲ့သော ဦးသောင်းကြည်၏မျက်နှာကြီးကို မေ့လို့မရသေးပါ။ ထို့အပြင် နေရောင်တွင် ပြောင်လက်နေသော ငှက်ကြီးတောင်ဓားရှိုးနီနီကြီးကိုလည်း မြင်ယောင်နေဆဲဖြစ်ပါသည်။

ထိုနေ့က အကြောင်းကို တွေးလိုက်လျှင် ကျောထဲက စိမ့်ခနဲဖြစ်သွားတုန်းပင်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ကိုယ့်မိန်းမကို ကိုယ်ပြန်၍ နှစ်ကြိမ်တိတိ ခိုးရသူမှာ ဝင်းကျော်ပင် ဖြစ်သည်။

ဝင်းကျော်၏စရိုက်ကို တိုတိုရှင်းရှင်းပြောရလျှင် ယောက်ျားတို့၏ပဓာနအရည်အချင်းဖြစ်သော အလုပ်လုပ်ခြင်း၌ သူ မပျော်ချေ။

အရက်သောက်ခြင်း၊ အသုဘအိမ်မှာဖဲရိုက်ခြင်း၊သူငယ်ချင်းတွေအိမ်လျှောက်လည်၍စားခြင်း၊ လက်ဖက်ရည်ဆိုင်မှာ ညဉ့်နက်သန်းခေါင်ထိ ထိုင်ခြင်းတို့၌သာ မွေ့လျော်သည်။

ဝင်းကျော် ပထမဦးဆုံး လုပ်သောအလုပ်မှာ ဆောက်လုပ်ရေးတွင် ငါးကျပ်ပြားလေးဆယ် နေ့စားအလုပ်ဖြစ်သည်။

နောက်တော့ လက်ကြောမတင်းချင်သော ဝင်းကျော်နှင့် အထက်ကလူများ မသင့်မတင့်ဖြစ်လာသည်။

အလုပ်ကထွက်သည်။ လအတော်ကြာ ဘာမျှမလုပ်ဘဲ နေပြီးမှ မြို့စွန်ရှိ ရုပ်ရှင်ရုံတစ်ရုံမှာ လက်မှတ်ရောင်းသိမ်း ဝင်လုပ်သည်။ အစပိုင်းတော့ ယင်းအလုပ်မှာ သူပျော်၏။

ရုပ်ရှင်ဇာတ်ကားများ ကြည့်ရသောကြောင့်ဖြစ်သည်။

ကြာတော့ ရုပ်ရှင်ကားတစ်ကားတည်းကို နောက်တစ်ကားမလဲမချင်း ကြည့်နေရသောကြောင့် ငြီးငွေ့လာဟန်တူသည်။

အလုပ်ထွက်လိုက်ပြန်၏။





မော်လမြိုင်ရထားနှင့်လိုက်ပြီး သူများအရင်းအနှီးဖြင့် ကုန်ကူးပြန်သည်။ ဒုတိယအခေါက်မှာပင် ပစ္စည်းတွေ အဖမ်းခံရပြီး လုံလွတ်အောင် မနည်းပြေးခဲ့ရသည်ဆို၏။ နောက်ဆုံး မမြကြည်ကို ခိုးပြေးသည့်အချိန်အထိ အလုပ်လက်မဲ့ဖြစ်သည်။

ဝင်းကျော်၌ အိမ်ခြေရာခြေ အတည်တကျမရှိ။ ရပ်ကွက်ထဲက သူငယ်ချင်းတွေအိမ်တွင် ကြုံသလိုလှည့်အိပ်သည်။

ကျွန်တော့်အိမ်ခန်းကလေးတွင် သူ အနေအများဆုံးဖြစ်လေသည်။ သူ အလုပ်မရှိ၊ ငွေမရှိသော အချိန်များတွင် ကျွန်တော့်ဆီမှာ နေတတ်သည်။ ကျွန်တော်က ထမင်းကျွေး။ ကျွန်တော်သည် တစ်ကိုယ်တည်းသမားဖြစ်၍ အဖော်မရှိခြင်း၊ ဝင်းကျော်သည် တစ်နယ်တစ်ကျေးမှ လာသော တစ်ကောင်ကြွက် ဖြစ်နေခြင်း၊ ကျောင်းဆရာတစ်ဦးဖြစ်သော ကျွန်တော့်အနေဖြင့် သူ့ကို အနီးကပ်ပေါင်း၍ လူကောင်းတစ်ယောက်ဖြစ်လာစေရန် ကြိုးစားကြည့်လိုခြင်းတို့ကြောင့် သူ့ကို ကျွန်တော့်အိမ်မှာ လာနေတတ်သည်ကို မကန့်ကွက်ခဲ့ခြင်း ဖြစ်ပါသည်။

ဝင်းကျော်၏မကောင်းမှုများကို လူတိုင်းသိကြသော်လည်း သူ၏အချစ်ကိစ္စကို မည်သူမျှ မသိချေ။ သူနှင့်အရင်းနှီးဆုံးဖြစ်သော ကျွန်တော်ပင် မသိခဲ့။ ဝင်းကျော်ကလည်း လျှို့ဝှက်ထား၏။ အံ့ဩဖို့ကောင်းသည်မှာ ဝင်းကျော်နှင့် ချစ်ကြိုက်နေသူမှာ မမြကြည်ဖြစ်နေခြင်းပင်။

မမြကြည်သည် ရပ်ကွက်ထဲတွင် အလိမ္မာဆုံး၊ ကြန်အရှိဆုံးမိန်းကလေးဖြစ်သည်။ ထို့ကြောင့်ပင် ဝင်းကျော်က မမြကြည်ကို ခိုးပြေးပြီဆိုသောသတင်းကို ကြားသောအခါ ကျွန်တော်အပါအဝင် တစ်ရပ်ကွက်လုံးက အကြီးအကျယ် အံ့ဩသွားကြခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ထိုသတင်းကို ယူဆောင်လာသူမှာ. . . မမြကြည်၏အဖေ ဦးသောင်းကြည်နှင့် အမေဒေါ်မြတို့ဖြစ်သည်။

ဝင်းကျော်က မမြကြည်ကို ခိုးပြေးပြီး နောက်တစ်နေ့မနက် အစောကြီး သူတို့နှစ်ယောက် ကျွန်တော့်အိမ် ရောက်လာသည်။

"မင်းသူငယ်ချင်း လုပ်ပုံကောင်းသေးရဲ့လား"

ဒေါ်မြက ကျွန်တော့်ကို မြင်မြင်ချင်း ဆီး၍ပြောသည်။

"ခင်ဗျာ. . ဘာကိုပါလိမ့်"

"အံမယ်. . ခုမှ. . မသိချင်ယောင်ဆောင်လိုက်ရသလား၊ ကျောင်းဆရာကြီးရဲ့"ဟု အစချီပြီးလျှင် . . .

ဝင်းကျော်၏မကောင်းမှုများ၊ သူ့သမီးလိမ္မာပုံများ၊ဝင်းကျော်လို့အရက်သမား ကလေကချေနှင့် လုံးဝသဘောမတူနိုင်ကြောင်း များပြောရင်းကလည်း ကျွန်တော့်ကို လက်ညှိုးထိုး၍. . .

"မင်း. . သူငယ်ချင်း၊ မင်းသူငယ်ချင်း"ဟု ထပ်ကာထပ်ကာ ဆိုနေသေးသည်။





ကျွန်တော်သည် လက်ညှိုးငေါက်ငေါက်ထိုး၍ အပြောခံရသဖြင့် ဒေါသဖြစ်မိသော်လည်း သဘောကောင်းသော ဦးသောင်းကြည်ကိုအားနာသဖြင့်လည်းကောင်း၊ဝင်းကျော်ကလည်းကျွန်တော့်သူငယ်ချင်း အမှန်ပင်ဖြစ်နေသောကြောင့်လည်းကောင်း အောင့်ခံနေလိုက်တော့သည်။

"အဲဒါ. . ခု ဂါတ်ကို သွားတိုင်မယ်"

"ဟာကွာ. . . သမီးကပါ ကြိုက်လို့လိုက်သွားတာ၊ ရဲက ဘာတတ်နိုင်မှာလဲ၊ ပြီးတော့. . . မြကြည်က ဆယ့်ရှစ်နှစ်ပြည့်ပြီး နေပြီ"

တစ်ချိန်လုံး. . ငြိမ်နေသော ဦးသောင်းကြည်က ဝင်ပြောသည်။ ပြီးတော့ ကျွန်တော့်ဘက်လှည့်၍ . . .

"ခင်းကျော်ရော၊ ကျွန်တော့်သမီးပါ မိုက်ပါတယ်ဆရာရယ်၊ ဘာပဲဖြစ်ဖြစ် ခုအချိန်မှာတော့ သမီးကိုသာ တွေ့အောင်ရှာပေးပါ၊ သမီးကို ဦးလေးတို့ဆီ ပြန်အပ်ပြီးတော့ မိသားဖသားပီပီ တောင်းရမ်းမယ်ဆိုရင်၊ သဘောတူရမှာပေါ့ကွယ်"

"မှန်ပါတယ်ခင်ဗျာ၊ အဲဒီကိစ္စကို ကျွန်တော် တကယ်လုံးဝ မသိပါဘူး၊ မမြကြည်ကိုလဲ ကျွန်တော့်နှမလေးလို ချစ်ပါတယ်၊ ကျွန်တော် ရအောင်ရှာပေးပါ့မယ်၊ တောင်းရမ်းဖို့ကိစ္စကိုလဲ အားလုံးကျေနပ်အောင် လုပ်ပေးပါ့မယ်"

ကျွန်တော်၏အာမခံချက်ကို ဦးသောင်းကြည်က ကျေနပ်သော်လည်း ဒေါ်မြက သိပ်မကျေနပ်။

ကျွန်တော်နှင့် ဦးသောင်းကြည်တို့၏ သဘောတူညီချက်ကို မတတ်သာ၍သာ လက်ခံလိုက်ရခြင်းဖြစ်မည်။

မျက်စောင်းတခဲခဲလုပ်၍ ထွက်သွားရင်း. . .

"သူနဲ့ တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ဖြစ်မှာပဲ". . ဟု မကြားတကြား ပြောသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးကောင်ဝင်းကျော်။ သူ့ကြောင့် ကျွန်တော် လက်ညှိုးပေါက်ပေါက် ထိုးခံလိုက်ရသည်။ ကျောင်းဆရာဆိုသော ဂုဏ်ပုဒ်ကြောင့်သာ နည်းနည်းသက်သာရာ ရသွားခြင်းဖြစ်သည်။

သို့မဟုတ်လျှင် ဘယ်လောက်အပြောခံရမလဲမသိ။

မမြကြည်ကို သူခိုးပြေးမည့်နေ့က ကျွန်တော့်ဆီမှာ ငွေချေးသည်။ ဘာလုပ်ဖို့လဲမေးတော့ သူ မပြော။ အရေးကြီးလို့ဟုသာ ပြောသည်။ လကုန်ခါနီးဖြစ်၍ ကျွန်တော့်မှာ ငွေများများမရှိသောကြောင့် နှစ်ဆယ့်ငါးကျပ်ပေးလိုက်သည်။ ထိုကဲ့သို့ ငွေနှစ်ဆယ့်ငါးကျပ် ကူညီမိသောအကျိုးအားကြောင့် ကျွန်တော်သည် ယခု ပြဿနာကို ဆုံးခန်းတိုင်ဖြေရှင်းပေးရပေတော့မည်။

(၄)

ဝင်းကျော်ဆီက လူကြုံဖြင့် စာတစ်စောင်ရောက်လာသည်။ သူတို့ ငွေပြတ်နေသောကြောင့် တတ်နိုင်သလောက် ရှာပေးရန် အကြောင်းကြားသောစာ။

သူတို့ရောက်နေသော ပျဉ်ပုံကြီးသို့ ကျွန်တော် လိုက်သွားသည်။ ရန်ကုန်ကို ပြန်လာပြီး မမြကြည်ကို ပြန်အပ်ဖို့ အစီအစဉ်ကိုပြောပြရသည်။ အစကတော့ ဝင်းကျော်က ဂျစ်ကန်ကန်လုပ်နေသေးသည်။ နောက်ဆုံး. . မမြကြည်ကပါ အတင်းတိုက်တွန်းတော့မှ သူ သဘောတူသည်။

သူတို့ကို ရန်ကုန်ပြန်ခေါ်လာခဲ့သည်။ မမြကြည်ကို ပြန်အပ်သည်။ ဝင်းကျော်ကိုတော့ မလိုက်စေဘဲ ကျွန်တော့်အိမ်မှာ ထားခဲ့သည်။

သူ့ကို ဦးသောင်းကြည်နှင့် တိုက်ရိုက်မတွေ့စေချင်သေး။

နောက်တစ်နေ့ကျမှ ကျွန်တော် မမြကြည်ကို သွားတောင်းရမ်းရသည်။

ကျွန်တော့်အနေဖြင့် ကျောင်းဆရာတစ်ယောက်ဖြစ်သောကြောင့် ဂုဏ်သိက္ခာနှင့် ပြည့်စုံသော်လည်း လူငယ်တစ်ယောက်ဖြစ်နေသောကြောင့် တောင်းရမ်းဖို့ကိစ္စကို ဦးဆောင်ဦးရွက် မလုပ်သင့်ဟု ယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရပ်ကွက်ထဲက လူကြီးအချို့ကို ဝင်းကျော်၏ အုပ်ထိန်းသူအဖြစ် လိုက်ခဲ့ပါခေါ်သော်လည်း မည်သူမျှ မလိုက်လိုကြ။ နောက်ဆုံး ရပ်ကွက်အတွင်းရေးမှူး ဦးတင်ငွေကို မရမက ခေါ်ရသည်။

"ကျုပ်. . မျက်နှာပြရုံပဲ လိုက်မယ်ဗျာ၊ စကားပြောတာတော့ ဆရာ့ဖာသာပြောပါ"ဆိုပြီး လိုက်လာသည်။

ပြောသာပြောရသည်။

ကျွန်တော်ကိုယ်တိုင်ပင် စိတ်က ခပ်လေးလေးရယ်။

■

(၅)

"ကျွန်တော်တို့အနေနဲ့. . ခုပြောသလိုပဲ၊ ဟိုဒင်းပေါ့လေ၊ တောင်းရမ်းဖို့ကိစ္စ၊ ဒါကို . . ."

ကိုယ့်ကတိနှင့် ကိုယ်မို့သာပြောရသည်၊ ကျွန်တော့်မှာ နားဖောက်သည့်စကားမျိုးကို တစ်ခါမျှ မပြောဖူး မကြားဖူးသောကြောင့် အဲတတ်နိုင်ဆုံး စကားလှအောင် ကြိုးစား၍ပြောနေရသည်။ မည်သို့ပင်ဖြစ်ပါစေ လောလောဆယ်မှာတော့ အားလုံးအဆင်ပြေ၍နေလေသည်။

ဝင်းကျော်သည်ပင် ကျွန်တော့်တိုက်ပုံအင်္ကျီတစ်ထည်ကို ဝတ်ခိုင်းထားသောကြောင့် သပ်သပ်ရပ်ရပ်ရှိနေ၏။ ကျွန်တော့်နောက်နားမှ မျက်လွှာကိုချ၍ ထိုင်နေသည်။

ဦးသောင်းကြည်ကလည်း ကျေနပ်သည်။

သို့ရာတွင်. . .

"သဘောတူတာကတော့ ဟုတ်ပါပြီ၊ မင်္ဂလာဧည့်ခံပွဲလုပ်ဖို့ကိစ္စကတော့ တင့်တင့်တယ်တယ် ဖြစ်စေချင်တာပေါ့"

ဒေါ်မြ တစ်စခန်း ထလေပြီ။ ဝင်းကျော်၏ခေါင်းသည် ဆတ်ခနဲထောင်လာသည်။ မမြကြည် မျက်လုံးကလေး ဝိုင်းသွား၏။ ဦးတင်ငွေက ကျွန်တော့်ကို လက်ကုတ်သည်။

"အဲဒီတော့ ခန်းဝင်ပစ္စည်းနဲ့ ဧည့်ခံပွဲစရိတ်ကို မင်းတို့ဘက်က. . . တာဝန်ယူရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာမှ ငွေမရှိဘဲ"

ဝင်းကျော်က ဝင်ပြောသည်။

ကျွန်တော်သည် ဘာဝင်ပြောရမှန်းမသိ ဖြစ်နေ၏။

"ဒါတော့ သူများသားသမီးကိုလိုချင်ရင် တင့်တောင့်တင့်တယ်ဖြစ်အောင် လုပ်ပေးရမှာပဲ၊ ဟင်းရွက်ကန်စွန်း မဟုတ်ဘူး"

ကျွန်တော်က ဦးသောင်းကြည်ကို အကူအညီတောင်းသောသဘောဖြင့် လှမ်းကြည့်သည်။ သူ မျက်နှာပျက်နေ၏။ ဒေါ်မြ၏ သဘောထားကို သူ လွန်ဆန်ရဲပုံမရချေ။ နှစ်ဦးနှစ်ဖက်သဘောကို မစေ့စပ်နိုင် ဖြစ်လာသည်။ အခြေအနေ တင်းမာလာသည်။

ဘယ်ဘက်ကမျှ အလျှော့မပေး။

"မဟုတ်ဘူး၊ ဒီမှာနေကြဦးလေ"

ကျွန်တော့်စကား မဆုံးမီမှာပင် ဝင်းကျော် မတ်တတ်ထရပ်လိုက်သည်။

"ဒီမှာ ကျွန်တော့်အနေနဲ့ကတော့ လူကြီးလေးငါးယောက်လောက်ကို ဖိတ်ပြီး လက်ဖက်ရည်တိုက်တာလောက်ပဲ လုပ်နိုင်မယ်၊ မင်္ဂလာဧည့်ခံပွဲ လုပ်ချင်ရင် ခင်ဗျားတို့ပိုက်ဆံနဲ့လုပ်၊ ဒါမှ မလုပ်နိုင်ရင် ခင်ဗျားတို့သမီးကို ကျုပ် မယူတော့ဘူး၊ ဒါပဲ"

ဝင်းကျော် အိမ်ပေါ်က ဆင်းသွားသည်။

မမြကြည်က ငိုလျက်ကျန်ရစ်သည်။

■



(၆)

သုံးလေးလ ကြာပြီးနောက် ဦးသောင်းကြည်က ဝင်းကျော်နှင့်မမြကြည်တို့ကို ပြန်ခေါ်သည်။ နှစ်ယောက်စလုံးကို သူ့အိမ်ပေါ်ခေါ်တင်ထားသည်။

"ငါ့တို့သမီးလေး ဆင်းရဲဒုက္ခဖြစ်နေရတာ မကြည့်ရက်လို့"

ဟူသော အကြောင်းပြချက်ဖြင့်။

ဝင်းကျော်ကား သိပ်ထူးခြား၍ မလာခဲ့။ ဦးသောင်းကြည် သွင်းပေးသော ဘတ်စ်ကားစပယ်ယာအလုပ်ကို မှန်မှန်မလုပ်ချင်။ အိမ်ကပ်သည်လည်း သိပ်မရှိလှ။ အရက်ကလည်း မပြတ်သေး။ လက်ဖက်ရည်ဆိုင် ထိုင်သည့်အကျင့်လည်း မပျောက်သေး။

နောက်ပိုင်းတွင် ဝင်းကျော်နှင့် ဒေါ်မြ ရန်တကျက်ကျက်ဖြစ်သည်ဆိုသောသတင်း၊ ဝင်းကျော်က မမြကြည်ကိုရိုက်သဖြင့် ဦးသောင်းကြည်နှင့် စကားများသည်ဆိုသော သတင်းတို့ကို ကြားနေရသည်။

တစ်နေ့ကတော့ ဝင်းကျော် အရက်မူးလာပြီး ဦးသောင်းကြည်ကို အိမ်ရှေ့မှကော်ဆဲသည်။ ပြီးတော့ ဦးသောင်းကြည်တို့ အိမ်မှာမနေတော့ဘူးဆိုပြီး တာမွေကသူ့သူငယ်ချင်း စပယ်ယာ တစ်ယောက်အိမ်မှာ သွားနေသည်။

ဦးသောင်းကြည်တို့ကလည်း ဝင်းကျော်ကို အိမ်ကနှင်ချလိုက်ပြီဟု ကြေညာသည်။ မမြကြည်ကိုလည်း အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပြုတော့။ ဝင်းကျော်နောက် လိုက်သွားဦးမည်ကို စိုးရိမ်နေကြသောကြောင့်ပင်။ သို့ရာတွင် . . .

■

www.burmeseclassic.com

www.burmeseclassic.com

## (၇)

ဥပုသ်နေ့တစ်နေ့တွင် ဖြစ်သည်။

ဦးသောင်းကြည်တို့ တစ်အိမ်သားလုံး ဘုန်းကြီးကျောင်းမှာ ဥပုသ်သွားစောင့်ကြသည်။ မမြကြည်ကိုပါ ခေါ်သွား၏။

သီလ ယူနေကြတုန်းမှာပင် . . မမြကြည်သည် အစောင့်ချထားသော ညီမလေးအလစ်တွင် အသာထွက်လာခဲ့သည်။

မည်သို့မည်ပုံ အဆက်အသွယ်လုပ်ထားမှန်းမသိ။ ကျောင်းနောက်ဘက်မှ အသင့်စောင့်နေသော ဝင်းကျော်နှင့် တွေ့ကြသည်။ ဝင်းကျော်က မမြကြည်ကို အိမ်တစ်အိမ်မှာဝှက်ထားပြီး ကျွန်တော့်ဆီသို့ ပိုက်ဆံတောင်းရန် လာသည်။

ထိုအချိန်မှာပင် မမြကြည်ပျောက်သွားသောကြောင့် လာရာသော ဦးသောင်းကြည်တို့နှင့် ကျွန်တော့်အိမ်ရှေ့မှာ ဆုံသည်။

ပြဿနာ စပါပြီ။

"ဟေ့ကောင် မြကြည်ကို ဘယ်မှာဝှက်ထားသလဲ"

ဦးသောင်းကြည်က မေးသည်။

ဝင်းကျော်က . . .

"ဘယ်သိမလဲဗျ။ ခင်ဗျားတို့ပဲ အိမ်မှာ လှောင်ပိတ်ထားတာ မဟုတ်လား"ဟု ပြန်ပြောသည်။

ဒေါ်မြက ဆဲသည်။





ဝင်းကျော်က ပြန်ဆဲသည်။

ကျွန်တော် ဝင်ရောက်ဖျန်ဖြေသော်လည်း မရ။

ဒေါ်မြတို့ဘက်မှ ဆွေမျိုးတစ်သိုက်ရောက်လာသည်။

ဒေါ်မြအားတက်လာပြီးလျှင် ပို၍ဆဲလေ၏။

လူအုပ်ပို၍ များလာသည်။ ဒေါ်မြကို ခပ်ချဉ်ချဉ် ရှိသော လူငယ်အချို့က ဝင်းကျော်ဘက်ကပါသည်။ နှစ်ဖက်အင်အားများလာသဖြင့် ကျွန်တော် စိုးရိမ်လာသည်။

ရပ်ကွက်အတွင်းရေးမှူး ဦးတင်ငွေ ရောက်ရှိလာသည်။

အုပ်စုနှစ်ခုမှာ သူတို့အချင်းချင်း မပြောကြတော့ဘဲ ဦးတင်ငွေကို ပုဏ္ဏားတိုင်လုပ်၍ သူ့ထက်ငါဦးအောင် တိုင်ကြားကြသည်။

အခြေအနေသည် စောစောကလောက် မပြင်းထန်တော့သောကြောင့် နည်းနည်းစိတ်အေးသွားရ၏။

သို့ရာတွင် ထိုအချိန်မှာပင် ပြဿနာကို အထွတ်အထိပ်သို့ ရောက်စေရန် အကြောင်းဖြစ်လာပါတော့သည်။ "ဒီလို . . ဒီလိုတော့ ဖြစ်ကုန်ကြပြီ"ဟု တစ်စုံတစ်ယောက်က အကြောင်းကြားလိုက်သောကြောင့်ပင် ဖြစ်မည်။ မမြကြည်သည် ပွဲလယ်ကောင်သို့ ဝင်ရောက်လာလေသည်။

"ကိုကျော် တော်ပါတော့၊ အဖေလဲ တော်ပါတော့၊ အို . . အမေ"

မမြကြည်၏ဖျန်ဖြေမှုသည် အချည်းအနှီးပင်။

ပို၍ဆိုးသောအခြေအနေသို့ပင် ဖန်တီးရာရောက်၏။

ဝင်းကျော်သည် မမြကြည်၏လက်ကို ဆွဲလိုက်၏။

ဦးသောင်းကြည်က အခြားလက်တစ်ဖက်ကို ဆွဲပြန်၏။

"ခင်ဗျား ကျုပ်မိန်းမကို မဆွဲနဲ့"

"ငါ့သမီး ငါဆွဲတာ၊ လာ . . . မြကြည်"

လွန်ဆွဲသလို ဆွဲကြသည်။ မမြကြည်က ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း ဘာဝင်လုပ်ရမှန်း မသိဘဲ ဝိုင်းအုံ၍သာ ကြည့်နေကြသည်။

ကျွန်တော်ရော ဦးတင်ငွေပါ ကြက်သေသေနေကြဆဲ။

ဦးသောင်းကြည်က ရှက်ရှက်နှင့် ဝင်းကျော်၏အင်္ကျီစကို ဆွဲလိုက်သည်။ သို့ရာတွင် ဝင်းကျော်က အလျင်ဦးအောင်ထိုးသည်။ ဦးသောင်းကြည် လဲကျသွားသည်။ အုတ်ခဲကျိုးကိုင်၍ပြန်ထလာသည်။ ဝိုင်းဆွဲထားကြရသည်။

ဒေါ်မြ ကက်ကက်လန်အောင် ဆဲလိုက်သော အသံသည် စူးရှစွာ ထွက်ပေါ်လာ၏။ ဝင်းကျော်က "ခင်ဗျားကြီးကော သေချင်လို့လား"ဆိုပြီး ဒေါ်မြဘက် လှည့်သွားသည်။ ဦးတင်ငွေနှင့် လူငယ်အချို့က ဝင်းကျော်ကို ဖမ်းချုပ်ပြီး ဆွဲခေါ်သွားသည်။

ဦးသောင်းကြည်နှင့် ဒေါ်မြကိုလည်း ဆွဲခေါ်သွားကြသည်။ အော်ဟစ်ရင်း၊ ရုန်းကန်ရင်း၊ ဆဲဆိုရင်းက လူစုကွဲသွားကြသည်။ ခုမှပင် စိတ်အေး. . အဲ. . မဟုတ်သေးပါ။ မိဘတွေနောက်ကို လိုက်သွားရမလို၊ ဝင်းကျော်နောက်သို့ လိုက်သွားရမလိုဖြစ်ရင်း ယောင်ချာချာကျန်ရစ်ခဲ့ရှာသူ မမြကြည်။

ထိန်းသိမ်းဆွဲခေါ်သွားကြသူများသည် ပဓာနဇာတ်ကောင်ဖြစ်သော မမြကြည်ကို မေ့လျော့ခဲ့ကြ၏။ ခုတော့ အိမ်ရှေ့မှာ မမြကြည်နှင့်ကျွန်တော် နှစ်ယောက်တည်း။

"ကျွန်မ ဘာလုပ်ရမလဲ"

ငိုရင်းက မေးသည်။

"ငါ့ညီမ ဘာလုပ်ချင်သလဲဆိုတာသာ ဆုံးဖြတ်တော့"

"ကျွန်မ အဖေတို့ဆီသွားချင်တယ်"

"ကောင်းတယ်"

"ဒါပေမယ့် ကျွန်မတစ်ယောက်တည်းတော့ မသွားရဲဘူး၊ ဆရာ လိုက်ပို့ပေးပါနော်"





မမြကြည်ကို ကျွန်တော် လိုက်ပို့ပေးရသည်။ သူတို့အိမ်နားမရောက်ခင်ကုက္ကိုပင်ကြီးအောက်မှာ သူ့ကို ခဏထားခဲ့ရသည်။

ဦးသောင်းကြည်ကို သူတို့အိမ်ရှေ့မှာပင် တွေ့ရသည်။

အိမ်ဘက်သို့မျက်နှာမူပြီး ကျွန်တော်လာရာဘက်ကို ကျောပေး၍ ဆောင့်ကြောင့်ထိုင်နေသောကြောင့် ကျွန်တော့်ကိုသူမမြင်။ သူ ဘာလုပ်နေသည်ကို သေချာစွာမကြည့်ဘဲ မိုက်မဲစွာမေးမိသော ကိုယ့်ကိုယ်ကိုယ်ပင် အပြစ်တင်ရပါမည်။

"ဦးလေး. . ဘာလုပ်နေတာလဲ"

ဘယ်က စပြောရမှန်းမသိသဖြင့် ဤသို့မေးမိခြင်းဖြစ်သည်။

ဦးသောင်းကြည်က ဆတ်ခနဲလှည့်ကြည့်၏။

ဟင်. . ကျွန်တော်လန့်သွား၏။ ဦးသောင်းကြည်၏ မျက်ခုံးရိုးမှာ မျက်လုံးပိတ်လုမတတ် ရောင်ကိုင်းနေ၏။

ပြီးတော့. . . "ဓားသွေးနေတာကွ၊ ဓားသွေးနေတာ"

ကျွန်တော် ပို၍လန့်သွား၏။ ခုမှ ကြည့်မိသည်။ ဦးသောင်းကြည်သည် ငုက်ကြီးတောင်ဓားကြီးကို ကျကျနနသွေးနေခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်သည် လာရင်းကိစ္စကို မည်သို့စပြောရမှန်း မသိဖြစ်နေသည်။

"ဒါနဲ့ ဆရာက ဘာကိစ္စလဲ"

သူက ရုတ်တရက် မေးလိုက်ရာ. . . ကျွန်တော် လန့်သွားသည်။

ပြီးမှ . . .

"ဟို. . ဟို. . မမြကြည်"

"ဟင်. . သမီး၊ သမီး ဘယ်မှာလဲ"

စောစောတုန်းက ဝင်းကျော်ကို ဒေါသဖြစ်နေသောစိတ်ဖြင့် သွေးပူနေသောကြောင့် အရေးကြီးသော သူ့သမီးကို မေ့နေခဲ့မိဟန်တူသည်။ လွှသဘာဝပင်။ ခုမှ ပြူးပြူးပျာပျာဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . ဘာလဲဟင်၊ မြကြည်ကော"

စီခနဲရောက်ရှိလာသူကား ဒေါ်မြ။

ကျွန်တော် စိတ်ပျက်သွားသည်။

စကားဆက်ပြောရန် ခက်နေ၏။

သည်မိန်းမကြီးနှင့် ပြောဖို့မလွယ်။

သို့ရာတွင် ကျွန်တော် ပြောလိုက်ရသောအဆင့်သို့ မရောက်ရှိခဲ့ပါ။

အမာချိုသည် ကျွန်တော်တို့ရှိရာသို့ အပြေးအလွှား ရောက်ရှိလာသောကြောင့်ပင် ဖြစ်ပါသည်။

တစ်ခုခုတော့ ဖြစ်ပြီ။

အမာချိုသည် ရပ်ကွက်ထဲ၌ ထူးထူးခြားခြားသတင်းများကို ဦးဦးဖျားဖျား ဖြန့်ချိတတ်သူဖြစ်ကြောင်း အားလုံးသိပြီးသား။

"ဆရာ . . ဆရာ . . ဟို . . ဟို . ."

"ဘာလဲ . . ဘာလဲ . . . ဘာလဲ"

ဆိုသော အသံများသည် ကျွန်တော်တို့သုံးယောက်စလုံး၏ နှုတ်မှ တစ်ပြိုင်တည်းထွက်သွား၏။

အမာချိုသည် အမောတကောရှိနေဆဲ။

ပြီးတော့မှ . . .

"ဟို . . မြကြည် . . ဝင်းကျော်နောက်ကို ပြန်လိုက်သွားပြီ"

"ဟင် . . ခု ဘယ်မှာလဲ၊ မြန်မြန်လိုက်မှပဲ"

"မီမှာမဟုတ်ဘူး ဦးလေး၊ သူတို့ သုံးဘီးကားနဲ့သွားပြီ"

"ဟိုက်"ဆိုသော အသံသည် ကျွန်တော့်ထံမှ။

ဆဲသံသည် ဒေါ်မြထံမှ။

"တောက်ခနဲ" အသံသည် ဦးသောင်းကြည်ထံမှ။

ဦးသောင်းကြည်သည် ငှက်ကြီးတောင်ဓားကို ကောက်ကိုင်လိုက်၏။





ကျွန်တော်သည် ငယ်စဉ်က မတောက်တခေါက်သင်ခဲ့ဖူးသော "နဝဒေး"သိုင်းကို ပြန်နွှေးရကောင်းမလား ထွက်ပြေးဖို့ ခြေလှမ်းပြင်ရကောင်းမလား အလျင်အမြန်စဉ်းစားနေရ၏။

သို့ရာတွင် . . .

"ဒုတ်ခနဲ" မြည်သံနှင့်အတူ ငှက်ကြီးတောင်ဓားကြီးသည် ဘုရတ်စံကားပင်မှာ လက်သုံးလုံးခန့် နစ်ဝင်သွားတော့သည်။

အစေးဖြူဖြူတွေ စီးကျလာ၏။ ဆေးအနီသုတ်ထားသော ဓားရိုးသည် သွက်သွက်ခါယမ်းလျက်။

"ဟော့ . . ပြောလိုက်ကြစမ်း ဝင်းကျော်ကို တွေ့ရာသချိုင်း ဓားမဆိုင်းဘူးကွ"

ထိုညတွင် ဦးသောင်းကြည်က "မင်းလဲ ဝင်းကျော်နဲ့ တစ်ကျိတ်တည်းတစ်ညာဏ်တည်းပဲ"ဆိုပြီး ကျွန်တော့်ကို ဓားနှင့်လိုက်ခုတ်သည်ဟု အိပ်မက်မက်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

(၈)

သူတို့နှင့်ပြန်မတွေ့သည်မှာ တစ်နှစ်ခန့်ရှိခဲ့ပါပြီ။

တစ်ပတ်ခန့်အကြာမှာပင် ကျွန်တော် အင်းစိန်ကျောင်းသို့ ပြောင်းရသည်။ ကျောင်းနှင့် နီးနီးနားနားဖြစ်စေရန် အင်းစိန် နံ့သာကုန်းထဲသို့ ပြောင်းခဲ့သောကြောင့်ပင် ဖြစ်၏။

သွားရမည့်ခရီးမှာ အရှေ့နှင့်အနောက် ဖြစ်နေသောကြောင့် တစ်ကြောင်း၊ ဟိုကိစ္စအတွက် မျက်နှာပူသောကြောင့်တစ်ကြောင်း၊ အရင်နေခဲ့သော ရပ်ကွက်ထဲသို့ ပြန်မရောက်တော့။ သို့ရာတွင် သူတို့ကိုမူ သတိတရရှိဆဲ။ အထူးသဖြင့် ဝင်းကျော်ကို ခါးကြိမ်း ကြိမ်းခဲ့သော ဦးသောင်းကြည်။

နေရောင်တွင် ပြောင်လက်နေသော ငှက်ကြီးတောင်ဓား။

ဦးသောင်းကြည်သည် လူရိုးလူအေး။

သို့ရာတွင် စိတ်ဆတ်သည်။



(၉)

ကုက္ကိုပင်ကြီးနားဆီသို့ ရောက်သောအခါ ဆက်သွားသင့်၊ မသွားသင့် စဉ်းစားရသည်။ စိတ်ထဲက ခပ်ရွံ့ရွံ့ဖြစ်နေ၏။

သူတို့ ဘာတွေဆက်ဖြစ်ကြသည်ကို သိလိုသော စိတ်က လည်းရှိနေသည်။ ဒီကို အရင်တန်းမလာဘဲတစ်ယောက်ယောက် ဆီဝင်၍ စုံစမ်းခဲ့ရအကောင်းသားဟု တွေးမိသည်။ ရောက်လာ မှဖြင့် မထူးဘူးဆိုပြီး ဆက်လျှောက်ခဲ့၏။

ဦးသောင်းကြည်တို့အိမ်ရှေ့တွင် လူတွေယောက်ယက်ခတ် နေကြ၏။ ဒယ်အိုးကြီးတွေ၊ ဒန်အိုးကြီးတွေလည်း တွေ့ရ၏။

ထိတ်ခနဲ ဖြစ်သွား၏။ ဆွမ်းကျွေးတာတော့ ဟုတ်တယ်။

ဘာအတွက်လဲဟု ဒွိဟဖြစ်နေစဉ်မှာပင်. . .

"ဟော. . ဆရာပါလား၊ ဘယ်ကများ လှည့်လာတာလဲ"

ဦးသောင်းကြည်က ဆီးကြို၏။

ကျွန်တော်က ပြန်နှုတ်ဆက်သည်။

"အတော်ပဲ ဆရာ၊ ဒီည ဒီမှာအိပ်သွားပါ၊ နက်ဖြန် ဝင်းမြင့် ထွန်းကင်ပွန်းတပ်ရှိတယ်၊ စားပြီးမှပြန်ပေါ့"

"ဝင်းမြင့်ထွန်း. . ဆိုတာ. ."

"ဟိုမှာလေ. . ဆရာ"

ဦးသောင်းကြည်က ပြုံးမြင်သည်။ အိမ်ရှေ့ခန်းမှာ လသား အရွယ်ကလေးငယ်ကို ချီထားသူ မမြကြည်။ သူ့ဆီသို့ ကျွန်တော် လျှောက်သွားသည်။ ဦးသောင်းကြည်ကပါ လိုက်လာပြီးကျွန်တော် နှင့်အတူ ဝင်ထိုင်သည်။ ဒေါ်မြသည် လက်ဖက်သုပ်ပန်းကန်ကို လာချပေးပြီး အတန်ငယ်ပြုံးပြသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကတော့ သိပ်မဆိုးလှဟုထင်သည်။

သို့ရာတွင် ဝင်းကျော် ဘယ်ရောက်နေသနည်း။

ဝင်းကျော်ကောဟု မေးလိုက်ချင်သော်လည်း ဦးသောင်းကြည်ရှိနေသောကြောင့်. . မမေးဖြစ်။ စိတ်ထဲကသာ ကျိတ်၍ ကောက်နုတ်ချက်တွေ အမျိုးမျိုးချနေရသည်။ ဦးသောင်းကြည်တို့ကို ကြည့်ရတာတော့ ရွှင်ရွှင်လန်းလန်းပဲ၊ မမြကြည်ကလည်း စိတ်ချမ်းသာနေပုံရတယ်. . စသည်ဖြင့်။

ထိုစဉ်. . . "အမယ် ကျောင်းဆရာကြီးပါလား၊ မတွေ့တာ တောင်ကြာပြီ"

ကျွန်တော် ဆတ်ခနဲတုန်သွားပြီး လှည့်ကြည့်လိုက်သည်။

အံ့သြသွား၏။ ဝင်းကျော်သည် ရှမ်းဘောင်းဘီအနက်၊ နိုင်လွန်စပို့ရှပ်အဖြူကို ဝတ်ထားသည်။ ကျွန်တော် ဘာမျှမပြောနိုင်ဘဲ သူ့ကို ငေးကြည့်နေစဉ်မှာပင်. . .

"သိုင်းကစားရာက ပြန်လာတာကွ"

ဝင်းကျော်က သူ့လက်ထဲမှ ဓားကြီးကို မြှောက်ပြသည်။ အလို. . . ဒီဓားကြီးကို မြင်ဖူးသလိုလို ရှိပါသည်။

လက်စသတ်တော့ တစ်ချိန်က. . .

"ဝင်းကျော်ကို တွေ့ရာ သချိုင်းဓားမဆိုင်း"ဟု ကြိမ်းရင်း ဦးသောင်းကြည်ကိုယ်တိုင် တမြမြ သွေးနေခဲ့သော. . . ငှက်ကြီးတောင်ဓား အရိုးနီကြီးပင် ဖြစ်ပေတော့သည်။

(ငွေတာရီမဂ္ဂဇင်း၊ ၁၉၈၀ ခု၊ ဧပြီလ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## မနက်တုန်းဆီက

မျိုးမြင့်လွင်နှင့် ထားတို့သည် မနက်ကပင် မင်္ဂလာဆောင်ခဲ့ကြလေသည်။

မင်္ဂလာဆောင်ဆိုသော်လည်း ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်ခဲ့ကြခြင်း မဟုတ်ချေ။

ထားတို့အိမ်ရှေ့မှာ . စားပွဲကလေး လေးငါးဆယ်လုံးခင်း၊ ရပ်ကွက်ထဲက လူကြီးနည်းနည်းပါးပါးနှင့် အရင်းနှီးဆုံး မိတ်ဆွေ သူငယ်ချင်းတွေဖိတ်ပြီး လက်ဖက်ရည်နှင့် မုန့်တို့ဖြင့်ဧည့်ခံသော အကျဉ်းချုံးမင်္ဂလာဆောင်ဖြစ်သည်။

မျိုးမြင့်လွင်၏ အလိုအတိုင်းဆိုလျှင် ထိုမျှလောက်ပင် ပြုလုပ်ချင်သူမဟုတ်။ ရုံးတက် လက်မှတ်ထိုးတာလောက်နှင့်သာ ပြီးချင်သူဖြစ်၏။ သူ့မိဘတွေက "ထားတို့ဘက်ကိုလဲ ထည့်တွက်ဦးလေ"ဟု သတိပေးသည်။ "ထားတို့အဖေကလဲ သိပ်အကျယ် မချဲ့ပါနဲ့လို့ ပြောထားသားပဲ"ဟု ဆင်ခြေပေးပြန်သည်။

နောက်ဆုံး သူ့အဖေနှင့်အမေက "မင်းမလုပ်ချင်နေ၊ ငါတို့လုပ်မယ်"ဟု အတင်းစီစဉ်သောကြောင့် ဤမျှလောက် အိုးပြစ်သွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း မင်္ဂလာဆောင်ဧည့်ခံစရိတ်သည် ဟိုတစ်နေ့ညက သူ့သူငယ်ချင်းတွေနှင့် လူပျိုညလုပ်ရာတွင် သောက်ကြစားကြသောငွေလောက်ပင် မကုန်ခဲ့ခြင်းဖြစ်သည်။

မျိုးမြင့်လွင်သည် အနုပညာသမားဖြစ်သည်။

တက္ကသိုလ်ကျောင်းမှာတုန်းက ပန်းချီသင်တန်းတက်ဖူးသည်။ ဘွဲ့ရပြီးနောက် ပြင်ပစာပေလောက၊ ပန်းချီလောကတွင် ဝင်နိုင်အောင် ကြိုးစားသည်။ နောက်မဂ္ဂဇင်းတစ်ခုနှင့် အဆက်အသွယ်ရသည်။ မဂ္ဂဇင်းမှာ လက်ထောက်အယ်ဒီတာတစ်ပိုင်း၊ ကြော်ငြာတာဝန်ခံတစ်ပိုင်း၊ စာပြင်ဆရာတစ်ပိုင်း ဝင်လုပ်ရင်း လိုအပ်သော ပန်းချီဒီဇိုင်းများလည်း ဝင်ဆွဲခွင့်ရလာသည်။

သူသည် အနုပညာသမားပီပီ သူများတကာနှင့်မတူသော အချက်ကလေး နည်းနည်းပါးပါးတော့ ရှိသည်။ တခြားသူတွေလို မင်္ဂလာဧည့်ခံပွဲကိုအသင့်အတင့်လောက်တောင် မလုပ်ဘဲအကျဉ်းဆုံးပြုလုပ်ခဲ့သည်။ ပြီးတော့ မင်္ဂလာဦးပျားရည်ဆမ်းခရီးကို ပေလီတို့ ဘာတို့ သွားဖို့စိတ်မကူး။ သွားလည်း မသွားနိုင်။ သူ့မှာ ငွေသိပ်မရှိ။

သူ့စိတ်ကူးက တောင်ဥက္ကလာပဘက်တွင် သူ့အဖေပိုင်သော ခြံကလေးတစ်ခြံရှိသည်။ ပေလေးဆယ် ပေခြောက်ဆယ်ခန့်ရှိ ခြံငယ်ကလေး။ သူ့အဖေ အငြိမ်းစားယူပြီးလျှင် အေးအေးချမ်းချမ်းနေဖို့ ရည်ရွယ်ပြီးဝယ်ထားခြင်း ဖြစ်သည်။

လောလောဆယ် အိမ်မဆောက်ရသေး။ တဲကလေးတစ်လုံးသာ ရှိသည်။ အစောင့်တစ်ယောက်နေသည်။

ကျောက်မြောင်းရှိ သူတို့ ခုနေနေသော အိမ်မှာက အဖေရယ်၊ အမေရယ်၊ ညီနှစ်ယောက်ရယ်၊ ညီမတစ်ယောက်ရယ်။





သူတို့ ညားခါစလင်မယားနှစ်ယောက်အဖို့ အိမ်မှာသိပ်မလွတ်လပ်ဟု ဆိုနိုင်သည်။ ထို့ကြောင့် မင်္ဂလာဦးရက်များကို တောင်ဥက္ကလာက ခြံကလေးထဲမှာ ကုန်လွန်စေဖို့ မျိုးမြင့်လွင် စီစဉ်သည်။

သူ စီစဉ်ထားပုံက ခြံထဲက တဲကလေးကို မူလအတိုင်းထားသည်။ ဘာမျှ ပြင်ဆင်မွမ်းမံမှုမလုပ်။ အိပ်ရာခမ်းနားတွေကိုလည်း ကျောက်မြောင်းက အိမ်မှာထားခဲ့သည်။ တဲကလေးအတွင်းမှာ တကယ့်နဂိုအတိုင်းထားသည်။ ဒါမှ သဘာဝကျမည်မဟုတ်လား။

မျိုးမြင့်လွင်၏အစီအစဉ်ကို ထားကလည်း လက်ခံခဲ့သည်။ ထားအနေဖြင့် သူကိုယ်တိုင် အနုပညာသမား မဟုတ်သော်လည်း အနုပညာသမားတွေကို လေးစားသည်။ အနုပညာကို မြတ်နိုးသည်။ သူ မျိုးမြင့်လွင်ကို ချစ်ခဲ့ရသည့်အကြောင်းကပင်အနုပညာသမားဖြစ်သောကြောင့်ဖြစ်၏။ ထားအနေဖြင့် မျိုးမြင့်လွင် စီစဉ်သောကိစ္စတစ်ခုသည် တစ်နည်းနည်းနှင့်တော့ အနုပညာမြောက်လိမ့်မည်ဟု ယုံကြည်သည်။

ခြံကလေးဆီသို့ သူတို့ရောက်သွားသော အချိန်မှာ ညနေစောင်းဖြစ်သည်။ သူတို့ကို လိုက်ပို့သော သူငယ်ချင်းတွေက ကားရပ်ရပ်ချင်း ခုန်ဆင်းပြီး ခြံပေါက်ဝကို ပိတ်ဆို့ထားကြသည်။ ခဲဖိုးတောင်းကြခြင်း ဖြစ်လေသည်။ ငွေငါးဆယ် ပေးလိုက်ရသည်။

ဆူညံစွာအော်ဟစ်နောက်ပြောင်ပြီး ကားထွက်သွားရာသို့ မျက်စိတစ်ဆုံးကြည့်နေပြီးမှ သူတို့နှစ်ယောက် လက်ချင်းဆုပ်ကိုင်၍ တဲကလေးဆီသို့ လာခဲ့ကြ၏။

တဲကလေးမှာ ဝါးထရံကာ၊ ဓနိမိုး သုံးပင်နှစ်ခန်းသာရှိသည်။ အဖီကလေးထုတ်၍ မီးဖိုချောင်လုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်က ကဲလားဟုခေါ်သော အပေါ်ကိုတွန်းတင်ပြီး တုတ်နှင့် ထောက်ထားရသည့် ပြတင်းပေါက်မျိုး။

ဝဲကလေးထဲသို့ ဝင်ကြသည်။ မျိုးမြင့်လွင် အိမ်ရှေ့ခန်း ဝါးကြမ်းခင်းပေါ်သို့ အဝတ်အစားသေတ္တာနှင့် စားစရာတွေထည့်ယူလာသော ခြင်းတောင်းကို တင်လိုက်သည်။

ထားက သူ့နောက်မှာ ရပ်နေသည်။

"ထိုင်လေ. . ထား"

ထားသည် ကြမ်းပေါ်မှာ ကျုံ့ကျုံ့ကလေးဝင်ထိုင်သည်။

"လွတ်လွတ်လပ်လပ်နေပါ ထားရယ်၊ ကိုတို့အိမ်ပဲဥစ္စာ"

ထားက ပြုံးပြီး ခေါင်းညိတ်ပြသည်။

အိမ်ရှေ့ခန်းနှင့်အိပ်ခန်းကို ဝါးထရံဖြင့်ခြားထားသည်။

အခန်းဆိုလို့လည်း ဒီနှစ်ခန်းသာရှိ၏။

မျိုးမြင့်လွင်က အိပ်ခန်းဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး "ထား. . ဝင်ကြည့်ပါဦးလား"

"ဟင့်အင်း နောက်မှကြည့်တော့မယ်၊ နေရောင်ရှိတုန်း ခြံထဲလျှောက်ကြည့်ရအောင်နော်"

မျိုးမြင့်လွင်က ရယ်လိုက်သည်။

"ကောင်းသားပဲ၊ လာ. . ထ"ဟုပြောပြီး ထားလက်ကို ဆွဲ၍ ထူလိုက်၏။

"ကိုတို့ဖေဖေက ကိုလိုပဲ တော်တော်စိတ်ကူးကောင်းတာပဲနော်၊ ပင်စင်ယူပြီးရင် ဒီမှာလာနေမယ်ဆိုတော့ ကျန်းမာရေးအတွက် တကယ်သင့်တော်တဲ့နေရာပဲ"

"ဟုတ်တယ် ထားရဲ့၊ ကျောက်မြောင်းမှာက ရပ်ကွက်ကတော့ လူတွေသန့်ပါတယ်၊ ဒါပေမယ့် မြေနေရာကျဉ်းတော့ နေရတာ သိပ်မလွတ်လပ်ဘူး"

"ဒီမှာ. . အိမ်တော့ အသစ်ဆောက်ရမှာပဲ"





"ဆောက်ရမှာပေါ့၊ ဖေဖေက ပင်စင်ယူပြီးရင် ရုံးကရမယ့်ငွေရယ်၊ သူစုထားတဲ့ငွေရယ်ပေါင်းပြီး ဒီခြံထဲမှာ အိမ်သေးသေးလေးတစ်လုံးဆောက်ပြီး အဘွားကြီးနဲ့နှစ်ယောက်တည်း လာနေမယ်တဲ့၊ ကိုတို့လို ဟန်းနီးမွန်းပေါ့"

ထားက ရယ်သည်။

မျိုးမြင့်လွင်က ထားပခုံးကို ဖက်လိုက်သည်။ ထားက လူတွေမြင်ပါမယ်ဆိုပြီး လက်ကို ဖယ်ချလိုက်၏။ စကားပြောရင်း၊ လမ်းလျှောက်ရင်း မျိုးမြင့်လွင်က ခြံဝင်းအတွင်း လိုက်ပြနေသည်။

ချစ်သူတွေဘဝက ဒီခြံထဲ တစ်ခါလာခဲ့ကြဖူးသည်။

ထိုစဉ်က နိုးကြောင်ခိုးဝှက်မို့ ခုလိုခြံထဲ ဆင်းမလျှောက်ဖြစ်ခဲ့ကြချေ။

"ဟိုဟာ ဘူးပင်မဟုတ်လား"

ထားက မေးသည်။

"ဟုတ်တယ်လေ"

"မသီးသေးဘူးလားဟင်"

"ဒီအချိန် ဘယ်သီးဦးမလဲ ထားရဲ့၊ ခုမှ အညွန့်တက်ခါစရှိသေးတယ် ဆောင်းဝင်မှ သီးလိမ့်မယ်ထင်တယ်"

ခြံထဲက ရေတွင်းကလေးနား ရောက်လာသည်။ ဝါးဘိုးဝါးမောင်းတက်ဖြင့် ခပ်ရသောရေတွင်း။ မျိုးမြင့်လွင်က ရေတစ်ပုံးခပ်ယူလိုက်သည်။ 'ထားက ပုံးထဲရှိ ရေထဲသို့ လက်နှိုက်ကြည့်ပြီး. .

"အေးစိမ့်နေတာပဲနော်၊ ကြည်လဲ ကြည်တယ်၊ ဒါကြောင့်တွင်းရေက ကောင်းတယ်လို့ပြောဟာ"

မြို့လယ်ကောင်ရှိ တိုက်ခန်းမှာ နေသော ထားအဖို့ မောင်းတက်ရေတွင်းကလေးသည် အထူးအဆန်းဖြစ်နေသည်။

ထားက လက်မှာစိုနေသော ရေများဖြင့်. . မျိုးမြင့်လွင်၏ မျက်နှာကို တောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးမြင့်လွင်က ပုံးကိုလွဲ၍. . .

"ကိုကတော့ ပုံးလိုက်လောင်းမှာနော်"

"အမလေး. . သကြန်က အဝေးကြီးလိုသေးတာ"

သူတို့ ဆက်လျှောက်လာကြသည်။ တဲကလေး၏နောက်ဘက်ဆီသို့။ စံပယ်ရုံတွေနား ရောက်လာသည်။

"ဒီမှာ စံပယ်တွေ သိပ်ဖြစ်တာ၊ တစ်ခါတစ်ခါ ပွင့်ပြီဆို သိပ်ရောင်းရတယ်"

"နှင်းဆီကော မရှိဘူးလားဟင်"

"ရှိတာပေါ့၊ ဟိုမှာ. . ." ဟုပြောပြီး

မျိုးမြင့်လွင်သည် ရုတ်တရက် မျက်မှောင်ကုတ်သွားသည်။

မျိုးမြင့်လွင် ခုလို အမူအရာဖြစ်သွားလျှင် တစ်ခုခု မကျေနပ်စရာ တွေ့လို့ဖြစ်ကြောင်း ထားသိပြီးသား။ မျိုးမြင့်လွင် စိုက်ကြည့်နေရာသို့ ထား ကြည့်လိုက်သောအခါ ငန်းနှစ်ကောင်သည် နှင်းဆီပန်းအိုးထဲက မြေကြီးတွေကို နှုတ်သီးများဖြင့် ထိုးဆွနေသည်ကို တွေ့လိုက်ရသည်။

"ဘယ်က ငန်းတွေလဲ မသိဘူး"

မျိုးမြင့်လွင်က ပြောပြောဆိုဆို ခဲတစ်လုံးကို ကောက်ကိုင်လိုက်သည်။ ထားက. . .

"မပစ်ပါနဲ့ကိုရဲ့၊ မတော်တဆ ထိသွားရင် စကားများနေရဦးမယ်"

"ထိအောင် မပစ်ပါဘူး၊ ခြောက်ရုံပါ"

မျိုးမြင့်လွင်က ခဲလုံးနှင့်ပစ်ပြီး လှန့်လိုက်သည်။ ငန်းတွေက တကွိကွိအော်ရင်း တစ်ဖက်ခြံထဲ ပြေးဝင်သွား၏။

"ဟိုဘက်ခြံက ငန်းတွေပဲ"

တစ်ဖက်ခြံမှာ မွေးမြူရေးလုပ်သောခြံ ဖြစ်ပုံရသည်။

ခြံစည်းရိုးအစပ်က တဲမှာ ကြက်တဲဖြစ်နိုင်သည်။





အလျှင်က အဲဒီခြံမှာ ဘာမှ မရှိသေး။ ခု တစ်လနှစ်လ မျိုးမြင့်လွင် မရောက်ဖြစ်သော ရက်အတွင်းကျမှ ရှိလာခြင်းဖြစ်သည်။ သူ့စိတ်က နည်းနည်းတော့. . ကသိကအောက်ဖြစ်သွားသည်။

"ဟိုဘက်ခြံက ပိုင်ရှင်ကို. . သွားပြောရင်ကောင်းမယ်ထင်တယ်"

"အို. . ကိုကလဲ တော်ကြာစကားများနေပါဦးမယ်၊ ခုလိုပျော်လာဦးအချိန်မှာ ရန်ဖြစ်ရင် မကောင်းပါဘူး"

ထားက တားသောကြောင့် သွားမပြောဖြစ်။ အတန်ကြာသည်အထိတော့ တဲဘက်ကို ခါးထောက်ကြည့်နေမိ၏။

▌

သူတို့နှစ်ယောက်သည် အိပ်ခန်းကလေးထဲမှာ ထိုင်နေကြသည်။ ဖန်မီးအိမ်က မီးရောင်သည် မှိန်မှိန်ကလေး။ တစ်ယောက်မျက်နှာ တစ်ယောက် မြင်သာရုံသာရှိ၏။

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ နှစ်ယောက်စလုံး စိတ်လှုပ်ရှားနေသောကြောင့် စကားမပြောမိကြ။ ထို့ကြောင့် ပို၍တိတ်ဆိတ်နေသည်။ မျိုးမြင့်လွင်သည် ကျောက်မြောင်းမှာလို လှည်းသံ၊ ကလေးငိုသံ၊ ကားသံတွေ မဆူညံသောကြောင့် ကျေနပ်နေမိသည်။ ညနေက ငန်းနှစ်ကောင်ကိုတောင် သတိမရတော့။

အေးချမ်းငြိမ်သက်ခြင်းကို အရသာခံနေခိုက်. . .

တစ်ဖက်ခြံဆီမှ ကွိခနဲ ထိုးအော်လိုက်သောငန်းအော်သံကို ကြားလိုက်ရသောအခါ ရုတ်တရက်လန့်သွားမိသည်။ တစ်ဆက်တည်းလိုလိုပင် ကြက်မတွေ ကတော်ကတော် အော်သံ၊ ဝက်တွေ ညည်းသံတွေ ဆူညံစွာထွက်ပေါ်လာသည်။ သူ စိတ်ပျက်သွားပြန်၏။ ထိုအသံများသည် သဘာဝအသံများဖြစ်သည်မှာ မှန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အနုပညာသမားဖြစ်သောကြောင့် သဘာဝတရားကို နှစ်သက်မြတ်နိုးတာလည်း မှန်၏။ သို့ရာတွင် သူစိတ်ကူးခဲ့တုန်းက ခုလို မဟုတ်။

ညဆိုလျှင် တိတ်ဆိတ်ငြိမ်သက်နေမည်။ တစ်ခါတစ်ခါမှ ပိုးမွှားတို့အော်မြည်သံ ပျပျကလေး ကြားရမည်။

မနက် အရုဏ်တက် ရောင်နီပျို့လာလျှင် ကြက်ဖကြီးက သာယာစွာ တွန်ကျူးမည်။ ငှက်ကလေးတွေကလည်း စိုးစီစိုးစီ။ ထိုအခါ သူတို့ဇနီးမောင်နှံသည် နှင်းဆီပန်းကလေးတွေ၊ စံပယ်ပန်းကလေးတွေနှင့်အတူ အိပ်ရာမှ ထမည်။

သူ စဉ်းစားခဲ့စဉ်က ခုလို ကတော်ကတော်ဆိုသော ကြက်မအော်သံတွေ၊ လူနာညည်းသံကဲ့သို့သော ဝက်အော်သံတွေ၊ ပန်းနာရောဂါသည် ချောင်းဆိုးသံနှင့်တူသော ငန်းအော်သံတွေမပါခဲ့။

ဒါတွေက သဘာဝကျလွန်းအားကြီးနေပြန်တော့လည်း တိတ်ဆိတ်ခြင်းတွင် ကြည်နူးနေသော အရသာပျက်သွား၏။

■

အခန်းကလေးထဲတွင် လှောင်နေသောကြောင့် အိုက်စပ်လာသည်။ ကဲလားပြတင်းပေါက်ကို တွန်းတင်၍တုတ်ဖြင့်ထောက်မည်ပြုလိုက်သည်။ သူက တွန်းအဖွင့်တွင် လေအဝေ့နှင့် ကြုံလို့ပဲလား မသိ၊ တစ်ဖက်ခြံဆီမှ ကြက်ချေးနံ့၊ ဝက်စာနံ့၊ ကြက်စာနံ့တို့ရောနေသော အနံ့ဆိုးကြီးသည် သူ့နှာခေါင်းထဲသို့ စူးခနဲဝင်ရောက်လာသည်။ တံခါးကို ချက်ချင်းပြန်ပိတ်လိုက်ရသည်။

သူ လွှတ်ခနဲပြောမိသည်။

"မဖြစ်ဘူး၊ မနက်ကျရင်တော့ ဟိုဘက်ခြံကို သွားပြောရမယ်"

ထားသည် မျိုးမြင့်လွင်ကို လှမ်းကြည့်လိုက်သည်။





"ကို. . ဒေါသဖြစ်နေသလားဟင်"

ထိုအခါကျမှ မျိုးမြင့်လွင် မျက်နှာထားကိုပြင်လိုက်ပြီး. .

"ဆောရီးပဲ ထားရယ်၊ ရုတ်တရက်မို့ပါ၊ ပြီးတော့ ဒီမှာနေရတာ အဆင်မပြေဖြစ်မှာလဲ စိုးတယ်၊ စိတ်ညစ်သွားသလား ထား၊ ဟင်"

ထားက ခေါင်းခါပြသည်။

သူတို့အိပ်ရာသည် ရိုးရိုးကလေး ပြင်ဆင်ထား၏။ ဝါးကြမ်းခင်းပေါ်မှာပင်၊ ဖျာပါးပါးကလေးပေါ်တွင် အိပ်ရာခင်းနှင့်ခေါင်းအုံးတွေက ခပ်နွမ်းနွမ်းကလေးတွေ။ ခြေရင်းမှာ အညာဂျပ်စောင်ကလေးနှစ်ထည်။ တဲအိမ်ကလေးနှင့် လိုက်ဖက်ညီလှ၏။

ထားသည် တစ်ခါတုန်းကအကြောင်းကို. . သွားသတိရမိသည်။ သူတို့နှစ်ယောက် ချစ်သူဘဝက ဒီတဲကလေးကို တစ်ခါလာဖူးသည်။ မျိုးမြင့်လွင်က သူ ပန်းချီကားတွေ လာလာဆွဲသည့်နေရာဆိုပြီး ခေါ်လာခြင်းဖြစ်သည်။ ဒီရောက်တော့ မျိုးမြင့်လွင်က ထားဆီက အခွင့်အရေးတစ်ခု တောင်းခံသည်။ ထားက ငိုပြီး "မင်္ဂလာဦးညကျမှကွယ်"ဟု တောင်းပန်ထားခဲ့သည်။

"ထား. ."

ထား ဆတ်ခနဲတုန်သွားရှာသည်။

"ဒီနေ့ မင်္ဂလာဦးနေ့နော် ထား"

ထား ခေါင်းငုံ့သွားသည်။ သူ ရှက်နေ၏။

■

မျိုးမြင့်လွင် အိပ်ရာက နိုးသောအခါ သူ့အနားမှာ ထားမရှိတော့။ အိပ်ရာမှထပြီး မီးဖိုချောင်ထဲ ဝင်သွားသောအခါ ရေနွေးအိုးတည်နေသော ထားကို တွေ့ရသည်။

ထားက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကို ခုလို စောစောနိုးမယ်မှန်း မသိလို့၊ သိရင် ထား ဒီထက် စောစောထပါတယ်"

"ဘာဖြစ်လို့လဲ ထားရဲ့"

"အဲဒါမှ စောစော ရေနွေးအိုးဆူရင် ကို. . အိပ်ရာက နိုးတဲ့အခါ ကော်ဖီအဆင်သင့်ဖြစ်နေမှာပေါ့"

"ကြည့်စမ်း. . ထား၊ ဒါကြောင့်. . ထားကို. ."

မျိုးမြင့်လွင်သည် ထား၏နဖူးနားသို့ မျက်နှာကပ်သွားသည်။ ထားက. . .

"ဟင်. . မျက်နှာသွားသစ်ဦး"

မျိုးမြင့်လွင်သည် မျက်နှာသစ်ရန် အောက်သို့ဆင်းလိုက်ပြီး ဟော. . . သူ မျက်မှောင်ကုတ်ပြန်ပြီ။

မျိုးမြင့်လွင် မီးဖိုချောင်ထဲ ပြန်ဝင်လာပြီး ထင်းချောင်းခပ်ကြီးကြီးတစ်ချောင်းကို ဆွဲယူ၍ ပြန်ဆင်းသွားသည်။

ထားလည်း လိုက်ဆင်းရ၏။

သူတို့ခြံဝင်းထဲမှာ နွားကြီးတစ်ကောင် ဝင်နေ၏။

ခုမှ တုလူလူတက်ခါစဖြစ်သော ဘူးပင်က အညွန့်ကလေးတွေကို ကျကျနနဝါးစားနေသည်။

ထား လှမ်းဆွဲဖို့ပင် အချိန်မရလိုက်။ မျိုးမြင့်လွင်က ထင်းချောင်းဖြင့် တအားလှမ်းပေါက်လိုက်သည်။ နွားကြီး၏ပေါင်ကို ဘုတ်ခနဲ သွားမှန်သည်။ နွားကြီးလန့်ပြီးပြေး၏။ နှင်းဆီပန်းအိုးကို ခလုတ်တိုက်သွားသည်။ ပန်းအိုးလဲသွား၏။ စံပယ်ပင်တွေကို ဖြတ်နင်းပြီးပြေးသည်။ ခြံစည်းရိုးကို အတင်းတိုးပြီး တစ်ဖက်ခြံထဲဝင်သွားသည်။ ဆွေးနေသော ခြံတိုင်တစ်တိုင်ကျိုးကျသွားသည်။

"တောက်. . ဒါတော့ တရားလွန်လွန်းပြီကွ၊ သွားပြောမှဖြစ်မယ်"

ထားက မျိုးမြင့်လွင်၏လက်မောင်းကို လှမ်းဆွဲထားသည်။





"နေဦးကိုတော့ အေးအေးဆေးဆေး ပြောတာပေါ့ ကိုရယ်၊ တော်ကြာ ခြံနီးချင်းတွေ ရန်ဖြစ်နေပါဦးမယ်"

မျိုးမြင့်လွင်က ထား၏လက်ကို အသာဆွဲဖယ်သည်။

ထိုအချိန်မှာပင် တစ်ဖက်ခြံစည်းရိုးတွင် ကုလားလေးတစ်ယောက်လာရပ်ပြီး သူ့ကို ပြုံးပြနေသည်ကို တွေ့လိုက်ရ၏။

ကုလားလေးရှိရာသို့ သူ ခြေလှမ်းကျဲဖြင့် လျှောက်သွားသည်။ ထားလည်း နောက်က လိုက်သွားရ၏။

"အတော်ပဲကွ၊ မင်းခြံပိုင်ရှင်ကော"

မျိုးမြင့်လွင့်က မရောက်ခင်ကပင် အော်မေးလိုက်သည်။

ကုလားလေးသည် သူနှင့်မျက်နှာချင်းဆိုင်မှာ မျိုးမြင့်လွင်လာရပ်တော့မှ. . .

"ကျွန်တော်တို့ ခြံပိုင်ရှင် မနက်အစောကြီးကတည်းက အပြင်ထွက်သွားပါတယ်၊ အစ်ကို့အတွက် စာတစ်စောင် ပေးသွားလို့ ကျွန်တော် လာပေးတာပါ" ဟုဆိုပြီး စာတစ်စောင်ကို လှမ်းပေးသည်။

မျိုးမြင့်လွင် မျက်နှာထား တင်းမာနေသောကြောင့်လည်း အနည်းငယ်ကြောက်ရွံ့နေပုံလည်းရသည်။

မျိုးမြင့်လွင်သည် စာကိုယူပြီး ဖွင့်ဖတ်ကြည့်သည်။

ထားကလည်း ဘေးကနေ၍ ဝင်ဖတ်နေ၏။

*ကြင်စဦး မိတ်ဆွေဇနီးမောင်နှံခင်ဗျား. . .*

*ကျွန်တော်က မိတ်ဆွေတို့နှင့် ခြံချင်းကပ်လျက်က မွေးမြူရေးခြံပိုင်ရှင် ဖြစ်ပါတယ်။ မိတ်ဆွေတို့ ဒီမှာ မင်္ဂလာဦးရက်တွေမှာ လာနေမယ်ဆိုတာ မိတ်ဆွေတို့ရဲ့ ခြံစောင့်ဆီက တစ်ဆင့် ကျွန်တော် သိရပါတယ်။ မင်္ဂလာဦးလက်ဆောင်အဖြစ် ကျွန်တော့်ခြံထွက် ကြက်ဥနဲ့ နွားနို့ကို ကျွန်တော့်တပည့် ၎ွှန်ဈေး*



www.burmeseclassic.com

www.burmeseclassic.com



ဗစ်အပ္ပနားကို ပေးခိုင်းလိုက်ပါတယ်။ နောက်နေ့
တွေမှာလည်း မနက်တိုင်းလာပို့ပါလိမ့်မယ်။
ကျွန်တော့်ရဲ့ မင်္ဂလာဦးလက်ဆောင်ကို လက်ခံဖို့
အနူးအညွတ်တောင်းပန်ပါတယ်။
ညနေကျရင် မိတ်ဆွေတို့ ကြွင်စဦးဇနီးမောင်နှံကို
ကျွန်တော် လာပြီးနှုတ်ဆက်ပါဦးမယ်ခင်ဗျား။

ခင်မင်ရင်းနှီးလျက်

ကျော်သောင်း

မျိုးမြင့်လွင်သည် ကော်ဖီ ဖျော်ပြီး ကုလားလေးကို ကြောင်ပြီးကြည့်နေမိ၏။ ကုလားလေး ဂျွန်ဒေးဗစ်အပ္ပနားလည်း ကြက်ဥတွေနှင့် နွားနို့ပုလင်းထည့်ထားသော ခြင်းတောင်းကို လှမ်းပေးသည်။ သူလည်း လှမ်းယူလိုက်မိသည်။

ဂျွန်ဒေးဗစ်အပ္ပနား နှုတ်ဆက်ပြီး ထွက်သွားသည်။

မျိုးမြင့်လွင်က ထားကို လှမ်းကြည့်သည်။

သူ့ကို ပြုံးကြည့်နေသည်ကို တွေ့ရသည်။ ခြင်းတောင်းကို ထားအား လှမ်းပေးလိုက်သည်။ ထားက. . .

"ရေနွေးဆူပြီထင်တယ်၊ ကော်ဖီသွားဖျော်ဦးမယ်". . ဆိုပြီး လှည့်ထွက်သွားသည်။ မျိုးမြင့်လွင်သည် ယောင်ကြောင်ပြီးရပ်နေရာမှ "ကော်ဖီဖျော်ရင် နွားနို့နဲ့ဖျော်ကွာ"ဟု လှမ်းပြောလိုက်မိ၏။

(ရုပ်ရှင်မဂ္ဂဇင်း၊ ၁၉၈၁ ခု၊ စက်တင်ဘာလ)

♥♥♥




www.burmeseclassic.com

www.burmeseclassic.com




[illegible] ဒေဝစကျွ

ယောကျ္ာမနှင့် ချွေးမတို့ ဖြစ်မြဲဓမ္မတာ နိယာမတရားကို ဖောက်ဖျက်ကျူးလွန်ပြီးလျှင် ကျွန်တော့်အမေနှင့် ကျွန်တော့်မိန်းမ တို့ "ညွန့်ပေါင်းအစိုးရ"ဖွဲ့လိုက်ခြင်းကြောင့် ကျွန်တော်ခံလိုက်ရပုံ ကို ပြောပြပါဦးမည်။

ဤနေရာတွင် အမည်နာမများသည် အရေးမပါသဖြင့် ကျွန်တော့်အမေနှင့် ကျွန်တော့်မိန်းမတို့ကို "အမေ" . . . "မိန်းမ" ဟု၍သာ သုံးနှုန်းသွားမည်ဖြစ်ပေသည်။

▮

အမေ မကြာခဏ ပြောဖူးသည်။

"ငါ့သားတွေ မိန်းမယူတဲ့အခါ အမေပြောသမျှ ခေါင်းငုံ့နားခံ မယ့် ချွေးမမျိုးတော့ မလိုချင်ဘူး၊ အမေ့ကို ပြန်ပြီး ဩဇာပေးနိုင် လောက်တဲ့ အရည်အချင်းရှိတဲ့ ချွေးမမျိုးပဲ လိုချင်တယ်၊ ဒါမှ ငါ့ သားတွေ အမေ့ထက်တော်တဲ့ မိန်းမမျိုးရမှာ"

ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ မိန်းမယူကြသောအခါ အမေ့ဩဝါဒကို ကိုက်ညီအောင် တမင်ရွေးချယ်ပြီး ယူခဲ့ကြခြင်း မဟုတ်ချေ။ အမေ့ဩဝါဒကို သတိလည်းမရ။

ကျွန်တော်တို့ဟာသာ ကိုယ်ကြိုက်တာယူခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေကား ပြောတုန်းကသာ ပြောခဲ့ပြီး ချွေးမတွေ တကယ်ရသောအခါ သူ့စည်းကမ်းချက်တွေ မေ့သွားကာ ကြည်ကြည်ဖြူဖြူလက်ခံခဲ့လေ၏။

အမေဖေကတော့ ရှင်းသည်။

"ငါ့သားနဲ့ညားရင် ငါ့ချွေးမ". . ဒါပဲ။

ကျွန်တော်တို့၏မိန်းမများသည် အမေ့ကို ဩဇာပြန်မပေးကြချေ။ ထို့အတူ အမေကလည်း သူတို့တို့ ဩဇာဝင်မပေး။

ဤသို့ဖြင့် အမေ့စည်းကမ်းမှာ အလိုလိုပျက်ပြယ်သွားကာ အမေနှင့်ချွေးမများ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခဲ့ကြလေ၏၊ တစ်ခုတော့ရှိသည်။ အမေ့ချွေးမများ၌ အမေနှင့်တူသော အချက်တွေရှိနေကြခြင်းပင်။

အမေသည် ကျောင်းဆရာမဖြစ်သည်။ ကျွန်တော့်အစ်ကိုသုံးယောက်တို့၏ မိန်းမများသည်လည်း ကျောင်းဆရာမများဖြစ်ကြ၏။ ကျွန်တော့်မိန်းမကတော့ ကျောင်းဆရာမ မဟုတ်ချေ၊ သို့ရာတွင် သူ့အဖေက ကျောင်းဆရာကြီးဖြစ်သည်။

ထို့အပြင် အမေနှင့် ကျွန်တော့်မိန်းမတို့ တူသောအချက်နောက်တစ်ချက်ရှိသေးသည်။ အမေသည် မြန်မာသမားတော်ကြီးတစ်ဦး၏တူမဖြစ်ပြီး ကျွန်တော့်မိန်းမကား ဆရာဝန်မတစ်ယောက်နှင့် သူနာပြုဆရာမတစ်ယောက်တို့၏ညီမ ဖြစ်ခြင်းပင်တည်း။

ဤသည်ပင် ကျွန်တော် ခံလိုက်ရသည်ဆိုသော အကြောင်းဖြစ်ပါသည်။

ကျောင်းဆရာမလည်းဖြစ်၊ သမားတော်ကြီး၏တူမလည်းဖြစ်သော အမေသည် လူနာပြုစုခြင်း၊ ဆေးဖော်ခြင်း၊ ဆေးတိုက်ခြင်းများကို ဝါသနာထုံလေသည်။





မြန်မာဆေးအမျိုးမျိုးကို ကိုယ်တိုင်လည်းဖော်သည်။

ဦးလေး၏ဆေးတိုက်မှလည်း တောင်းသည်။ အခြား ဆေးတိုက်များမှလည်း ဝယ်သည်။ ထိုဆေးများကို ပုလင်းကြီးပုလင်းငယ်များနှင့် ထည့်ထားတတ်သည်။

အမေ့လူနာများကား အမေ့သူငယ်ချင်းများ၊ အိမ်နီးနားချင်းများဖြစ်သည်။ ကျွန်တော့်အိမ်မှာ အဝတ်လာလျှော်သည့် ဆော်လီမားတို့မိသားစုဆိုလျှင် အမေ့ကို သူတို့ မိသားစုဆရာဝန်သဖွယ် အားကိုးလေသည်။

အမေသည် ဆေးပေးရုံမျှ မဟုတ်၊ အိမ်နီးချင်းတစ်ယောက်ယောက် နေမကောင်းလျှင် သူကိုယ်တိုင် သွားကြည့်တတ်သေးသည်။ အမေ့ဆေးစွမ်းကို ယုံကြည်ကြသော အမေ့သူငယ်ချင်းတချို့ကဆိုလျှင် သူတို့တစ်ခုခုဖြစ်လျှင် အမေ့ဆီဖုန်းဆက်ပြီး-

"သူငယ်ချင်းရေ. . ငါကွယ်. . မူးသလိုလို မောသလိုလိုနဲ့ ညညလဲ အိပ်မပျော်ဘူး၊ ရင်တွေလဲ သိပ်တုန်တာပဲ" ဆိုလျှင်-

အမေက "ဟဲ့. . ငါ ဟိုတစ်ခါပေးထားတဲ့ သွေးဆေးကို ကြံရည်နဲ့ဖြစ်ဖြစ်၊ သကြားနဲ့ဖြစ်ဖြစ် ဖျော်သောက်လိုက်" ဟု ညွှန်ကြားတတ်၏။

တချို့ ရပ်ဝေးမှ မမြိတ်ဆွေများဆိုလျှင် စာလှမ်းရေးပြီး မေးမြန်းတတ်သဖြင့် အမေက ဆရာဝန်တင်ရွှေတို့ ဒေါက်တာမောင်မောင်ညိုတို့လို အကြံဉာဏ်ပေး ပြန်ကြားရသည်ပင်ရှိ၏။

ဤသို့လျှင် ရပ်ဝေးထိတိုင်အောင် ကျော်ကြားသူဖြစ်လေရာ အိမ်ကလူများအဖို့တော့ ပြောစရာပင် မလိုတော့ချေ။

ကျွန်တော်သည် အမေနှင့် အမြဲနေခဲ့သူဖြစ်သဖြင့် အမေ့ဆေးတွေ အများဆုံးသောက်ခဲ့ရသူ ဖြစ်နိုင်လောက်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က တော်ရုံတန်ရုံ ဖျားတာလောက်ဆိုလျှင် ဆရာဝန်ဆီ သွားစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ဘကြီး ဆရာမောင်၏ဆေးနီလုံး၊ ဆေးနီမှုန့်သောက်၊ စောင်ခြုံပြီးချွေးထုတ်လိုက်လျှင် ပျောက်သွားတတ်သည်ပင်ဖြစ်သည်။ အသက်ကလေး နည်းနည်းကြီး၊ ပညာကလေး နည်းနည်းတတ်လာသောအခါ ထုံးစံအတိုင်း ကိုယ့်ကိုယ်ကိုယ် အရာထားတတ်လာခြင်း ဖြစ်ချင်ဖြစ်မည်။ အမေက ဖိုးလာသောကြောင့် ခေတ်လွန်ပြီဟု ထင်လာခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ အမေ့ဆေးများအပေါ် ကိုးစားမှုလျော့ပါးလာသည်။ အမေ့ကုသပုံနည်းစနစ်များအပေါ် စောဒကတက်ချင်လာသည်။

ကျွန်တော် ဖျားသလိုလိုဖြစ်လို့ အမေက "ဟဲ့ နေမကောင်းဘူးလား. . ဒါဆို. . " ဟု ပြောရုံရှိသေး၊ "အေပီစီသောက်ထားတယ်"။ တစ်ခါတလေ အမေက ငန်းဆေးပုလင်းလေးကို ကိုင်ပြီး အခန်းထဲဝင်လာလျှင် "ကိုးတုက်ဘာလတ်သောက်မလို့"ဟု အရင်ဦးအောင် ဆီးပြီးပြောတတ်လာ၏။

အသိသာဆုံးမှာ အမေ၏ပြုစုမှုများကို တစ်စတစ်စ ငြင်းပယ်လိုသော အရိပ်အယောင်များပြလာခြင်းပင် ဖြစ်သည်။ အမေက အနွေးထည်တွေဝတ်ပေး၊ စောင်ခြုံပေး၊ပြတင်းတံခါးတွေလျှောက်ပိတ်လုပ်သောအခါ "ဒီလောက် လှောင်ပိတ်နေရင် လေကောင်းလေသန့်တွေ ဘယ်ရတော့မလဲ၊ အပူငွေ့တွေနဲ့လုံးပြီး အဖျားကျတော့မှာ မဟုတ်ဘူး" ဟု ဆင်ခြေပေးတတ်လာသည်။

ငယ်ငယ်ကဖျားလျှင် စောင်ခြုံပြီး အမေ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်ကလေး နေရသည်ကို သိပ်သဘောကျခဲ့သည်။ ထိုအခါမျိုးတွင် အမေက ခေါင်းကို အုန်းဆီထည့်ပေး၊ ချွေးစို့နေသော နဖူးကလေးကို လက်ဖြင့်အသာသပ်ပြီး ဘုရားစာရွတ်သောအခါ ချစ်ခြင်းလို ကိုယ်ပူကျသွားသည်ဟု ထင်ခဲ့သည်။

ကြီးသောအခါ ကျွန်တော့်ကို ကလေးတစ်ယောက်လို ပြုစုတာမျိုးကို လက်မခံချင်တော့ချေ။





ပြီးတော့ ကျွန်တော် နေမကောင်းဖြစ်ပြီဆိုလျှင် နားအေးပါးအေး တစ်ယောက်တည်းနေချင်သည်။

ကျောင်းသားဘဝက ဖျားလျှင်ကျောင်းမတက်ရသဖြင့်ပျော်သည်။ ကြီးလာတော့ အလုပ်မှာ ဖိစီးကပ်နေသဖြင့် တော်ရုံတန်ရုံ အနားမယူဖြစ်။ ဖျားပြီဆိုတော့မှ. . ကိုယ့်စိတ်ကို ကိုယ့် ဖာသာ ဖျောင်းဖျပြီး နားနားနေနေ နေရသည်။ ထိုအခါတွင် အိပ်ရာထဲလှဲပြီး စာဖတ်ချင်ဖတ်၊ ဝတ္ထုဖောက်လမ်းလေးတွေ စဉ်းစား၊ ကဗျာလေးတွေ စိတ်ထဲကစပ်ရင်း. . မှိန်းချင်မှိန်းနေ၊ တစ်ခါတစ်ရံ နေမကောင်းဖြစ်နေရင်းက အလွန်ကောင်းသော ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် ရတတ်သည်ကို ကြုံခဲ့ဖူး၏။

ထို့ကြောင့် ဖျားလျှင် အနားယူရသည်ကို ပျော်သလိုတောင် ဖြစ်မိတတ်သည်။ ထိုအခါမျိုးမှာ အမေရောက်ရှိလာပြီး . . .

"ဟဲ့၊ နေမကောင်းဘူးလား၊ ဘာဆေးသောက်လဲ၊ အင်္ဂလိပ်ဆေးသောက်ချင်လဲသောက်၊ အမေ့စပ်ဆေးလေးလဲ ကောင်းတာ ထမင်းမစားနဲ့၊ ဆန်ပြုတ်သောက်ပါလား၊ လောလောဆယ် ကော်ဖီသောက်ထားရင် ကောင်းမယ်ထင်တယ်"ဟူ၍ လာလှာ ပြောသဖြင့် အတွေးပျက်ရလေသည်။

အဆိုးဆုံးက နဖူးကို မကြာခဏ လာစမ်းခြင်းပင်ဖြစ်၏။ ဖျားနေသူမှာ ကိုယ်ပူရှိန်မြင့်တက်နေသဖြင့် နေကောင်းသူတို့၏ ပုံမှန်အပူချိန်ရှိသောအသားနှင့် ထိလျှင် အေးသည်ဟုထင်ရသည်။ အမေ့လက်များကား မီးဖိုထဲမှာ ရေကိုင်ဘာကိုင်နှင့်ဆိုသော့ ပို၍ပင်အေးနေ၏။

ဤသို့လျှင် လက်အေးကြီးနှင့် နဖူးကို မကြာခဏအစမ်းခံလျှင် ဘယ်လောက်အခံရခက်ကြောင်း ဖျားဖူးသူတိုင်း သိကြပေမည်။ ပြီးတော့ ချက်ရင်းပြုတ်ရင်းကလာရသောကြောင့် အမေ့လက်က ကြက်သွန်နံ့၊ သားငါးနံ့ ကပ်ပါလာတတ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အမေ့သူငယ်ချင်း အဘွားကြီးတွေက လမ်းကြုံရင်း ဝင်ဝင်စမ်းသွားတတ်သေးသည်။

ထို့ကြောင့် တော်ရုံတန်ရုံဖျားလျှင် အမေ့ကို အသိမပေးတော့ပါ။ သို့တိုင်အောင် အမေက သိသိသွားတတ်သည်။ ထိုအခါ လက်အေးကြီးနှင့် တွေ့ရပြန်၏။ ထို့ကြောင့် "ကျွန်တော့်ဖာသာ အေးအေးနေစမ်းပါရစေ အမေရယ်"ဟုပြောလွှတ်ရတော့သည်။ ဒီတော့မှ အမေလည်း အခန်းထဲဝင်မလာတော့ချေ။

သို့ရာတွင် ညကျတော့. . အမေသည် အခန်းထဲသို့ ခြေသံမကြားအောင် တိတ်တိတ်ကလေးဝင်လာတတ်ပြန်သည်။ အတန်ကြာအကဲခတ်ပြီးမှ ကျွန်တော် အိပ်ပျော်နေပြီအထင်ဖြင့် နဖူးကို ဖွဖွကလေးလာစမ်းသည်။ ရင်ဘတ်ကို ချွေး ရွှဲနေ့မနေ စမ်းကြည့်ပြီး စောင်အသာပြန်ခြုံပေးသည်။

ထိုအခါကျပြန်တော့လည်း ကျွန်တော် ဘာမျှမပြောရက်တော့။ အသာငြိမ်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်ရသည်။

၂

မိန်းမကျတော့ အမေ့တုန်းကလို အော်ငေါက်မရတော့ချေ။ "ငါ့ဖာသာ အေးအေးနေစမ်းပါရစေ"ဆိုလျှင်

သူက "ဘာလဲ အကျီမှာ ချွေးတွေရွှဲနေတာ မလဲလို့ ဘယ်ဖြစ်ပါ့မလဲ၊ ချွေးအေးပတ်သွားရင် နမိုးနီးယား ဝင်တတ်တယ်"ဟု ပညာပြန်ပေးတတ်လေ၏။

ကျွန်တော် မိန်းမ ရသောအခါ အမေ၏စမ်းသပ်ခြင်းမှ အတော်အတန် လွတ်လပ်ခွင့်ရသွားပါသည်။ မိန်းမတစ်ယောက်အနေဖြင့် ကိုယ့်ယောကျ်ားကို လွတ်လွတ်လပ်လပ်ပြုစုချင်လိမ့်မည်ဟု အမေ နားလည်သည်။ ထို့ကြောင့် တော်ရုံကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုတော့။





ဒါတောင်မှ. . ကျွန်တော် ဖျားပြီဆိုလျှင် အမေ မနေနိုင်။ ကိုယ်ထိလက်ရောက် ဝင်မပြုစုရတော့သော်လည်း အကြံဉာဏ်ပေးတာမျိုးတော့ မသိမသာ လုပ်သေးသည်။ ကျွန်တော်တို့၏ အခန်းအပြင်မှာ မယောင်မလည်လာရပ်ရင်း. . .

"သမီးရေ ဘာဆေးတိုက်ထားသလဲ"

"ပါရာစီတမော တိုက်ထားတယ် အမေ"

"အေးအေး ကောင်းပါတယ်၊ ရေကျက်အေးယူဦးမလား၊ ခြော်. . အေး. . များများသာတိုက်ကွယ်၊ တော်ရုံတန်ရုံကတော့ ဆီးများများသွားလိုက်ရင် ကောင်းသွားတာပါပဲ" . . ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံကျတော့ "အင်္ဂလိပ်ဆေးလဲ ကောင်းပါတယ်၊ ကွမ်းရွက်ပြုတ်ရည် တိုက်တာကတော့ မမှားနိုင်ဘူး"ဟု သူ့ကိုယ်သူပြောသလို ပြောတတ်၏။

ကျွန်တော့်မိန်းမသည် အစ်မများဖြစ်သော သူနာပြုဆရာမနှင့် ဆရာဝန်တို့နှင့် နေခဲ့ရသဖြင့် နိုင်ငံခြားဆေးများအကြောင်းကို အတန်အသင့် ကျွမ်းကျင်နားလည်နေသည်။ သူ့အစ်မတွေဆီက တောင်းထားတာရော၊ ဝယ်ထားတာရော၊ အိမ်မှာ ဘီပီအိုင်ဆေး အတော်စုံစုံရှိနေ၏။ တော်ရုံ ဖျားတာနာတာလောက်ဆိုလျှင် ဆေးတိုက်သွားစရာမလို။ သူ့ဖာသာ ကုနိုင်သည်။

ထို့ပြင် သူသည်လည်း အမေ့လိုပင် လူမမာပြုစုတာကို ဝါသနာပါလေ၏။ သူက အမေ့ထက်ပင်အခွင့်အရေးတစ်ခုပိုရထားသေးသည်။ အမေသည် ကျွန်တော် ချွေးတွေရွှဲနေသလား၊ စောင်လွတ်နေသလား ကြည့်ရှုလိုလျှင် ကျွန်တော့်အခန်းထဲသို့ တကူးတက လာရသည်။ မိန်းမကျတော့ တစ်အိပ်ရာတည်း အတူတူအိပ်ကြရသောကြောင့် အချိန်မရွေးထစမ်းခွင့်ရလေသည်၊ နဖူးကို။

ထို့ကြောင့် ကျွန်တော်သည် အမေ့လက်မှ လွတ်ခဲ့သော်လည်း သူ့လက်တွင်းသို့ သက်ဆင်းခဲ့ရရှာပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိန်းမသည် ကျွန်တော့်လို ဘုဆတ်ဆတ်မလုပ်တတ်ဘဲ၊ ဘီပီအိုင်ဆေးများ၏အာနိသင်များ၊နောက်ဆုံးပေါ် ကုသနည်းများအကြောင်းကို အမေ့အား စိတ်ရှည်လက်ရှည်နှင့် ရှင်းပြတတ်သည်။အမေကလည်း တိုင်းရင်းဆေးများထက်မြက်ပုံ၊ ပွဲတွေ့ကုထုံးများအကြောင်း ပြန်လည်ပြောပြတတ်သည်။

သို့ဖြင့် သူတို့နှစ်ယောက် ပူးပေါင်းမိကြလေ၏။

အမေက ဘာမီတွမ်၏အစွမ်းသတ္တိကို ယုံကြည်လာသလို၊ သူကလည်း ကွမ်းရွက်ပြုတ်ရည်၏ အာနိသင်ကို လက်ခံလာ၏။

သူသည် "အေးအေးဆေး" ဟုခေါ်သော မြန်မာတိုင်းရင်းဆေးနှစ်မျိုးသုံးမျိုးကိုပင် . . အသင့်ဝယ်ဆောင်ထားလာခဲ့သည်။ အမေနှင့်သူ သဘောတူညီမှုတစ်ခုကိုလည်း ရရှိခဲ့ဟန်တူသည်။

အနောက်တိုင်းနည်းနှင့် တိုင်းရင်းကုထုံးတို့ . . ပူးပေါင်း၍ စမ်းသပ်ကြည့်ရန်ဖြစ်လေသည်။ သူတို့ဘက်ကတော့ အဆင်သင့်ဖြစ်ပြီ။ လူနာသာ လိုတော့သည်။

▌

ထို့ကြောင့် ကျွန်တော်သည် ဖျားပေးရလေတော့၏။

တစ်နေ့တွင် နေပူထဲမှာ တစ်နေ့လုံး လျှောက်သွားနေတုန်း ဖြုန်းဆို မိုးရွာချသဖြင့် မိုးမိပြီး အပူရှပ်သွားသည်။ အဖျားသိပ်မရှိသော်လည်း ခေါင်းဆိုးပြီး ရင်က တော်တော်ကျပ်နေသည်။

ကျွန်တော့်မိန်းမက အဖျားအတွက် ပါရာစီတမော၊ ဆာလ်ဖာနှင့် ဘာမီတွမ်တိုက်ပြီး ခေါင်းဆိုးရင်ကျပ်အတွက် အေးအေးဆေးတိုက်သည်။

သူရုံးသွားသောအခါ တစ်ယောက်တည်း အေးအေးနေပြီး တွေးချင်ရာတွေးရပြီမှတ်နေတုန်း အမေ အခန်းထဲသို့ ဝင်လာပြီး နဖူးကို စမ်းလေတော့၏။





သူတို့နှစ်ယောက် နားလည်မှုယူထားသည့်အတိုင်း မိန်းမက သူမရှိတုန်း ဂျူတီလွှဲပေးသွားခြင်း ဖြစ်ပါသည်။ နေ့လယ်တွင် အမေက ကွမ်းရွက်၊ ဇီရာ၊ ခွေးသေးပန်းရွက်တို့ကို ရော၍ ပြုတ်ပြီး ခဲပြစ်မိုဆိုသည့်ဆေးနှင့် တိုက်သည်။

မိန်းမ ရုံးကပြန်လာပြီး "ညဂျူတီ"ပြန်စင်သည်။ သူ့ဆေးအဘွဲတိုက်ပြန်သည်။ လည်ချောင်းယားလာလျှင် အမေ၏ မဒဲကို သျက်ရ၏။ ညအိပ်ခါနီးတော့ ကော်မက်သာဇင်သောက်ရသည်။

ဘယ်ဆေး၏အစွမ်းကြောင့်လဲ မသိ။ နောက်တစ်နေ့မနက် အိပ်ရာမှ နိုးသောအခါ အဖျားမရှိတော့ချေ။ ခေါင်းသုံးလေးကြိမ် ဆဲ့ပြီး သလိပ်တွေက အခဲလိုက်ထွက်လာကာ ရင်ထဲကချောင်ပြီး သက်သာသွား၏။ အမေနှင့်သူတို့လည်း ဘယ်ဆေးကို ဘယ်လိုဘိုက်လိုက်လို့ ခုလို သက်သာသွားတာဆိုပြီး ဝမ်းသာအားရအပြန်အလှန် ပြောနေကြလေသည်။

သို့ရာတွင် သူတို့တိုက်ခဲ့သည်မှာ ဆေးပူတွေချည်းဖြစ်သဖြင့် အပူတွေကန်ပြီး လည်ချောင်းတွေနာ၊ လျှာတွေကွဲ၊ သွားဖုံးမှာ အဖုတွေ ပေါက်လာလေ၏။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်ရှိလာသဖြင့် . . .

"အမေတို့နှစ်ယောက်ဟာ လိုက်လဲလိုက်ဖက်တယ်၊ လူမမာပြုစုရတာကို တော်တော်ဝါသနာထုံပုံရတယ်၊ ကျွန်တော်များ ဖျားပြီဆိုရင် ငါတို့စိတ်ကြိုက်ပြုစုခွင့်ရပဟဲ့ဆိုပြီးတော့များ ဝမ်းသာနေကြသလား မသိဘူး" ဟု ငေါ့တော့တော့ပြောလိုက်၏။

ကျွန်တော်သည် ခုလိုပင် ခွကျကျပြောတတ်ကြောင်းသိသဖြင့် အမေက ဘာမျှပြန်မပြောဘဲ ရယ်နေသည်။

မိန်းမကတော့ . . .

"အမယ် . . အဲဒီလို အမေနဲ့ ကိုယ်ဖိရင်ဖိ ပြုစုခဲ့လို့ တစ်ရက်တည်းနဲ့ နေကောင်းသွားတာ မဟုတ်လား" ဟု ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . နေတော့ကောင်းသွားပြီ၊ ဒါပေမယ့် ဆေးပူတွေ သောက်ရလွန်းလို့ အပူတွေကန်ပြီး လည်ချောင်းတွေနာ၊ လျှာတွေ ကွဲ၊ သွားဖုံးတွေမှာ အဖုတွေပေါက်ကုန်ပြီ"

"ဟင်. . ဟုတ်လား၊ ဒါဆို ဂရိတ်ဆော့သောက်ပြီး ဝမ်းနုတ် လိုက်ရင်ကောင်းမယ်" ဟု မိန်းမက ပြောသည်။

အမေကလည်း. . .

"အမယ်လေး. . သားရယ်၊ အပူကန်တာလောက်ကတော့ အမေ့ ဒေဝစက္ကူလေးသာသောက်လိုက်၊ သုံးလေးခါလောက် ဝမ်း သွားလိုက်ရင် ကောင်းသွားမှာပဲ"

နှစ်ယောက်တစ်ယောက် ဖြစ်နေသောကြောင့် ဆက်ပြော နေလျှင် ကျွန်တော်ပဲ ရှုံးမည်ကိုသိ၍ ဘာမျှထပ်မပြောတော့ဘဲ အသာလှည့်ထွက်လာခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် သူတို့ပြောသော ဆေးနှစ်မျိုးအနက် တစ်မျိုးမျိုးကိုတော့ ထပ်သောက်ရပေဦးမည်။

သူတို့သမီးယောက္ခမနှစ်ယောက်ကတော့ ဂရိတ်ဆော့နှင့် ဒေဝစက္ကူ၊ မည်သည့်ဆေးက ပို၍သင့်လျော်မည့်အကြောင်းကို ဆွေးနွေးညှိနှိုင်းနေကြဆဲ။


(ပေဖူးလွှာ၊ ၁၉၈၃ ခု၊ ဒီဇင်ဘာ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## မောင်ဟင်နရီချစ်ဖွယ်

ထိုရပ်ကွက်ထဲတွင် ဟင်နရီချစ်ဖွယ်သည် မုန်းဖို့ကောင်းသော လူငယ်တစ်ယောက်ဖြစ်နေလေသည်။ သူသည် ဘယ်ပုံဘယ်နည်း မုန်းဖို့ကောင်းသလဲဟု သိလိုပါလျှင် မိတ်ဆွေတို့ အနီးပတ်ဝန်းကျင်ရှိ ပေါ့ပေါ့ဇနေ၊ ပေါ့ပေါ့စား၊ ဘာမျှအလေးအနက်မရှိ၊ ရည်းစားထည်လဲထား၊ လူမှုရေးနားမလည်၊ မိဘပိုက်ဆံထိုင်ဖြုန်းတတ်သော သူဌေးသား တစ်ယောက်ယောက်ကို စဉ်းစားကြည့်ပါ။

ထိုအခါ ဟင်နရီချစ်ဖွယ်ကို မြင်ယောင်လာပါလိမ့်မည်။

■

သူ့ကို ဟင်နရီဟုခေါ်ကြသည်။ သူ့နာမည် ဟင်နရီချစ်ဖွယ်ဖြစ်သောကြောင့် ဦးချစ်ဖွယ်၏သားဖြစ်ကြောင်း သိသာပါပြီ။

သားမှ ရှားရှားပါးပါး၊ သားသားနားနား တစ်ဦးတည်းသောသား။ ဟင်နရီမှာ အမေလည်းမရှိတော့။ မိတဆိုးလေးမို့ ဦးချစ်ဖွယ်က အလွန်ချစ်ရှာသည်။

အမှန်စင်စစ် ဦးချစ်ဖွယ်သည် သားဆိုးအဖေတစ်ယောက်မဖြစ်ထိုက်ချေ။

www.burmeseclassic.com



သူသည် စိတ်သဘောထားအလွန်ပြည့်ဝကောင်းမွန်သည်။ လူကြီးလူကောင်းပီသသည်၊ သူတစ်ပါးကို ကူညီတတ်သည်။

ဤကဲ့သို့သော ဖခင်မှ ထိုကဲ့သို့သောသားမျိုး မွေးဖွားလာခြင်းအတွက် အံ့ဩမည်ဆိုလျှင် ရပါသည်။ သို့ရာတွင် လူဆိုသည်ကား စက်ရုံမှ ထုတ်လုပ်လိုက်သော မော်တော်ကားများကဲ့သို့ တစ်ပုံစံတည်း ထွက်ချင်မှ ထွက်ပါလိမ့်မည်။ စနစ်တကျ ထုတ်လုပ်လိုက်သော စက်ကိရိယာများပင် အပြစ်အနာအဆာပါတတ်သေးသည် မဟုတ်လား။ မိမိကလေးသည် ယောကျ်ားလေးလား၊ မိန်းကလေးလားဆိုသည်ကို. . ဗိုက်ထဲထည့်လွယ်ထားရသော မိခင်ကိုယ်တိုင်ပင် ကြိုတင်သိခွင့် မရနိုင်သည်ဖြစ်ရာ ထိုကလေး၏စိတ်ထားဘယ်လိုဖြစ်လာမည်ကို ကြိုတင်သိရန်ကားပို၍ဝေးသေးသည်။ အဖေဖြစ်သူကိုတော့ ထည့်တွက်စရာမလိုချေ။

ဦးချစ်ဖွယ်သည် သူ့သားလေးကိုအလွန်လိမ္မာစေချင်သည်။ သို့ရာတွင် နှိပ်ကွပ်ဆုံးမဖို့တော့ စိတ်မကူးခဲ့။ သူ့သားဖြစ်သောကြောင့် သူ့လိုပင်လာလိမ့်မည်ဟု ထင်နေခဲ့သည်။

ထို့ကြောင့် အလိုလိုက်မိသည်။ ဟင်နရီသည် ဘယ်ကဘယ်လို ဗီဇမျိုးပါလာသည်မသိ။ သူသွမ်းကလေးတစ်ယောက်ဖြစ်လာသည်။ ဦးချစ်ဖွယ်သည် အချိန်နှောင်းမှသိရသောအခါကာမျှမတတ်သာတော့ဘဲ အလိုလိုက်မြဲလိုက်နေခဲ့ရတော့သည်။ အခါအားလျော်စွာ ဆုံးမဖို့ကြိုးစားကြည့်သော်လည်း ဟင်နရီက "ဖေဖေရာ. . ဖေဖေရာ"ဟု ချွဲလိုက်လျှင် သူပျော့သွားပြီး မုန့်ဖိုးလေးဘာလေးတောင် ပေးလိုက်ရတတ်သည်။

ထို့ကြောင့် ဦးချစ်ဖွယ်သည် သားကိုတစ်ခါဆုံးမလျှင် အိတ်ထဲကပိုက်ဆံ တစ်ခါထွက်၍နေလေသည်။ တစ်ခုတော့ရှိသည်။ ဟင်နရီက ဉာဏ်ကောင်းသည်။ ဆယ်တန်းကို တစ်နှစ်တည်းနှင့်အောင်သည်။ ခု တက္ကသိုလ်ရောက်နေပြီ။





ထိုတစ်ချက်တည်းနှင့်ပင် ကျန်တာတွေကို ထေရမလိုဖြစ်နေသည်။

"အင်းလေ. . . ဘိန်းဖြူစားကလေး ဖြစ်မသွားတာဘဲ ကံကောင်းလှပါပြီ"ဟု ဦးချစ်ဖွယ် စိတ်ဖြေရလေသည်။

▮

ထိုရပ်ကွက်ထဲသို့ ပြောင်းလာခါစက ဟင်နရီသည် ဆယ်တန်းအောင်ခါစ ဖြစ်သည်။ တက္ကသိုလ်မတက်ရမီအချိန်။ တချို့ကျောင်းသားတွေလို လုပ်အားပေးတွေ ဘာတွေလဲ မလိုက်ခဲ့သောကြောင့် လွတ်လပ်နေသည်။

အရင်ရပ်ကွက်က သူငယ်ချင်းတွေဆီ သွားလည်လိုက်၊ ရပ်ထဲထွက်လည်လိုက်လုပ်ရင်းအချိန်ကုန်သည်။ ကြာတော့လည်း လည်ရပတ်ရ ပျော်ပါးရသည်ကို ပျင်းလာပြန်၏။ ပြီးတော့ သူ့အရွယ်ကလည်း နည်းနည်းကြီးလာပြီဆိုတော့. . .။

ဟင်နရီသည် ရပ်ကွက်ထဲမှာ လှည့်ပြီး ကျက်စားပြန်သည်။ သူဌေးသားကလေးဖြစ်၍ ငွေကို ခပ်ဖွာဖွာ သုံးနိုင်သောကြောင့် အပေါင်းအသင်း သုံးလေးဦးကို အလွယ်တကူရရှိသည်။ ဤသို့ လွယ်လွယ်ရရှိသောကြောင့် လွယ်လွယ်ပင်ခွဲခွာခဲ့ကြပြန်သည်။

ထိုသူများနှင့် ပေါင်းသင်းရင်း သူတို့ထဲမှ တစ်ယောက်၏နှမနှင့် ဟင်နရီတို့ ငြိမိကြသည်။ သူငယ်ချင်းကလည်း ကြည်ဖြူပြီး အားမို့ မသိဟန်ဆောင်နေသည်။ ဟင်နရီကလည်း ခပ်ပေါ့ပေါ့အားဖြစ်သောကြောင့် ထိုမိန်းကလေးအပေါ်၌ အလေးအနက်ထားခြင်းမရှိခဲ့။ မကြာမီမှာပင် နောက်သူငယ်ချင်းတစ်ယောက်၏ ညီမဖြစ်သူကို သွားစသည်။ ထိုအခါ ပြဿနာတွေဖြစ်ကြသည်။ ဟင်နရီကို ရိုက်မည်၊ နှက်မည်အထိ ဖြစ်လာသည်။ ဤသို့ဖြင့် အပေါင်းအသင်းများနှင့် ဟင်နရီ လမ်းခွဲခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စနှင့်ပတ်သက်၍ ရပ်ကွက်ကလည်း ဟင်နရီကို ရှုံ့သွားကြသည်။ မိန်းကလေးတွေကလည်း ရှောင်ကြသည်။

ဦးချစ်ဖွယ်၏မျက်နှာကြောင့်သာ ဟင်နရီအဖို့ ထိုပြဿနာသည် အန္တရာယ်ကင်းစွာ ပြီးစီးသွားရခြင်းဖြစ်၏။

ဟင်နရီကတော့သိပ်မမှု။အဘယ့်ကြောင့်ဆိုသော် သူသည် ထိုအချိန်တွင် တက္ကသိုလ်မှာ စတင်တက်ရောက်နေရပြီ ဖြစ်သည့်ပြင် အိမ်ကကားကိုလည်း ကိုယ်တိုင်ယူမောင်းခွင့်ရလာပြီဖြစ်သောကြောင့်ပင်။

ရပ်ကွက်ထဲက ကောင်လေးတွေ၊ ကောင်မလေးတွေမှာ သူ့အဖို့ သိပ်အထင်ကြီးစရာ မဟုတ်တော့ချေ။ တက္ကသိုလ်မှာ သူလိုပင် သူဌေးသားများနှင့် ပေါင်းမိသည်။ ပြီးတော့ သူလိုပင် ရည်းစားထည်လဲထားတတ်သော မိန်းကလေးတွေနှင့် တွေ့ရသည်။

ဟိုကလည်း လေးလေးနက်နက်သဘောမထား။

သူကလည်း ခပ်ပေါ့ပေါ့သမား။

အချင်းချင်း သတင်းလွှ့လွှ့ ပေါင်းဖက်တွေကြလေ၏။

ပညာကို ချို့ချို့တဲ့တဲ့ သင်ကြားကြရရှာသော ကျောင်းသားများ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်တတ်သော ကျောင်းသူများသည် သူတို့အုပ်စုနှင့် ဘာမျှမဆိုင်။

ထိုကဲ့သို့သော မောင်ဟင်နရီချစ်ဖွယ်သည်. . .။

တက္ကသိုလ်မှာ နောက်ဆုံးနှစ်ရောက်သောအချိန်ဖြစ်သည်။ တစ်နေ့တော့ ဦးချစ်ဖွယ်သည် ဟင်နရီကို ထူးဆန်းသောစကားများကို ပြောလေသည်။ ထူးဆန်းသောစကားဆိုသည်မှာ ဟင်နရီ၏ရှေ့ရေးအတွက် အလေးအနက်ဆွေးနွေးနေခြင်းပင် ဖြစ်ပေသည်။





"ဟင်နရီ. . ငါ့သား၊ မင်းလဲ မကြာခင်မှာ ဘွဲ့ရတော့မယ်၊ အဲဒီတော့ သားမှာ ရှေ့ရေးအတွက် ဘာအစီအစဉ် ရှိတယ်ဆိုတာ ဖေဖေ့ကိုပြောစမ်း၊ ဘာများစဉ်းစားထားသလဲ"

"ရှေ့အတွက်တော့ ဘာမှအစီအစဉ် မရှိပါဘူးဖေဖေ၊ ခလာ လောဆယ်မှာတော့ ကျွန်တော် မော်တော်ဆိုင်ကယ်တစ်စီးလိုချင်တယ်"

"ဟော. . ."

"ဟုတ်တယ် ဖေဖေရဲ့၊ ခုခေတ်မှာ ကားစီးရတာ သိပ်အောက်တာပဲ၊ မြို့ထဲမှာဆိုရင် ပိုဆိုးသေးတယ်၊ ကားတွေကများနေပြီး ရှုပ်နေတော့ တစ်နေရာကတစ်နေရာ သွားရတာ သိပ်ကြာတာပဲ၊ ကားကကြီးနေတော့ ကိုးလိုးကန့်လန့်နဲ့၊ ဆိုင်ကယ်ဆိုရင် ဝေါခနဲဖြတ်ချလိုက်၊ ဟိုကြားဝင် ဒီကြားထွက်နဲ့ ရွှတ်ဆိုရောက်သွားရော"

ဦးချစ်ဖွယ် ခေါင်းယမ်းလိုက်သည်။

ဆိုင်ကယ် ဝယ်မပေးဘူးဆိုသော သဘောမဟုတ်ပါ။

သူ့ဆိုလိုရင်းနှင့် ဟင်နရီ့အဖြေ ကွာခြားနေသောကြောင့် ဒိတ်ပျက်သွားခြင်းသာ ဖြစ်၏။

"မဟုတ်သေးဘူး ဟင်နရီ၊ ဖေဖေ ပြောတာက သားဘွဲ့ရပြီးတဲ့အခါ ဒီအတိုင်းနေလို့ မဖြစ်ဘူးလေ"

"မိန်းမ ယူရမှာကို ပြောတာလား ဖေဖေ"

"အေး. . ယူချင်လဲ ယူပေါ့ကွာ၊ အဲ. . ဒီလိုရှိသေးတယ်ကွ၊ ဘွဲ့ရပြီးတဲ့အခါမှာ သား အလုပ်တစ်ခုခု လုပ်ရလိမ့်မယ်ကွယ့်၊ သားအနေနဲ့ အလုပ်မလုပ်ပေမယ့်လဲ ဒီတစ်သက်စားမကုန်တဲ့ ပစ္စည်းဥစ္စာ၊ ငွေကြေးပြည့်စုံနေတာတော့ မှန်တယ်၊ ဒါပေမယ့် လူဆိုတာ အချိန်တန် အရွယ်ရောက်လာရင် ဣန္ဒြေရရ ဂုဏ်သိက္ခာရှိရှိနေဖို့ ဆိုတာ အလုပ်တစ်ခုခုရှိမှ ဖြစ်တာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ထားပါဦးလေ၊ ဘွဲ့ရဖို့ကလဲ လိုပါသေးတယ်၊ ရတဲ့အခါကျတော့လဲ အလုပ်တစ်ခုခုဆိုတာ မခဲယဉ်းပါဘူး၊ ဖေဖေ့မိတ်ဆွေတွေရှိသားပဲ၊ ခု . . အရေးကြီးတာက ဆိုင်ကယ်ပဲဖေဖေ ဟွန်ဒါတစ်စီးတွေ့ထားတယ်၊ ကျွန်တော် ယူမယ်ဆိုရင်သုံးသောင်းနဲ့ပေးမယ်တဲ့၊ အသစ်စက်စက်ဖေဖေရဲ့ ယာယီနံပါတ်ပဲ ရှိသေးတယ်"

ဦးချစ်ဖွယ်သည် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

ထိုအချိန်မှာပင် သူ ရောက်ရှိလာလေသည်။

သူ ဆိုသည်မှာ လှလှမြင့် ဖြစ်သည်။

ဤရပ်ကွက်ထဲမှာပင်နေသော ဦးဝင်းမြင့်၏သမီးဖြစ်၏။

ဦးဝင်းမြင့်သည် ဦးချစ်ဖွယ်၏မိတ်ဆွေ။ အမှန်အားဖြင့် မိတ်ဆွေဆိုသော်လည်း ဦးချစ်ဖွယ်၏ကျေးဇူးနှင့်မကင်းသူသာဖြစ်လေသည်။ ဦးချစ်ဖွယ်၏ငွေကြေးအကူအညီအထောက်အပံ့ကို ယူ၍ အိမ်တွင်းစက်မှုလုပ်ငန်းကလေးတစ်ခု ထူထောင်ရန်ကြိုးစားနေသူဖြစ်သည်။ ခု လှလှမြင့်လာရသည့်အကြောင်းမှာ ဦးချစ်ဖွယ်ကြိုက်တတ်သော သရက်သီးသနပ်လာပို့ခြင်း ဖြစ်သည်။

ဟင်နရီသည် လှလှမြင့်ကို တအံ့တသြငေးစိုက်ကြည့်နေမိလေ၏။

။

လှလှမြင့်သည် မူလတန်းပြကျောင်းဆရာမကလေး ဖြစ်သည်။ လုပ်သားများကောလိပ်မှ ဘွဲ့ရခဲ့ပြီးပြီ။ အသက်က ဟင်နရီထက် တစ်နှစ်လောက်ကြီးမည်ထင်သည်။ ပြီးတော့ လှသည်။ သူ လှပုံမှာ ရိုးရိုးတန်းတန်းလှခြင်း ဖြစ်သည်။

ဟင်နရီသည် အရင်ကတည်းက လှလှမြင့်ကိုမြင်ဖူးပြီးသား ဖြစ်သည်။





သို့ရာတွင် သေသေချာချာ မကြည့်ဖူးခဲ့။

ရပ်ကွက်ထဲက မိန်းကလေးများကို အထင်သေးလက်စနှင့် အမှတ်ကမဲ့နေခဲ့ခြင်းဖြစ်သည်။ ခုတစ်ခါ တွေ့လိုက်ရတော့မှ တော်တော်ချစ်စရာကောင်းနေမှန်း သိသွားသည်။

အမှန်တော့ သူသည် တက္ကသိုလ်ကျောင်းမှာ ခေတ်အမီဆုံး အပျံဆုံးအလန်းဆုံး မိန်းကလေးပေါင်းများစွာနှင့် တွေ့ဆုံခဲ့ တွဲခဲ့ ခဏကြာလျှင် ကွဲခဲ့။ ဤသို့ တွေ့ကြုံဆုံကွဲ မမြဲသော ဓမ္မတာသည် သူ့အဖို့ ပျော်စရာကြီးဖြစ်ခဲ့၏။ ကြာတော့လည်း ရိုးအီလာပြန်သည်။ ထိုအချိန်တွင် တည်တည်ငြိမ်ငြိမ်နှင့် ကန္ဒြေရရ ချစ်ဖွယ်ကောင်းသော လှလှမြင့်ကို တွေ့သောအခါ သူ ခိုက်သွားမိခြင်း ဖြစ်ပေသည်။

။

လှလှမြင့်သည် ကျောင်းသွားဖို့ ထွက်လာသည်။

ကျောင်းသည် အိမ်နှင့် နီးနီးကလေးလည်းမဟုတ်။ ကားဖြင့်သွားရလောက်အောင်လည်း ဝေးလှသည်မဟုတ်။ ထို့ကြောင့် နေ့စဉ် ကျောင်းသွားကျောင်းပြန်တွင် လမ်းလျှောက်လေ့ရှိသည်။

တစ်နေ့ရာတွင် မော်တော်ဆိုင်ကယ်တစ်စီး အရှိန်ဖြင့် ဝီးခနဲ ဖြတ်ကျော်တက်သွားပြီးမှ အရှိန်ဖြင့် ဝေါခနဲပြန်ကွေ့ပြီး သူ့ရှေ့ တည့်တည့်မှာ ကျွီခနဲ ရပ်လိုက်သည်။ မောင်းလာသူမှာ ဂျင်းဂျက်ကက်၊ ဂျင်းဘောင်းဘီ၊ ကင်းဗတ်လိုလို၊ ဘောကန်ဖိနပ်လိုလို ဖိနပ်မျိုးနှင့်။ လက်အိတ်စွပ်ထားသည်။ ပြီးတော့ ခေါင်းစွပ်နှင့်။

ဆိုင်ကယ်ပေါ်မှဆင်းပြီး ခေါင်းစွပ်ချွတ်လိုက်မှ ဟင်နရီမှန်း သိသည်။ လှလှမြင့် ယောင်ပြီးရပ်လိုက်မိ၏။

ဟင်နရီက သူ့ဆီလျှောက်လာပြီး "လှလှပါလား . . အချိန်ရရင် ကိုယ်နဲ့ အအေးတစ်ခုခု လိုက်သောက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



လှလှမြင့် ရုတ်တရက်အံ့ဩသွား၏။ ဟင်နရီ့မျက်နှာထားကို အကဲခတ်ကြည့်လိုက်ပြီး ခပ်အေးအေးပင် ပြောလိုက်သည်။

"ကျွန်မ အချိန်မရပါဘူးရှင်၊ ကျောင်းချိန်နီးပြီ၊ သွားဦးမယ်နော်"

လှလှမြင့် ထွက်သွားသည်။

ဟင်နရီ ကြောင်၍ကျန်ခဲ့၏။

■

ညနေ ကျောင်းဆင်းချိန်တွင် ကျောင်းနှင့်ခပ်လှမ်းလှမ်းမှာ ဟင်နရီ စောင့်နေသည်ကို တွေ့ရသည်။

ဒီတစ်ခါတော့ ဆိုင်ကယ်နှင့်မဟုတ်။ ကားယူလာသည်။ လှလှမြင့်က ဣန္ဒြေရရပြုံး၍ နှုတ်ဆက်ပြီး ဆက်လျှောက်သွားသည်။ ဟင်နရီက လှမ်းခေါ်သည်။

"လှလှ အိမ်ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

"ကျွန်တော် လိုက်ပို့မယ်လေ၊ ကားပါလာတယ်"

"ကျေးဇူးတင်ပါတယ်. . ကိုဟင်နရီ၊ အိမ်က နီးနီးလေးပဲ၊ လျှောက်သွားလို့ရပါတယ်"

"ဒါဆိုလဲ ကျွန်တော် တစ်ခုခု ကျွေးပါရစေ၊ တစ်နေရာရာမှာ သွားစားရင်း စကားလေးဘာလေး ပြောရအောင်"

"ကျွန်မ အိမ်မှာ အလုပ်တွေရှိပါသေးတယ်"

ဟင်နရီသည် ထိုကဲ့သို့ သုံးလေးခါ ကြိုးစားကြည့်သည်။ မရ။ ထိုအခါ ဘယ်ကိုမှ သွားဖို့ မခေါ်တော့ဘဲ လှလှမြင့် ကျောင်းသွားကျောင်းပြန်တွင် လမ်းကစောင့်ပြီး စကားပြောသည်။

လှလှမြင့်က "ကျွန်မကိုခင်ရင်. . နောက်ကို အဲဒါမျိုးတွေ မပြောစေချင်ဘူး"ဟု ပြန်ပြောသည်။





ဟင်နရီသည် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝဖြင့်ဆက်ကြိုးစားသည်။ နေ့စဉ်နေ့တိုင်းလိုပင် လှလှမြင့်ကို စကားလိုက်ပြောသည်။ ကြာတော့ လှလှမြင့် သည်းမခံနိုင်ဖြစ်လာသည်။

"ဒီမှာ ကိုဟင်နရီ၊ ခုလို. . နေ့တိုင်း ကျွန်မနားက ကပ်ပြီး လိုက်လိုက်လာတာလူမြင်လို့ မသင့်တော်ပါဘူး၊ ကျွန်မကိုအနှောင့်အယှက်ပေးရာလဲ ရောက်ပါတယ်၊ နောက်ကို ဆက်ပြီး ခုလိုလုပ်လုပ်နေမယ်ဆိုရင် ကျွန်မရဲ့ ဣန္ဒြေသိက္ခာကို စော်ကားတဲ့သဘောမျိုးယူဆရပါလိမ့်မယ်ရှင်၊ ပြီးတော့ ဦးလေး ဦးချစ်ဖွယ်ကို တိုင်တန်းတိုင်ရလိမ့်မယ်"

■

ဟုတ်ပြီ။ ကြည့်စမ်း. . မေ့နေလိုက်တာ။

သူက ဖေဖေ့ကို လာတိုင်မတဲ့။ သူပြောမှပင် အကောင်းဆုံး အကြံဉာဏ်ကို ရတော့သည်။ သူလာမတိုင်ခင် ကိုယ်ကဦးအောင် ပြောရမည်။ တကယ်တော့ ဟင်နရီသည် လှလှမြင့်ကို သူတွေ့နေကျမိန်းကလေးတွေလို လွယ်လွယ်နှင့်ရမည်ဟု ထင်နေမိခဲ့ခြင်းဖြစ်သည်။ ဟိုဟာတွေကတော့ သူက မစ,လျှင်ပင် သူ့ကို လာစ,ကောင်းစမည့် သူမျိုးတွေ။ တကယ်လည်း တချို့ စ,ခဲ့ဖူးသည်။

လှလှမြင့်ကျတော့ ဒီလိုမဟုတ်။ သူက ဒီလောက် သဲကြီးမဲကြီးလိုက်သည်ကိုပင် နည်းနည်းလေးမှ အတိမ်းအစောင်းမရှိ။ ဤကဲ့သို့ခက်လေ သူက ပို၍လိုချင်လေဖြစ်နေရသည်။ ဘယ်လိုမှ ကြိုးစား၍ မရသောအခါ မချင့်မရဲဖြစ်ရသည်။ သူ့ကိုယ်သူလည်း အံ့ဩနေသည်။ လှလှမြင့်ကျမှ သူ ဘာကြောင့် မရနိုင်ရသနည်း။ ပြီးတော့ လှလှမြင့်အပေါ် တခြားမိန်းကလေးတွေလို မဟုတ်ဘဲ ဘာကြောင့် စွဲစွဲလမ်းလမ်းဖြစ်နေရသနည်း။ ရှင်းပါသည်။

သူ လှလှမြင့်ကို တကယ်ချစ်မိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လှလှမြင့်ကို ချဉ်းကပ်ရာတွင် သူ တတ်ထားသော သုံးနေကျနည်းလမ်းတွေကို သုံးကြည့်သည်။ တစ်ခုခုစားဖို့ ခေါ်သည်။ ရုပ်ရှင်ပြမည်။ တစ်နေရာရာ ခေါ်သွားပြီးစကားပြောမည်။ မကြာမီအချိန်အတွင်း ဖွင့်ပြောမည်။

သို့ရာတွင် သူတတ်သလောက် မှတ်သလောက် နည်းလမ်းတွေသည် အရာမထင်ခဲ့။ လှလှမြင့်သည် ပညာသားမပါဘဲ ခပ်ရိုးရိုးကလေးပင် ရှောင်တိမ်းသွားနိုင်ခဲ့၏။

အားကိုးစရာ တစ်ခုပဲရှိတော့သည်။ ဖေဖေ။

■

ဦးချစ်ဖွယ်သည် သူ့ရှေ့မှာ မကြုံစဖူးအောင် တည်တည်ငြိမ်ငြိမ်ထိုင်နေသော ဟင်နရီကိုကြည့်ပြီး နည်းနည်းအံ့သြနေသည်။ ပြောစရာရှိတယ်ဆိုပြီး ချက်ချင်းမပြောဘဲ အတော်ကြာအောင် ငြိမ်နေသောကြောင့်လည်း ထူးဆန်းနေ၏။

"ပြောစရာရှိတယ်ဆို သား၊ ပြောလေကွာ"

ဦးချစ်ဖွယ်၏စိတ်ထဲတွင် ဟင်နရီသည် တော်တော်တန်ဖိုးကြီးသည့် အရာတစ်ခုခုဝယ်ခိုင်းချင်သောကြောင့် ခုလို အပြောရခက်နေခြင်းဖြစ်မည်ဟု ထင်နေသည်။

"ဒီလိုပါဖေဖေ၊ ခု သားအနေနဲ့ စာမေးပွဲလဲ ဖြေပြီးပြီဆိုတော့ မကြာခင် ဘွဲ့ရတော့မယ်မဟုတ်လား၊ အဲဒါ. ."

"အေး. . ပြောပါဦးကွ၊ ဘာလုပ်ချင်သလဲ၊ ဖေဖေလိုက်ပြောပေးမယ်၊ ဖေဖေ့မိတ်ဆွေတွေ ရှိတယ်"

"အဲဒါ မဟုတ်ဘူး ဖေဖေ၊ ဟို. . သား မိန်းမယူချင်ပြီ"

"ဟေ. ."

"ဟုတ်တယ် ဖေဖေ၊ အဲဒါ ဖေဖေ လိုက်တောင်းပေးဖို့"

"နေပါဦး ဘယ်သူလဲသားရဲ့၊ မိန်းကလေးက. ."





"ဖေဖေ သိပါတယ်၊ လှလှမြင့်ဆိုတာ"

"ဘာကွ. . လှလှမြင့် ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ့မိတ်ဆွေ ဦးဝင်းမြင့်ရဲ့သမီး"

"ဒီမှာသား၊ ဖေဖေဟာ သားကို အမြဲတမ်းအလိုလိုက်ခဲ့တယ်၊ ဘယ်ဟာမဆို သားဆန္ဒအတိုင်းဖြစ်စေခဲ့တယ်၊ သားလိုချင်တာမှန်သမျှ ဖန်တီးပေးခဲ့တယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ ဖေဖေ သားကို မလိုက်လျောနိုင်ဘူး၊ ဖေဖေ သဘောမတူနိုင်ဘူးသား"

"ဗျာ. . . သဘောမတူဘူး ဟုတ်လား ဖေဖေ၊ လှလှမြင့်အကြောင်း ဖေဖေသိပါတယ် ဖေဖေရယ်၊ သူဟာ သိပ်တော်တဲ့ မိန်းကလေးပါ"

"အေး၊ ဟုတ်တယ်၊ ဖေဖေသိတယ်၊ လှလှမြင့်ဟာသိပ်တော်တယ်၊ ဣန္ဒြေရှိတယ်၊ သိက္ခာရှိတယ်၊ အဲဒီလို သိပ်လိမ္မာတဲ့၊ သိပ်ရိုးသားတဲ့မိန်းကလေးတစ်ယောက်ဟာ မင်းလိုကောင်မျိုးနဲ့ ညားရင် သူ တစ်သက်လုံးစိတ်ဆင်းရဲသွားရမှာပဲ၊ ဒီနေရာမှာ ဖေဖေ သားသမီးချင်း ကိုယ်ချင်းစာရလိမ့်မယ်၊ မင်းလို ဘာမှ အလေးအနက်မရှိတဲ့ကောင်မျိုးနဲ့ သူလိုမိန်းကလေးမျိုးနဲ့ မတန်ဘူး၊ ဒါကြောင့် သဘောမတူတာဘဲကွ"

(ပေဖူးလွှာ၊ ၁၉၈၂ ခု၊ မတ်လ)

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

“အမယ် ' တချို့က ပြောကြသေးတယ်ကွ၊
ဒီဆရာက စာပိုတတ်တယ်တဲ့၊ ဒါကြောင့်
သူ့မျက်မှန်ကြီးက မည်းနေတာတဲ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းသားဆရာ

သူတို့တစ်တွေ မဆုံဖြစ်သည်မှာ အတန်ကြာပြီ။

တစ်လလောက် ရှိမည်ထင်သည်။ ခါတိုင်းဆိုလျှင် တစ်ပတ်တစ်ကြိမ်လောက် လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာဆုံလေ့ရှိသည်။ လမ်းထိပ်လက်ဖက်ရည်ဆိုင် ဆိုသည်မှာ သူတို့ဖာသာ ပေးထားသောအမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဆိုင်တွင် ခေါ်ဝေါ်ရာနာမည် ဆိုင်းဘုတ်မရှိသောကြောင့်ပင်။ ထိုဆိုင်သည် ဘတ်စ်ကားမှတ်တိုင်အနီးရှိ ဆိုက်ကားတဲဟောင်းတစ်ခုမှာ ဖွင့်ထားခြင်းဖြစ်သည်။ ဆိုင်တွင်းမှာ စားပွဲနှစ်လုံးလောက်ရှိပြီး ဆိုင်ပြင်ညောင်ပင်အောက်တွင် နှစ်လုံးလောက်ရှိ၏။ ဆိုင်နာမည်မရှိ။ သူတို့ကမူ လမ်းထိပ်မှာ ဖွင့်ထားသောဆိုင်ဖြစ်သဖြင့် လမ်းထိပ်ဆိုင်ဟုပင် ခေါ်လေ့ရှိသည်။

သူတို့ကား တင်ထွတ်အောင်၊ မောင်လှနှင့် ထွန်းမြင့်တို့ပင်ဖြစ်သည်။ အားလုံးမှာ တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြ၏။ တက္ကသိုလ်ကျောင်းသားဆိုသော်လည်း နေ့စဉ်နေ့တိုင်းလက်ဖက်ရည်ဆိုင် ထိုင်နိုင်ကြသူများ မဟုတ်ကြပါ။ ကျောင်းမှာ သူတို့ချင်းတစ်ခါတစ်ရံဆုံကြသောအခါကျမှ ထိုင်ဖြစ်သည်။ လမ်းထိပ်ဆိုင်မှာတော့ တစ်ပတ်လျှင် တစ်ကြိမ်ကျ ဆုံဖြစ်လေ့ရှိလေသည်။

ခု ကျောင်းပိတ်ရက်အတွင်း၌ကား ဤဆိုင်တွင် တစ်လနီးပါးလောက် မထိုင်ဖြစ်ခဲ့။ သူတို့ ခရီးထွက်နေကြသောကြောင့်ဖြစ်သည်။ အသုံးလုံး လုပ်အားပေးခရီး။

ဇေယျာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကမှ ပြန်ရောက်ကြသည်။ ထို့ကြောင့် ဒီဆိုင်ကလေးမှာ ဒီနေ့ဆုံရန် ချိန်းထားကြခြင်း ဖြစ်လေသည်။

▌

"ဒီဆိုင်လေးမှာ မထိုင်ရတာတောင် တော်တော်ကြာပြီကွာ" ဟု တင်ထွတ်အောင်က ပြောလိုက်သည်။

"မင်းတို့က တော်သေးတယ်၊ ငါဆိုရင် ဒီဆိုင်ကိုအရမ်းလွမ်းတာပဲ"

မောင်လှကပြောသည်။

ထွန်းမြင့်က "ဘာဖြစ်လို့ လွမ်းတာလဲ"ဟု မေး၏။

"ဟာ. . ဘာပြောကောင်းမလဲ၊ ငါသွားတဲ့ရွာက လက်ဖက်ရည်ဆိုင် လုံးဝမရှိဘူးကွ၊ သူတို့ဆီမှာ လက်ဖက်ရည်လဲ မသောက်ကြဘူး၊ ရေနွေးကြမ်းပဲ သောက်ကြတာ" ဆိုပြီး မောင်လှက သူရောက်ခဲ့သော ရွာအကြောင်း ပြောပြသည်။

သူတို့သုံးယောက်သည် အသုံးလုံးလုပ်အားပေးသွားကြရာတွင် တစ်ယောက်တစ်နယ်စီ ကျသဖြင့် အတူတူ မသွားခဲ့ကြရ။ တသီးတခြားစီ ဖြစ်သည်။ ထို့ကြောင့် ယခုလို. . ဆုံကြခြင်းသည် မိမိတို့သွားရောက်ခဲ့ရသော မြို့နယ်များမှ အတွေ့အကြုံများကို အချင်းချင်းဖလှယ်ကြရန် တွေ့ကြသည့်သဘောပင်ဖြစ်၏။

"ငါ သွားရတဲ့နေရာက ချောင်းရိုးကလေးအတိုင်း ပဲ့ချိတ်လှိုဟာကလေးနဲ့ သွားရတာ၊ လှေဆိပ်ရောက်တော့ ရွာကို တစ်မိုင်လောက် လှည်းနဲ့သွားရသေးတယ်"

မောင်လှနှင့် အခြားလုပ်အားပေးကျောင်းသားအဖွဲ့ ရွာသို့ရောက်လျှင် ကျေးရွာလူကြီးများက ကြိုဆိုနေရာချထားပေးကြသည်။ ပြီးတော့ နံနက်စာထမင်းပွဲ။ ဥက္ကဋ္ဌအိမ်တွင် စားပွဲဝိုင်းကြီးကြီး မရှိသဖြင့် ဘုန်းကြီးကျောင်းမှ သွားငှားလာပြီး သူတို့အတွက် ထမင်းပွဲပြင်ရသည်။





ဟုတ်လည်း ဟုတ်သည်။ သူတို့အတွက် စီစဉ်ထားသော ဟင်းခွက်အမည်များမှာ များပြားလွန်းသဖြင့် ဘုန်းကြီးကျောင်းက စားပွဲဝိုင်းကြီးနှင့်မှ ဆံ့မည်ဖြစ်သောကြောင့်ပင်။

"ငါတို့လဲ ထမင်းစားပြီးတာနဲ့ ရွာထဲလျှောက်ကြည့်ဦးမယ်ဆိုပြီး. . ထွက်ခဲ့ကြတာပေါ့၊ အမှန်က လက်ဖက်ရည်ဆိုင်လိုက်ရှာတာ၊ တစ်ရွာလုံးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ မင်းတို့သိတဲ့အတိုင်း ငါက လက်ဖက်ရည်မသောက်ရရင်နေနိုင်တဲ့ကောင်မှမဟုတ်တာ၊ ပြဿနာတက်ရော၊ ငါကွာ. . အဲဒီရွာမှာ နေခဲ့သမျှတစ်ချိန်လုံး လက်ဖက်ရည်တစ်ခွက်မှ မသောက်ခဲ့ရဘူး"

"ရွာက လူကြီးတွေက မတိုက်ဘူးလား"

"သူတို့ဆီမှာက လက်ဖက်ရည်သောက်တဲ့ ထုံးစံကို မရှိတာကွ၊ ငါတို့ကို မေးတော့မေးပါတယ် ဘာလိုသေးလဲ၊ ဘာလိုသေးလဲနဲ့၊ လက်ဖက်ရည်သောက်ချင်တယ် ပြောရင်လဲ မရရအောင်စီစဉ်ပေးမှာပဲ၊ မြို့တက်ပြီး လက်ဖက်ခြောက်၊ နို့ဆီ၊ သကြား သွားဝယ်ပေးကြမှာပဲ၊ ဒါပေမယ့်ကွာ ဘယ်ပြောလို့ကောင်းမလဲ၊ ငါတို့သွားကြတာက အလည်သွားတာမှမဟုတ်ဘဲ၊ လုပ်အားပေးဖို့သွားတာပဲဟာ၊ ပြီးတော့ လက်ဖက်ရည်သာ မသောက်ရတာ၊ တစ်နေ့တစ်နေ့ သူတို့ဧည့်ခံကျွေးမွေးတဲ့ တခြားစားစရာတွေက အများကြီးကွ၊ တစ်မျိုးပြီးတစ်မျိုးပဲ"

ထို့နောက် စာသင်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ရယ်စရာများ၊ ပျော်ရွှင်စရာများ ပြောပြသည်။

ပြီးတော့. . .

"အမယ်. . ဟော့ကောင်တွေ ငါရောက်သွားတဲ့ရွာက လက်ဖက်ရည်ဆိုင်သာ မရှိတာ၊ ထန်းရည်ဆိုင်တော့ ရှိတယ်ကွ"

"ဟာ. . ဒါဆို ဘယ်ဆိုးလို့လဲ"ဟု တင်ထွတ်အောင်ကဝင်ပြောသည်။ မောင်လှက. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်တော့ ဟုတ်မှာပေါ့၊ ဒီလိုကွ. . အဲဒီရွာမှာက ထန်းရည်သိပ်ကောင်းတယ်၊ သူတို့တစ်ရွာလုံး ထန်းရည်သောက်တတ်ကြတယ်ကွ"

"အားလုံးဟုတ်လား"

"အေးကွ. . ကလေးတွေရော၊ မိန်းမတွေရော သောက်ကြတာပဲ၊ ကလေးတွေ မိန်းမတွေကတော့ ထန်းရည်အချိုပေါ့ကွာ၊ ယောကျာ်းတွေကတော့ အခါးသောက်ကြတယ်၊ လူငယ်တွေဆိုရင်လဲ ငါတို့ဆီမှာ လက်ဖက်ရည်ဆိုင် ထိုင်ကြသလို ညနေစောင်းရင်. . ထန်းရည်တဲမှာ ထိုင်ကြတာပဲ"

"ဟာ. . တစ်ရွာလုံး မူးနေကြမှာပေါ့"

"မမူးဘူး၊ သူတို့သောက်ကြတာက အခါးဆိုပေမယ့် ပုစွန်ဆိတ်ခုန်လောက် သောက်ကြတာ၊ ထူးခြားတာက အဲဒီရွာမှာ အရက်ဆိုင်မရှိဘူး၊ အရက်ချက်တဲ့လူ မရှိဘူး၊ ပြီးတော့ ထန်းရည်သောက်ကြတယ်ဆိုပေမယ့် မူးပြီးရမ်းတဲ့လူမရှိဘူး၊ ခိုက်ရန်ဖြစ်တာလဲ မရှိဘူးကွ"

"မင်းကော မသောက်ခဲ့ဘူးလား"

"ငါမှ ထန်းရည်မကြိုက်တာ"

"မင်းနဲ့ငါနဲ့ နေရာလဲလိုက်ချင်တယ်ကွာ၊ ငါရောက်သွားတဲ့နေရာကတော့. . ."ဆိုပြီး တင်ထွတ်အောင်က သူ လုပ်အားပေးသွားခဲ့ရသော ရွာကလေးအကြောင်း ပြောပြပြန်သည်။

"ငါသွားရတဲ့နေရာနဲ့တော့ ကွာပါ့ကွာ၊ ရွာကလေးက မြို့နယ်အခြေစိုက်စခန်းကနေ တော်တော်ဝေးဝေးသွားရသေးတယ် တောင်ခြေက ရွာကလေးကွ၊ အနီးဆုံးဆိုတဲ့ မြို့နဲ့တောင် တော်တော်အဆက်အသွယ်ပြတ်တယ်၊ နောက်ပြီးတော့ အနီးအနားမှာ





ခြားရွာလဲ မရှိဘူးကွ၊ တော်တော်ခေါင်တယ်လို့ ဆိုရမှာပေါ့၊ ယ်လောက်ထိ ခေါင်သလဲဆိုတော့. . ."

ထိုရွာကလေးတွင် လက်ဖက်ရည်ဆိုင် မရှိ။ ထန်းရည်ဆိုင် ရှိ။ အရက်ဆိုင်မရှိ။ ကုန်စုံဆိုင်မရှိ၊ ယုတ်စွအဆုံး ဆေးလိပ်ဆိုင် မရှိ။ ဆိုင်ဆိုလို့ တစ်ဆိုင်သာရှိသည်။ သို့ရာတွင် သူနှင့် လုံးဝ ပ်သောဆိုင်မဟုတ်ဟု တင်ထွတ်အောင်က ဆိုသည်။

"ဘာဆိုင်မို့လို့လဲကွ"

"ဆံပင်ညှပ်ဆိုင်လေ"

မောင်လှနှင့် ထွန်းမြင့်တို့က ရယ်ကြ၏။

တင်ထွတ်အောင်သည် ဆံပင်ရှည်ထားသူ ဖြစ်သည်။

"အဲဒီ ဆံပင်ညှပ်ဆိုင်က လူကလဲ တစ်မျိုးပဲကွ၊ ရွာကို သူ သာသူ ရောက်လာတာ၊ ဆံပင်ညှပ်ဆိုင် ဖွင့်ရင်းက ရွာထဲက လေးတွေခေါ်ပြီး စာသင်ပေးတယ်၊ ဒီလိုနဲ့ သူက ရွာရဲ့ကျောင်း ရာဖြစ်လာတာပေါ့၊ သူ့ကို ဆံပင်ညှပ်ဆရာလို့ ခေါ်ကြတယ်ကွ တော့ ထူးခြားတာက တစ်ရွာလုံးမှာ မျက်မှန်တပ်တာဆိုလို့ အဲဒီ ံပင်ညှပ်ဆရာတစ်ယောက်ပဲရှိတယ်၊ အဲဒီမှာ ငါ့အတွက် ပြဿ တက်တာပေါ့"

"ဘယ်လိုတက်တာလဲ"ဟု ထွန်းမြင့်က စကားထောက်ပေး က်သည်။ "ဒီလိုကွ. . . ရွာမှာ စာစသင်ကြတဲ့အခါကျတော့ နဲ့တူတူသွားတဲ့ တခြားလူတွေ သင်လို့ရှိရင် ရွာသူရွာသားတွေက က်ဆိုကြတယ်၊ ငါ. . သင်တဲ့အခါကျရင် သိပ်မဆိုချင်ကြဘူး၊ းတော့ တခြားလူတွေကျတော့ ဆရာလို့ခေါ်တယ်၊ ငါ့ကျတော့ ရာလို့ မခေါ်ဘူးကွ"

"မင်းရုပ်က ဆရာနဲ့ မတူလို့နေမှာပေါ့"

"မဟုတ်ဘူးကွ၊ မျက်မှန်မပါလို့"

"ဟင်. . . ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တယ်ကွ၊ သူတို့တစ်ရွာလုံးမှာ မျက်မှန်တပ်တဲ့လူဆိုလို့ ဆံပင်ညှပ်ဆရာတစ်ယောက်ပဲရှိတယ်၊ ဒီတော့ ရွာသူရွာသားတွေစိတ်မှာ ဆရာဆိုရင် မျက်မှန်တပ်ရတယ်လို့ စွဲမှတ်နေကြတာပေါ့၊ ဖြစ်ချင်တော့ ငါနဲ့တူတူသွားတဲ့ တခြားနှစ်ယောက်ကလဲ မျက်မှန်နဲ့ပဲ၊ ဒီတော့ ရွာကလူတွေက ငါ့ကို ဆရာလို့ မထင်ကြတော့ဘူးပေါ့ကွာ၊ ဒါနဲ့ ငါလဲ ဘာလုပ်ရသလဲဆိုတော့ ငါနဲ့တူတူသွားတဲ့ တခြားတစ်ယောက်ဆီမှာပါလာတဲ့ နေကာမျက်မှန်ကြီးယူပြီး စာသင်တဲ့ဆီသွားတဲ့အခါ တပ်တပ်သွားရတယ်၊ အဲဒီတော့မှပဲ ငါ့ကိုဟိုကဆရာ. . ဒီကဆရာနဲ့ ခေါ်ကြတော့တယ်၊ အမယ် တချို့က ပြောကြသေးတယ်ကွ၊ ဒီဆရာက စာပိုတတ်တယ်တဲ့၊ ဒါကြောင့် သူ့မျက်မှန်ကြီးက မည်းနေတာတဲ့ကွ"

▮

ထွန်းမြင့်ကလည်း သူ့အတွေ့အကြုံကို ပြောပြလေသည်။

သူရောက်ရှိသွားသော ရွာကလေးမှာ မြို့နှင့်အတော်လှမ်းသော်လည်း ရွာထိရောက်အောင် ကားသွားလို့ရသည်။ ရွာသူရွာသားတို့၏လုပ်အားဖြင့် ဖောက်လုပ်ထားခြင်းဖြစ်သည်။

လမ်းက မြေနီလမ်း။ သို့ရာတွင် မိုးပါးသောအရပ် ဖြစ်၍ ရာသီမရွေးသွားနိုင်သည်။ ထိုရွာကလေးကို စနစ်ကျစွာ တည်ဆောက်ထားသည်။ အိမ်ကလေးများသည်အကွက်အကွင်းကျပြီး သပ်သပ်ရပ်ရပ်ရှိသည်။ ရွာလမ်းများမှာ အားလုံးလိုလို ညီညာဖြောင့်တန်းကာ သန့်ရှင်းနေ၏။

"အဲဒီရွာရဲ့ ထူးခြားချက်က ဘာလဲသိလား"

"အရက်ဆိုင် မရှိတာ မဟုတ်လား"

"မဟုတ်ဘူး သူငယ်ချင်း. . အရက်ဆိုင်ရှိတယ်၊ အစိုးရကဖွင့်ထားတဲ့ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်အကုန်ရှိ





တယ်၊ ငါပြောတဲ့ ထူးခြားတယ်ဆိုတာက အဲဒီရွာမှာရှိတဲ့ မိန်းကလေးတွေဟာ အားလုံးလိုလို လှကြတာချည်းပဲဆိုတဲ့အကြောင်းပဲကွ"

"ဒါဆို မင်း ဇာတ်လမ်းကလေးတွေ ဖြစ်ခဲ့မှာပေါ့"

"အေး. . ဖြစ်ခဲ့တယ်၊ မဖြစ်တဲ့ဇာတ်လမ်းတစ်ခု ဖြစ်ခဲ့တယ်ဆိုပါတော့. . ."

ရွာက မိန်းကလေးတွေအားလုံး အချောအလှတွေချည်းဖြစ်၏။ ထိုအထဲတွင် အချောဆုံးမိန်းကလေးတစ်ယောက်ရှိသည်။

ထိုရွာကလေးမှာမို့ အချောဆုံးဟု ဆိုရခြင်းမဟုတ်။

ထိုမိန်းကလေးကို ရန်ကုန်တက္ကသိုလ်၏အလယ်ကောင်မှာ ချပြလျှင်လည်း အချောဆုံးဖြစ်နေမည်မှာ သေချာသည်။

တစ်ခုတော့ရှိသည်။ သူသည် စာမတတ်ရှာချေ။ သူ့မိဘများက စီးပွားရေးအခြေအနေမဆိုးလှ။ တစ်ဦးတည်းသော သမီးကလေးကို အလွန်ချစ်ကြသည်။ သို့ရာတွင် ထိုမိန်းကလေးသည် ဘယ်လိုမှ စာသင်ပေးလို့မရ။ ကျောင်းထားလို့လည်း မနေ။

သို့ဖြင့် လက်လျှော့ထားကြရခြင်း ဖြစ်သည်။

"ဘယ်လောက် ထူးဆန်းသလဲဆိုတော့ အဲဒီကောင်မလေးက ငါသင်မယ့် အသုံးလုံးသင်တန်းမှာကျတော့ တက်ပါ့မယ် ဖြစ်ကရောကွာ၊ သူ့မိဘတွေဆိုတာ ဝမ်းသာကြလွန်းလို့ 'ဆရာလေးရယ် သမီးလေး စာတတ်ရင်တော်ပါပြီ'လို့ပြောကြတယ်၊ ပုံစံကတော့ ငါကသာ အဲဒီကောင်မလေးကို ယူမယ်ဆိုရင် ပေးစားမှာပဲကွ"

"ကောင်မလေးကကော"

"ကောင်မလေးကလား၊ ငါ့အပေါ် အရမ်းသံယောဇဉ်[illegible]နေတာကွ"

"မင်းကကော. ."



www.burmeseclassic.com

www.burmeseclassic.com

တင်ထွတ်အောင်က မေးလိုက်သောအခါ ထွန်းမြင့် ငိုင်ကျသွားသည်။ ပြီးတော့ "ငါ သူ့ကို မြင်မြင်ချင်း စိတ်ဝင်စားခဲ့မိတယ်" ဟုခပ်တိုးတိုးပြောသည်။

"ဒါဆို အားလုံးအဆင်ပြေနေပြီပဲ"

"ဒါပေမယ့် ငါ ဖွင့်မပြောခဲ့ဘူးကွာ"

"ဟင်. . ဘာဖြစ်လို့လဲ"

"သူ ငါ့ကိုခင်မင်နေတာဟာ သူ့ကိုစာသင်ပေးတဲ့ ကျေးဇူးရှင်တစ်ယောက်ကို ခင်သလို၊ ကျောင်းသူလေး တစ်ယောက်က ဆရာတစ်ယောက်ကို ခင်မင်နေသလိုမျိုးကွ၊ ငါက သူ့ကို စာသင်ပေးရတဲ့ကျေးဇူးကို အခွင့်ကောင်းမယူချင်ဘူး၊ ပြီးတော့ သူ့ကို ဖွင့်ပြောမယ်လို့ စဉ်းစားလိုက်တဲ့အခါတိုင်း 'ငါဟာ ဆရာပါလား' ဆိုတဲ့စိတ် ဝင်လာတယ်၊ တကယ်တော့ ငါဟာ ကျောင်းသားတစ်ယောက်၊ အသုံးလုံးလုပ်အားပေးဆရာအဖြစ် နေရတာက တစ်လလောက်ပဲကြာမယ်၊ ဒါပေမယ့် အဲဒီရက်တလေးအတွင်းမှာ ငါ့ကိုယ်ငါ တကယ့်ကျောင်းဆရာအစစ်လို့ ထင်နေမိတယ်၊ ဆရာဆိုတာ တပည့်ကျောင်းသူအပေါ် မပြစ်မှားကောင်းဘူးဆိုတဲ့ အစွဲဝင်နေတယ်၊ ငါတို့ဟာ. . တက္ကသိုလ်ကျောင်းမှာ ရှိနေတဲ့အခါ ကျောင်းသားစိတ်နဲ့ နေချင်နေမယ်၊ ဟိုအချိန်မှာတော့ ဆရာစိတ်နဲ့ပဲ နေရမယ်လို့ ငါ့ကိုယ်ငါ ဆုံးမပြီး. . ."

ထွန်းမြင့်သည် စကားမဆက်။ သို့ရာတွင် တင်ထွတ်အောင်နှင့်မောင်လှတို့က နားလည်လိုက်သည်။

(ကဘော်မဂ္ဂဇင်း၊ တမူးမြို့နယ် စာတတ်မြောက်မှုအထိမ်းအမှတ်)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူဟောစာတမ်း

ဒီလိုလေ ကိုကိုရဲ့. . မဦးက (၁၃၂၅)ဖွားဆိုတော့ ခုနစ်နဲ့စားရင် ခုနစ်တစ်လီခုနစ်၊ ဆယ့်သုံးထဲက ခုနစ်နုတ်၊ ခြောက်တင်ဆိုပြီး လက်ဝါးပေါ်မှာ ဆော့ဖ်ပင်နဲ့ တွက်တယ်။

"နှစ်ကြွင်းတယ် မဟုတ်လား"

"အင်း. . ."

"နှစ်ဆိုတော့ တနင်္လာကြီးပေါ့၊ ဒီတော့ ကြီး, ပွဲ, အောင်, လံ, ထူ, စစ်, သူ. . ."

မျဉ်းကြောင်းတွေနဲ့ အကွက်ဖော်ထားတဲ့ မဟာဘုတ်တိုင်မှာဖြည့်ပြီး. . .

"အဓိပတိဖွားပေါ့"

"မသိဘူးလေ"

"အို. . ကိုကိုက၊ ဟိုတစ်ခါလဲ ပြပြီးပြီ"

"မေ့သွားလို့ပါ"

"ကဲ. . ပြန်ကြည့်၊ ဒီမှာ ပုတိ, ဘင်္ဂ, မရဏ, အထွန်း, သိုက်, ရာဇ, အဓိပတိ"

"အင်း. . သိပြီ"

"ကဲ. . . ကိုကိုက (၁၃၂၃)ခုနှစ်ဖွားဆိုတော့ ခုနစ်နဲ့စားရင် ဘယ်လောက်ကြွင်းလဲ"

ငွေယျှာမြေစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



တွက်မနေတော့ဘဲ ပါးစပ်ထဲတွေ့ကရာ. . .

"ဘယ်လောက်မှ မကြွင်းဘူး" လို့ပြောလိုက်တယ်။

သို့ပေမယ့် . . .

တကယ်လည်း အကြွင်းမရှိဘူးလေ။

"ဟုတ်ပြီ၊ ဒါဆို သုညကြွင်းတယ်လို့ ခေါ်တယ်၊ ကဲ. . . ဒီတော့ ကိုကိုက အင်္ဂါသားမဟုတ်လား၊ ၁၁၂ဖွားလို့ခေါ်မလဲ"

"ဟို. . ဟိုဥစ္စာ အနိစ္စဖွား"

"ဘယ်ကလာ အနိစ္စဖွားရမှာလဲ၊ မရဏဖွားပါ"

"အဲဒီတော့ ဘာဖြစ်သလဲ"

"မရဏမင်းလောင်း ရွှေထီးဆောင်းတဲ့၊ ငယ်ငယ်က သေရင်သေ၊ မသေရင် ကြီးလာတော့ ရွှေထီးဆောင်းရတတ်တယ်"

"ဩော်. . အသက်ကြီးမှ ရှင်ပြုရတဲ့ဇာတာပေါ့"

"ကိုကိုကလဲ မနောက်ပါနဲ့"

▮

"ကိုကို ဗေဒင်ကို ယုံသလားဟင်"

"ယုံတယ်, မယုံဘူးမဟုတ်ဘူး၊ ဝါသနာမပါတာဘဲရှိတယ်"

"မဦးတော့ ယုံတယ်"

"သိပ်ယုံလွန်းတော့လဲ မကောင်းဘူး"

"ယုံသင့်လို့ ယုံတာပေါ့၊ အံ့ဩစရာကောင်းလောက်အောင်မှန်တာတွေရှိခဲ့တာပဲ"

"တိုက်ဆိုင်မှုတွေပါ"

"အမေရိကန်သမ္မတ ကနေဒီ လုပ်ကြံခံရမယ်ဟောတဲ့ကိစ္စ၊ အပိုလို (၁၃) ပျက်ကျမယ်လို့ ဟောတဲ့ကိစ္စ၊ နောက်ပြီး နော်စတားဒေးမတ်ရဲ့ကမ္ဘာကျော်ဟောကိန်းတွေ၊ ခရစ်ရှာနားမူရတီရဲ့ အံ့ဖွယ်ပညာစွမ်း. . ."





"မဦးရယ်. . ကမ္ဘာပေါ်မှာ တစ်နေ့တစ်နေ့ အဖြစ်အပျက်ပေါင်းကုဋေနဲ့ချီပြီးဖြစ်နေတာ၊ တစ်ခုမဟုတ် တစ်ခုကတော့ သူတို့ဟောပြောချက်တွေနဲ့ တိုက်ဆိုင်မှုရှိတာ မဆန်းပါဘူး"

"ကိုကို ဗေဒင်ပညာကို အထင်သေးတာကိုး ကကယ်ကြုံလာမှ ယုံမယ်၊ ကြည့်နေ. . ."

▮

"ဒီနေ့. . . ဖျင်းစရာကောင်းလိုက်တာကွာ ရုပ်ရှင်လေးဘာလေးသွားကြည့်ရအောင်၊ နေ့လယ်ပိုင်း အတန်းလစ်လို့ မဖြစ်ဘူးလား"

"မလုပ်နဲ့ဆရာ၊ ဒီရက်ပိုင်း နည်းနည်းအသွားအလာဆင်ခြင်မှ၊ အိမ်က ဖေဖေတို့မေမေတို့က ကိုကို့ကို သိပ်သဘောကျတာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုကိုက အနုပညာသမားမို့လို့တဲ့"

"ဘာဆိုင်လို့လဲ"

"အနုပညာသမားဆိုတာ ထင်ပေါ်ကျော်ကြားတတ်တယ်မဟုတ်လား၊ နာမည်ကြီးတဲ့လူဆိုတော့ သစ္စာမဲ့ဖို့ အခွင့်အရေးပိုရတတ်တယ်တဲ့"

"မဆိုင်တာပဲ. . . အနုပညာသမားမှ မဟုတ်ဘူး အခြားလောကမှာလဲ သစ္စာမဲ့တတ်တဲ့ လူတွေ ရှိတာပဲ၊ အနုပညာသမားဆိုတော့ လူစိတ်ဝင်စားမှု ပိုများတယ်လေ ဒါကြောင့်သာ အနုပညာလောကထဲက သစ္စာမဲ့မှုတွေကို လူသိပိုများနေကြတာပါ၊ တကယ်တော့ စိတ်သာပဓာနပါလေ၊ နောက်ပြီး ကိုကိုက ထင်ရှားကျော်ကြားတဲ့လူလဲ မဟုတ်ဘူး၊ အညတြ ကဗျာဆရာ စာရေးဆရာလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို . . တွေးပြန်တော့လဲ အပြစ်မလွတ်ဘူး၊ အနုပညာသမားတွေဟာ သိပ်တေကြပေကြတယ်ဆိုတာကိုး"

"ဒါကတော့ကွာ . . အနုပညာသမားဆိုတာ ဘဝမျိုးစုံကို သိအောင် လေ့လာရတာကိုး၊ ဒါကြောင့် လူပေါင်းစုံနဲ့ ပေါင်းသင်းဆက်ဆံရတယ်၊ လိုအပ်ရင် သူတို့နဲ့ အတူစား အတူသွားနေရတယ်၊ ဒါကို တေတယ်ပေတယ် ပြောကြတာပေါ့"

"စာရေးဆရာဆိုတာ ဆင်းဆင်းရဲရဲတွေက များတယ်လို့လဲ ပြောသေးတယ်"

"စာရေးဆရာတိုင်း မဟုတ်ပါဘူးလေ၊ အနောက်နိုင်ငံတွေမှာဆိုရင် စာအုပ်တစ်အုပ်ကို သန်းချီပြီးရတဲ့ စာရေးဆရာတွေ ရှိတာပဲ၊ အနုပညာသမားဆို ဦးစားပေးကြတာချည်းပဲ"

"နိုင်ငံခြားအကြောင်းတွေ မပြောမနေနဲ့လေ၊ ဒီမှာတော့ စာရေးဆရာအများစုဟာ ဆင်းရဲကြတာပဲ မဟုတ်လား"

"ဘာလဲ မဦးကပါ စာရေးဆရာကို အထင်သေးနေပြီလား"

"မဦးကတော့ ဆင်းရဲချမ်းသာတာ မကြည့်ပါဘူး၊ အသည်းနှလုံးကိုပဲ ကြည့်တယ်"

"ဟို . . လူကြီးလာတယ် သိလား"

"ဘယ်လူကြီးလဲ"

"ဖေဖေတို့ မေမေတို့ သဘောတူတယ်ဆိုတဲ့ လူကြီးလေ"

"ဩော် . . ဆရာဝန်လား"

"ဟုတ်တယ် မဦးဖြင့် သိပ်စိတ်ညစ်တာပဲ"

"သူဖြာသာလာတာ ဘာစိတ်ညစ်စရာရှိလို့လဲ"

"မဦး သူနဲ့စကား မပြောချင်ဘူး၊ သိပ်စကားကြီးစကားကျယ်ပြောတတ်တယ်၊ ဒါနဲ့ ခေါင်းကိုက်တယ်ဆိုပြီး ဝင်အိပ်နေလိုက်တယ်"





"ညှိသည်ကို ဒီလိုမဆက်ဆံရဘူးလေ"

"ကိုကိုနော် တော်တော်သဘောကောင်းနေ၊ တော်ကြာ သူ့နောက်ပါသွားမှ"

"သူက မဦးကို ချစ်ရှာသားပဲဆို"

"တော်စမ်းပါ၊ အဲဒီလူကြီးကို မုန်းတယ်"

"ဘာလို့လဲ၊ အသက်ကြီးလို့လား၊ ကိုကို့ထက်တောင် ချောသေးခန့်သေးဆို"

"သွားစမ်းပါ ချောတယ် ခန့်တယ်ဆိုပေမယ့် ကိုကို့မျက်နှာလိုမရှိုးသားဘူး၊ မာနကြီးတာလဲ သိသာတယ်၊ နောက်ပြီး သူက သူ့ကိုယ်သူလဲ အထင်ကြီးနေသေးတယ်၊ သူနဲ့လက်ထပ်မယ့် မိန်းကလေးဟာ တစ်ခါမှ ချစ်သူမထားဖူးတဲ့သူ ဖြစ်ရမယ်တဲ့"

"ကိုကို့အကြောင်းသာ သိသွားရင် သူ့ကိုယ်သူ သတ်သေမလား မသိဘူးနော်"

"အံမယ် သူက မဦးကို မဟာသိပ္ပံဆက်တက်ချင်လဲ တက်ပါတဲ့၊ သူ စောင့်ပါမယ်လို့ပြောသေးတယ်၊ သူ့ကို ယူမယ်များမှတ်နေသလားမသိဘူး"

"ဆန်းဒေးတုန်းက ဆရာ့ဆီ ရောက်သေးတယ်"

"ဘယ်ကဆရာလဲ၊ မဦးတို့ဌာနကလား၊ စာသွားမေးတာလား"

"ဘယ်ကလာ ဌာနက ဆရာရမှာလဲ၊ အာတာပွနသုတေသီဆရာ သွေးထွက်မောင်မောင်ထွန်းကို ပြောတာ"

"ဟိုက် . . နာမည်က ကြောက်စရာကြီးပါလား"

"သူ ဟောလိုက်ရင် သွေးထွက်အောင်မှန်လို့ ဒီနာမည်ရလာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ မကောင်းကြောင်း၊ သူက ပြောသေးလား"

"အင်းပေါ့. . မဦးကိုပြောတယ်၊ မဦးအမျိုးသားက လူကတော့ လူတော်လူသွက်တစ်ယောက်ပါပဲတဲ့၊ ဒါပေမယ့် သစ္စာမရှိဘူး၊ ဖောက်ပြန်လိမ့်မယ်တဲ့"

"အဲ. . ."

"ဟုတ်တယ်၊ ကိုကိုကစပြီး ဖောက်ပြန်မယ်လို့ ပြောလိုက်တယ်"

"ဟာ. . . ဒါတွေတောင် သူက သိနေပြီလား"

"ကိုကိုနော်. . ကဲ. . ကိုကို့လက်ဝါးပြစမ်း၊ တွေလား သောကြာခါးပတ်ပါတယ်၊ ဂြိုဟ်ခုံလဲမောက်တယ်၊ မေတ္တာလမ်းကြောင်းကလဲ ပြတ်နေတယ်"

"ထီးရိုးကကော စတီးလ်ကိုင်းလား၊ ဒန်ကိုင်းလား"

"မနောက်နဲ့၊ ပြီးတော့ ဆရာက ပြောလိုက်သေးတယ်၊ မဦးဟာ ချစ်ဦးသူနဲ့ လွဲလိမ့်မယ်တဲ့"

"ဟုတ်သားပဲ၊ မဦး အရင်ရည်းစားနဲ့ လွဲပြီးပြီမဟုတ်လား"

"ကိုကို ဒါမျိုးမပြောနဲ့နော်၊ တစ်သက်မှာ တစ်ယောက်ပဲဆိုတာ ကိုကိုသိသားနဲ့"

"အေးကွာ. . ဗေဒင်ဆရာတွေကလဲ ကိုကို့ကို တစ်ယောက်မှအကောင်းမပြောကြပါလား၊ မဦးကကော သူတို့ပြောတာတွေ ယုံလို့လား"

"ကိုကို စဉ်းစားကြည့်လေ၊ မဦးလဲ ယုံရမလို ဖြစ်နေတာပေါ့၊ ဗေဒင်ဆရာသုံးယောက်လောက်က ပြောတာ တစ်ထပ်တည်းပဲ ဖြစ်နေတာကိုး၊ အင်္ဂဝိဇ္ဇာဆရာစိုး ဟောတာလဲ ဒီအတိုင်းပဲ၊ ပုဏ္ဏားဆရာလေး ဟောတာလဲ ဒီလိုပဲ၊ မေးတဲ့လူတိုင်းက ဒီလိုပြောနေတော့ မခက်ဘူးလား"

"မဦးကပါ ကိုကို့ကို မယုံတော့ဘူးပေါ့လေ"





"ယုံတော့ ယုံပါတယ်"

"ကြည့်လဲ လုပ်ပါဦး မဦးရယ်၊ လူပျိုကြီးကို တစ်လအတွင်း မိန်းမရမယ်ပြောပြီး မရတော့၊ သူ့ဗေဒင်မှန်အောင် နှမနဲ့ပေးစားလိုက်ရတဲ့ ဗေဒင်ဆရာကြီးလို ဖြစ်နေပါဦးမယ်၊ တော်ကြာ မဦးကို ဟောတဲ့ ဗေဒင်ဆရာက ချစ်ဦးသူနဲ့ မလွဲလွဲအောင် သူကိုယ်တိုင် မဦးကို ယူလိုက်လို့ ခက်နေပါဦးမယ်"

"ကိုကိုနော်. . . ဆွဲဆိတ်လိုက်မယ် သိလား"

▮

"ကိုတို့ ဗိုလ်တစ်ထောင်ဘုရား လိုက်ပို့ပါနော်"

"ဗိုလ်တစ်ထောင်က ဝေးပါတယ်၊ ရွှေတိဂုံသွားပါလား"

"မရဘူး၊ မြစ်ကမ်းနဖူးပေါ်က ဘုရားကို သွားရမှာတဲ့"

"ဘယ်သူက ပြောတာလဲ"

"ဆရာ သွေးထွက်မောင်မောင်ထွန်းက"

"ဟာ. . . ဒီဆရာ ဘာရှုပ်ပြန်ပြီလဲ"

"ကိုကို့အတွက်ပါ၊ ယတြာလုပ်မလို့"

"ဘာတွေလုပ်ရမှာလဲ"

"အင်္ဂါထောင့်မှာ ကိုကို့အတွက် ဖယောင်းတိုင်သက်စေ့၊ ရေသက်စေ့လှူရမယ်၊ ဆံသားနဲ့လုပ်ထားတဲ့အရုပ်ကို မဦးခေါင်းအုံးအောက်မှာ တစ်ညထားအိပ်ပြီးတော့ မြစ်ထဲမှာမျှောလိုက်ရမယ်"

"ဘာသဘောလဲ"

"ဒီလိုလေ. . ကိုကိုက အင်္ဂါသားမဟုတ်လား၊ ကိုကို့ကိုယ်စား ဆံသားနဲ့လုပ်ထားတဲ့အရုပ်ကို ရေထဲမျှောလိုက်ရင် ကိုကိုနဲ့ မဦးနဲ့ ပြတ်သွားပြီဆိုတဲ့သဘော၊ မဦးနဲ့ ချစ်ဦးသူနဲ့ လွဲသွားပြီဆိုတဲ့သဘော၊ ကိုကိုက ဒုတိယလူဖြစ်သွားပြီလေ၊ မဦးနဲ့ မလွဲတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖယောင်းတိုင်ထွန်းရုံ၊ ဆီးသားအရုပ်ရေမျှောရုံနဲ့ လူတစ်ယောက်ရဲ့ဘဝကို ပြောင်းလဲသွားစေနိုင်တယ်ဆိုတာ ကိုကို မယုံဘူး၊ တကယ်တော့ ဒါတွေဟာ စိတ်ဖြေတဲ့နည်းတွေပါ၊ ကိုယ့်စိတ်ကိုယ်နိုင်ရင် ယတြာလဲမလိုဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ စိတ်ဖြေတယ်ပဲပြောပြော၊ မဦး စိတ်ချမ်းသာအောင်. . ကိုကို ဘုရားကို လိုက်ပို့နော်"

▮

ယတြာ မကျေပါ။

မဦးနဲ့ ကိုကို လက်မထပ်ဖြစ်ခဲ့ပါ။

မဦးကို မေ့လိုက်ပါတော့ဆိုတဲ့ စာတစ်စောင် . . .

တစ်နေ့မှာ ကိုကို ရေးခဲ့ပါတယ်။

မဦးနဲ့ သူ့မိဘသဘောတူတဲ့သူနဲ့ လက်ထပ်လိုက်ပါတယ်။

အဲဒီလူက မဦး မကြာခဏ ပြောတဲ့ ဆရာဝန် ဆိုတဲ့လူ မဟုတ်ပါ။ အာဇာတပွဲနသုတေသီ သွေးထွက်မောင်မောင်ထွန်းဆိုတဲ့ ဆရာကိုယ်တိုင်ပါပဲ။

ဟုတ်ပါ့ . . .

ကဗျာဆရာမပြောနဲ့ ဆရာဝန်ဆိုတာတောင် ခုချိန်မှာ . . . သိပ်စားသာတော့တာမှ မဟုတ်ဘဲ။

မောင်မောင်ထွန်းဆိုတာကတော့ မဦးတို့အဖေရဲ့ အလုပ်အကိုင်ကိစ္စမှာ အုံညြစရာကောင်း လောက်အောင် မာတ်ဆင်ပေးနိုင်ခဲ့သလို မဦးတို့အမေရဲ့ စီးပွားရေးလုပ်ငန်းမှာလည်း သူ အခွင့်ပေးတဲ့အတိုင်းလုပ်ခဲ့တာ တစ်ဟုန်ထိုးတိုးတက်ခဲ့လေရဲ့။

သူ့ဝင်ငွေကလည်း နှုတ်ဟောငါးဆယ်ကျပ်၊ အထူးတစ်ရာ ဟောစာတမ်းငါးရာ၊ တစ်သက်စာ အသေးစိတ် ဟောစာတမ်း ငါးထောင်။ မေးချင့်လျှင် တစ်ရက်ကြိုတင် တိုကင်ယူရတယ်။





မေးချင်တဲ့လူ့တွေ ကြိတ်ကြိတ်တိုးနေလို့ တစ်နေ့ကို လူသုံးဆယ်ပဲ လက်ခံတယ်။ ဥပုသ်နေ့တိုင်း အထူးအရေးကြီး ပုဂ္ဂိုလ်တွေကိုပဲ ဟောတယ်။

နာမည်ကြီးမယ်ဆိုလဲ ကြီးလောက်ပါတယ်။

နာမည်နဲ့လူနဲ့လဲ လိုက်ပါတယ်။ မဦးကို ချစ်ဦးသူနဲ့ လွဲမယ်လို့ဟောလိုက်တဲ့တာ ကွက်တိမှန်တာကိုး။

သွေးထွက်အောင် မှန်တယ်လေ။

(ပန်းဝေသီ၊ ၁၉၈၉ ခု၊ မတ်လ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ကြည့်ရဲ့တာက သူ့စိတ်ကိုပဲ၊ ကိုယ် မိန်းမ
အရွေးမမှားခဲ့ပါဘူး။ အရေးကြီးဆုံးက နှလုံးသားပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



## ခန္တာဗေဒ

(၁)

ဒေါက်တာဦးသက်သာကို အားလုံးက ဆရာကြီးဟုပင် ခေါ်ကြသည်။ သူသည် ဆေးရုံတစ်ခုမှ ဌာနတစ်ခု၏ ဒုတိယ ဆရာဝန်ကြီး ဖြစ်သည်။

အသက် လေးဆယ့်ငါးနှစ်လောက်ဟု ခန့်မှန်းကြသည်။ သူသည် အရွယ်တင်သဖြင့် အသက်လေးဆယ်လောက်ဟုထင် ရသည်။ ထိုသို့အရွယ်တင်သည်ကို အကြောင်းပြု၍ ငါးနှစ်တိုးပြီး လေးဆယ့်ငါးဟု ခန့်မှန်းကြခြင်းဖြစ်သည်။

အသက်အမှန်ကိုတော့ မသိကြ။ ငါးဆယ်လောက်လည်း ဖြစ်ချင်ဖြစ်နိုင်သည်။ လေးဆယ်ကျော်ရုံလည်း ဖြစ်နိုင်သည်။ ကိုယ်ခန္ဓာ ပုံပန်းသဏ္ဌာန်ကတော့ အရပ်မနိမ့်မမြင့်၊ အသား ဖြူညိုညိုတင်းတင်း၊ သူ့အသက်အရွယ် သူ့အရပ်အမောင်းနှင့် ဆိုလျှင် ဝ,သည်ဟု မဆိုနိုင်။

သူသည် ဒုတိယဆရာဝန်ကြီးဖြစ်သဖြင့် လက်ထောက် ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊သူနာပြုဆရာမများနှင့် ဆရာဝန်ကြီးတို့၏အကြား နေရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဆရာဝန်ကြီးနှင့်စာလျှင် သူက လက်အောက်ငယ်သားများနှင့် ပို၍ထိတွေ့ဆက်ဆံရတတ်သည်။ ပြီးတော့ အဆောင်တွင်းရှိ လူနာများနှင့်လည်း ပို၍လက်ပွန်းတတီးနေရ၏။

(၂)

ဆရာဝန်ကြီးသည် တစ်ရက်ခြား "ရောင်း"လေ့ရှိသည်။

"ရောင်း"ဆိုသည်မှာ လူနာဆောင်အတွင်း လှည့်လည်ကြည့်ရှုခြင်း ဖြစ်သည်။

ဆရာဝန်ကြီး"ရောင်း"ပြီဆိုလျှင် ဒေါက်တာဦးသက်သာမှစ၍ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများက တသီကြီး နောက်ကပါရ၏။

ဆရာဝန်ကြီးသည် လူနာဆောင်အတွင်းလှည့်လည်သောအခါ လူနာတစ်ဦးချင်းကို စစ်စစ်ပေါက်ပေါက် လိုက်မေးနိုင်သည်မဟုတ်။ ခုတင်ခြေရင်းက လူနာမှတ်တမ်းကို ယူကြည့်သင့်လျှင်ကြည့်သည်။ တစ်ခွန်းနှစ်ခွန်း မေးသင့်လျှင် မေးသည်။

လူနာတိုင်းကို မဟုတ်။ မေးသင့်သူကိုသာ မေးခြင်း ဖြစ်သည်။ ဤနေရာတွင် ဒေါက်တာဦးသက်သာက လူနာများကိုယ်စား ဆရာဝန်ကြီးကို ရှင်းပြရလေသည်။

ဘယ်လူနာက ဘယ်အခြေအနေရှိသည်။ ဘယ်လူနာကို ဘယ်ဆေး ပြောင်းတိုက်ထားသည် စသည်ဖြင့်။ ထိုအခါ ဆရာဝန်ကြီးသည် ဘာလုပ်ပါဟု ညွှန်ကြားသည်။

ဒေါက်တာဦးသက်သာ တင်ပြသော ခွဲစိတ်ခံရန် အဆင်သင့်ဖြစ်နေသော လူနာများစာရင်းမှ အရင်ဆုံးခွဲစိတ်သင့်သူကိုသတ်မှတ်ပေးသည်။





ထို့ကြောင့် ဒေါက်တာဦးသက်သာသည် လူနာတစ်ဦးချင်း၏အခြေအနေကို အသေးအဖွဲမှအစ သိထားရန်လိုပေသည်။ အချို့ အချက်အလက်များကို လက်ထောက်ဆရာဝန်ကလေးများ၊ သူနာပြုဆရာမများမှတစ်ဆင့် သိရ၍ အချို့ကို သူနာများနှင့် ကိုယ်တိုင်တွေ့ဆုံပြီး မေးမြန်းရလေသည်။

လူနာဆိုသည်ကလည်း အမျိုးမျိုး။ ဆရာဝန်ကို မော့မကြည့်ရဲအောင် ကြောက်သူလည်းရှိသည်။ ဆရာဝန်ကြီးကလွဲ၍ ဘယ်သူ့မှ ဂရုမစိုက်သူလည်း ရှိသည်။ ခေါင်းကိုက်လို့ ဒက်ကြောကို ပရုတ်ဆီလိမ်းတာကအစ ဆရာဝန်ကို တိုင်ပင်ပြီးမှ လုပ်ချင်သူလည်းပါသည်။

တချို့ကလည်း တစ်မျိုး။ ဖတ်ဖူးကြားဖူးသော ဗဟုသုတကလေးဖြင့် ကိုယ့်ရောဂါအခြေအနေကို ခန့်မှန်းပြီး ကျွန်တော့်ကဖြင့် ဘာဖြစ်နေတာထင်တယ်ဟု ဆရာဝန်ကို ဆရာပြန်လုပ်သူလည်းပါသည်။

ဘယ်လို လူနာမျိုးပဲဖြစ်ဖြစ် ဒေါက်တာဦးသက်သာကတော့ ချိုသာစွာဆက်ဆံလေ့ရှိပါသည်။

(၃)

ဒေါက်တာဦးသက်သာသည် သဘောကောင်း၏။

လက်အောက်ငယ်သားအပေါ် ညှာတာတတ်သည်။

သို့ရာတွင် အလုပ်ဝတ္တရားနှင့် ပတ်သက်လျှင် အလွန်ဒိကျပြတ်သားသည်။ ဘယ်တော့မှ အမှားမခံတတ်ချေ။

သူက ပြောလေ့ရှိ၏။

"နိုင်ငံခြားဟာသ တစ်ခုရှိတယ်၊ ရှေ့နေတစ်ယောက်မှား သွားပြီဆိုရင် လူတစ်ယောက်ကို ခြောက်ပေအမြင့်လေး...



www.burmeseclassic.com

www.burmeseclassic.com

တဲ့လေထဲမှာ တွဲလောင်းကြီးဖြစ်သွားစေနိုင်သလို၊ ဆရာဝန်တစ်ယောက် မှားသွားပြီဆိုရင်လဲ လူတစ်ယောက်ကို မြေကြီးထဲခြောက်ပေအနက်လောက် ရောက်သွားစေနိုင်တယ်၊ အဲ. . . ရှေ့နေက သူ့အမှုသည်အတွက် အယူခံဝင်လို့ ရသေးတယ်၊ ဆရာဝန်ဆိုတာကတော့ သူ့လူနာအတွက် သေမင်းဆီမှာ အယူခံဝင်လို့ရတာ မဟုတ်ဘူး"

တစ်ခါကလည်း အလုပ်သင်ဆရာဝန်နှစ်ယောက် ပြဿနာဖြစ်ကြသည်။ ဆရာဝန်များသည် တစ်ယောက်နှင့်တစ်ယောက် တာဝန်လဲလျှင် "အိုဗာ" ပေးရသည်။ အိုဗာပေးသည် ဆိုသည်မှာ မိမိတာဝန်ချိန်အတွင်း လူနာများနှင့်ပတ်သက်သည့် ကုသချက်များ၊ ထူးခြားချက်များကို နောက်ဝင်မည့် အလှည့်ကျဆရာဝန်အား ရှင်းပြခဲ့ရခြင်းဖြစ်သည်။

ထိုနေ့က ပထမတာဝန်ကျသော အလုပ်သင်ဆရာဝန်က နောက်ဝင်ရမည့်သူကို အိုဗာပေးသည်။ နောက်လူက သေချာစွာနားမထောင်ဘဲ ခပ်ပေါ့ပေါ့ လုပ်နေပြန်သဖြင့် စကားများကြသည်။

ထိုအကြောင်းကို ဒေါက်တာဦးသက်သာ သိသွားသောအခါ သေချာစွာနားမထောင်သော သူကို ခေါ်ဆူသည်။

နောက်တစ်နေ့တွင် အလုပ်သင်ဆရာဝန် အားလုံးကို ခေါ်၍ ဆုံးမစကားပြောလေသည်။

"မင်းတို့သိထားဖို့က တပ်မတော်သားတွေတောင်မှ တိုက်ခိုက်ရေးလေ့ကျင့်တဲ့အခါ လူအစစ်တွေနဲ့ လေ့ကျင့်ရတာ မဟုတ်ဘူး၊ မင်းတို့ အခုလက်တွေ့ လေ့ကျင့်နေကြတာ လူအစစ်တွေနဲ့ကွ၊ စက်ရုပ်တွေနဲ့မဟုတ်ဘူး၊ တစ်ချက်ကလေးမှ ပေါ့ဆလို့မရဘူး၊ နည်းနည်းကလေးမှအမှားမခံဘူးဆိုတာနားလည်လား"



(၄)

ဒေါက်တာဦးသက်သာသည် အလုပ်နှင့် ပတ်သက်၍ အမှားမခံသော်လည်း အလုပ်ချိန်မှအပတွင် လက်အောက်ငယ်သားများနှင့် သူငယ်ချင်းလို ပေါင်းသင်းတတ်သည်။ သူသည် ပျော်ပျော်နေတတ်ပြီး လူငယ်ဆရာဝန်ကလေးများနှင့် ရင်းရင်းနှီးနှီးပေါင်းလေ့ရှိသည်။ အထူးသဖြင့် အလုပ်သင်ဆရာဝန်ကလေးများနှင့် ပို၍အဖွဲ့ကျသည်။

အလုပ်ချိန်ပြီးလျှင် ဆေးရုံရှိ သက်သာချောင်ချိရေးလက်ဖက်ရည်ဆိုင်တွင် လူငယ်ဆရာဝန်တစ်သိုက်နှင့် ရယ်ကာမောကာစကားပြောလေ့ရှိသည်။

ဒေါက်တာဦးသက်သာကို သဘောကျသော အချက်တစ်ချက်ရှိသေးသည်။ သူ၏ခန္ဓာဗေဒပညာရပ်ကြောင့် ဖြစ်လေသည်။ ဆေးတက္ကသိုလ်တွင် သင်ကြားခဲ့သော အနတ်တမီဘာသာရပ်ကို အခြေခံထားသော်လည်း ထပ်တူထပ်မျှမဟုတ်။

ဆင့်ပွားတီထွင်ထားသော ကိုယ်ပိုင်ပညာသာဖြစ်သည်။

ထိုပညာသည်ကား. . .

မိန်းကလေးတစ်ယောက်၏ခါးကိုကြည့်၍ အပျိုအအို ခွဲခြားနည်း။ ပြီးတော့ မိန်းကလေးတစ်ယောက်၏ အရပ်အနိမ့်အမြင့်၊ ကိုယ်ခန္ဓာအချိုးအစားနှင့် ကြွက်သားများလှုပ်ရှားပုံကိုကြည့်၍ ထိုမိန်းကလေးသည် နောက်ဆယ်နှစ်ခန့် ကြာသောအခါ ကိုယ်ခန္ဓာပုံသဏ္ဌာန် မည်သို့ ပြောင်းလဲသွားနိုင်သည်ဟု ခန့်မှန်းနည်း။ ဝတုတ်ပြဲကြီးဖြစ်သွားမည်၊ အထက်ကားအောက်ကားဖြစ်သွားမည်၊ သို့မဟုတ် ထိုအချိန်ထိ မကျဘဲ ထိန်းထားနိုင်မည်. . . စသည်ဖြင့်။



www.burmeseclassic.com

သူသည် မိန်းကလေးများကို ထိုသို့လေ့လာကြည့်ရှုရာတွင် မရိုးသားစိတ် လုံးဝမပါချေ။ ပညာရပ်တစ်ခုကို လေ့လာသည့်သဘောသာဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ "ငါ့အနေနဲ့တော့ မိန်းမတစ်ယောက်ကိုကြည့်လိုက်ရင် သူ့မှာဆယ်တွေလှုပ်ရှားမှုနဲ့ သူ့ခကယ်လီတန်ကိုပဲ မြင်တယ်၊ တခြားဘာမှ စိတ်ထဲမှာ မရှိဘူး"ဟု ဆိုတတ်သည်။

သူ့ပညာမှာ ယုံရခက်၊ မယုံရခက်ဖြစ်လေသည်။ ထိုပညာနှင့်ပတ်သက်၍ အတည်ပြောသလား၊ နောက်နေတာလား ဆိုသည်ကလည်း မည်သူမျှ မသိကြ။ သူ၏ခန့်မှန်းချက် မှန်,မမှန် စုံစမ်းကြည့်ဖို့ ဆိုသည်ကလည်း ဆယ်နှစ်လောက် စောင့်ကြည့်ရမည်ဖြစ်သည်။ ပြီးတော့ သူက ပြောလိုက်သေးသည်။

"ဒီကိစ္စမျိုး ဆိုတာက တိတိကျကျ ပြောရခက်သားလားကွ၊ အနေအထိုင် အစားအသောက်၊ လူနေမှုအဆင့်အတန်း၊ ကိုယ့်ခန္ဓာကို ထိန်းသိမ်းမှုဆိုတာတွေက ရှိသေးတာကိုး"

တစ်ခုတော့ရှိသည်။ အဆောင်တွင်ရှိသော ထဘီအပြာဝတ်သူနာပြုဆရာမကြီးသည် ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်၏။ သူ့ကိုကြည့်၍ ဒေါက်တာဦးသက်သာက "ခင်ဗျား ငယ်ငယ်တုန်းက သွယ်သွယ်ကျစ်ကျစ် စလင်းဘော်ဒီလေး မဟုတ်လား"ဟုမေးလိုက်ရာ ဆရာမကြီးက ဟုတ်မှန်ကြောင်းဝန်ခံရလေသည်။

(၅)

သို့ဖြစ်ရာ အလုပ်သင်ဆရာဝန်ကလေးများအကြားတွင် ဒေါက်တာဦးသက်သာနှင့်ပတ်သက်၍ ပဟေဠိတစ်ခုဖြစ်ပေါ်လာလေ၏။





ဒေါက်တာဦးသက်သာ၏ဇနီးဖြစ်သူကို တွေ့ဖူး၊ မြင်ဖူးလိုကြခြင်းပင် ဖြစ်သည်။ မိန်းမတို့၏ ကိုယ်ခန္ဓာအချိုးအစားနှင့်ပတ်သက်သော ပညာရပ်အကြောင်း ပြောလေ့ရှိသူ ဒေါက်တာဦးသက်သာ၏ ဇနီးဖြစ်သူသည် မည်ကဲ့သို့သော ကိုယ်ခန္ဓာပုံသဏ္ဌာန်မျိုး ရှိမည်နည်း။

ဒေါက်တာဦးသက်သာ၏ဇနီးကို မြင်ဖူးလိုက်လျှင် ဆရာကြီး၏ပညာရပ်အကြောင်းကိုလည်း အဖြေထုတ်ကြည့်လို့ရနိုင်စရာရှိသည်ဟု ယူဆကြသည်။

ခက်တာက ဒေါက်တာဦးသက်သာသည် ဇနီးဖြစ်သူကို ဆေးရုံသို့ တစ်ခါမျှခေါ်မလာခဲ့ဖူးချေ။

တစ်နေ့တွင် သူတို့၏ဆန္ဒ ပြည့်ဝစရာအကြောင်းတစ်ခုပေါ်လာလေသည်။ အလုပ်သင်ဆရာဝန်မကလေးတစ်ယောက်ဖြစ်သော ပိုပိုအောင် မင်္ဂလာဆောင်ခြင်းပင် ဖြစ်လေသည်။ မင်္ဂလာဆောင်သို့ ဒေါက်တာဦးသက်သာကိုလည်း ဖိတ်ကြားသည်။

သူငယ်ချင်းဆရာဝန်လောင်းလေးများ၏ဆန္ဒအရ ပိုပိုအောင်သည်. . ဒေါက်တာဦးသက်သာအား ဆရာကြီးဇနီးကိုသည်း ခေါ်ဖြစ်အောင်ခေါ်ခဲ့ပါဟု မေတ္တာရပ်ခံခဲ့၏။

မင်္ဂလာဆောင်နေ့တွင် အလုပ်သင်ဆရာဝန်ကလေးများအုပ်စုသည် သတို့သား၊ သတို့သမီး. . ပွဲထွက်လာမည်ထက် ဒေါက်တာဦးသက်သာတို့ ဇနီးမောင်နှံရောက်ရှိလာမည်ကို ပို၍စိတ်ဝင်စားနေမိကြသည်။

ဒေါက်တာဦးသက်သာသည် စောစောနှင့်ရောက်မလာသဖြင့် သူတို့တမျှော်မျှော်ဖြစ်ကြရသည်။ ဝင်ပေါက်ဆီသို့ မကြာခဏ လှမ်းကြည့်မိကြသည်။

www.burmeseclassic.com

ညည့်ခံပွဲပြီးရန် နာရီဝက်လောက် အလိုကျမှ ဒေါက်တာဦးသက်သာတို့ဇနီးမောင်နှံ ရောက်ရှိလာသည်။

လမ်းမှာ. . ကားပျက်နေသောကြောင့် နောက်ကျသွားရကြောင်း၊ သတို့သား သတို့သမီးတို့ကို တောင်းပန်သည်။

အလုပ်သင်ဆရာဝန်ကလေးများအုပ်စု၏ မျက်လုံးများသည် ဒေါက်တာဦးသက်သာ၏ဇနီးသို့ မီးမောင်းကြီးများပမာ စုပြုံရောက်ရှိသွားကြသည်။

ဆရာကြီး၏ဇနီးသည် မျက်နှာကလေးကတော့ လှပါသည်။ ကိုယ်ခန္ဓာကား ပုပု၊ ဝဝ၊ ဗိုက်ပူပူနှင့် တော်တော်အကြည့်ရဆိုးလှသည်။

(၆)

ထိုကိစ္စနှင့်ပတ်သက်၍ ထင်မြင်ချက် အမျိုးမျိုးပေးကြသည်။ တချို့က ဆရာကြီး၏ခန္ဓာဗေဒပညာရပ်သည် တကယ်မဟုတ်၊ နောက်ပြောင်ခြင်းသာ ဖြစ်သည်ဟု ဆိုကြသည်။

တချို့ကလည်း ဆရာကြီးသည် သူ့ဇနီးကို သူ့ဖာသာရွေးချယ်ခဲ့ခြင်းမဟုတ်။ မိဘများက ပေးစားသောကြောင့် ယူရခြင်းဖြစ်လိမ့်မည်ဟု ခန့်မှန်းကြသည်။

တချို့ကတော့ ဆရာကြီး လက်ထပ်ခဲ့စဉ်က ဒီပညာတွေမတတ်သေးလို့သာ ဒီလို ပုံပျက်သွားမည့် ဇနီးကို အရွေးမှားခဲ့ခြင်းဖြစ်လိမ့်မည်ဟု အထင်ရှိကြသည်။

ထို့ကြောင့် သူတို့၏ပဟေဠိမှာ မပြီးဆုံးသေးဘဲ ရှိနေ၏။ ဆရာကြီးကိုယ်တိုင်က အကြောင်းစုံဖွင့်ပြောမှသာ သိနိုင်စရာရှိလေသည်။



(၇)

သူတို့ဆန္ဒ ပြည့်ဝခဲ့ရပြန်သည်။ ဤဆေးရုံတွင် လက်တွေ့ဆင်းရသည့် ရက်တွေပြီးဆုံးပြီး နောက်ဆေးရုံတစ်ခုသို့ ပြောင်းရမည့်အချိန်ရောက်လာသည်။ ထုံးစံအတိုင်း နောက်ဆုံးနေ့တွင် ခိတ်ဆုံစားပွဲလေးပြုလုပ်ကြသည်။

ညနေပိုင်းမှာတော့ ဒေါက်တာဦးသက်သာ တစ်ယောက်ဘည်းကို သီးသန့်ပြုစုပါရစေဆိုပြီး အင်းလျားကန်ဟိုတယ်သို့ ဖိတ်ကြားခေါ်ဆောင်သွားကြသည်။

ဒေါက်တာဦးသက်သာက အရက်ပြင်း မသောက်တတ်သဖြင့် ဘီယာသာသောက်သည်။ ကျန် အလုပ်သင်ဆရာဝန်ကလေးများက ဝီစကီသောက်ကြသည်။ အချိန်အတန်ကြာသောအခါ အရက်ဝိုင်းတို့၏ထုံးစံအတိုင်း ရှိရင်းစွဲထက် ပို၍ရင်းနှီးလာကြသည်။ လူငယ်တွေကလည်း ပြောရဲဆိုရဲရှိလာကြသည်။ အုပ်စုထဲမှ နှုတ်အသွက်ဆုံးဖြစ်သော အလုပ်သင်ဆရာဝန်ကလေးတစ်ယောက်က . . .

"ဆရာကြီးကို ကျွန်တော်တို့ တစ်ခုမေးခွင့်ပြုပါခင်ဗျာ"

"မေးပါ. . မေးပါ၊ ဘာမေးမလဲ၊ ကြိုက်တာမေး"

"ဒီလိုပါဆရာကြီး ကျွန်တော်တို့က လူငယ်တွေဆိုတော့ အချစ်အကြောင်းကို စိတ်ဝင်စားကြပါတယ်၊ အဲဒါ ဆရာကြီး ငယ်စဉ်က ဇာတ်လမ်းလေးတွေ. . ."

ဒေါက်တာဦးသက်သာသည် ဟားတိုက်ရယ်မောလိုက်လေသည်။ အားလုံးကြောင်ကြည့်နေကြရသည်။

"ဟားဟား. . လတ်စသတ်တော့ မောင်ရင်တို့က ကိုယ့်ကိုစစ်ဆေးမေးမြန်းချင်လို့ ဒီကို. . . ခေါ်လာတာကိုး ဟုတ်လား၊


www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်ကွာ. . ရပါတယ်၊ မောင်ရင်တို့မေးချင်တဲ့ အခိုက အချက်ကို မေးရခက်နေမှာစိုးလို့ ကိုယ်ကပဲ မမေးခင် ဖွင့်ပြောပါ့မယ်၊ ကိုယ့်မိန်းမအကြောင်းလေ၊ ဟဲ. . ဟဲ"

အားလုံး ရယ်ကျဲကျဲလုပ်နေကြရသည်။

"ဒီလိုကွ၊ မောင်ရင်တို့စိတ်ထဲက ထင်ကြလိမ့်မယ်၊ ဆရာကြီးရဲ့ ကိုယ်ပိုင်ခန္ဓာဗေဒပညာက သူ့မိန်းမနဲ့ကျတော့. . တလွဲတချော်ကြီးပါလားလို့၊ ဘယ်မိန်းကလေးက နောက်ဆယ်နှစ်ကြာရင် ဘယ်လိုခန္ဓာကိုယ်အချိုးအစားဖြစ်မယ်ဘာညာပြောပြီး သူ့မိန်းမကျတော့ မခန့်မှန်းနိုင်ခဲ့ပါလားလို့ပေါ့ ဟုတ်လား"

ဒေါက်တာဦးသက်သာသည် စကားခဏရပ်ပြီး ဖန်ခွက်ထဲရှိ ဘီယာကျန်ကို မော့ချလိုက်သည်။

တပည့်တစ်ယောက်က ထပ်ငှဲ့ပေးသည်။

"ကိုယ့်မိန်းမကို ကိုယ်ကိုယ်တိုင် စိတ်ကြိုက်ရွေးခဲ့တာပါပဲ၊ အဲ. . ကိုယ့်မိန်းမဟာ ခုမှ ဒီလိုပုံပျက်ပန်းပျက် ဖြစ်သွားတာမဟုတ်ဘူးကွ၊ ကိုယ်နဲ့စတွေ့ကတည်းက ခုထက် နည်းနည်းပိန်တာရယ်၊ မျက်နှာကလေးလှတာရယ်က လွဲရင် သူ့ဘော်ဒီစထရက်ချာက သိပ်ပုံလာတာမဟုတ်ဘူး၊ အေးကွ. . ပြောသာပြောရတယ်၊ သူနဲ့ကိုယ်နဲ့ ကြိုက်သွားကြပြီးတဲ့အထိ သူ့ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ဖို့နေနေသာသာ. . သူ့မျက်နှာတောင် စေ့စေ့ကြည့်ရဲခဲ့တာမဟုတ်ဘူး၊ ကိုယ်ကြည့်ရဲတာက သူ့စိတ်ကိုပဲ၊ ကိုယ့်မိန်းမ အရွေးမမှားခဲ့ပါဘူး၊ အရေးကြီးဆုံးက နှလုံးသားပါကွာ" ဟုပြောပြီးလျှင် တပည့်တစ်ယောက်အသင့်ငှဲ့ထားသော ဘီယာခွက်ကို တစ်ရှိန်ထိုးမော့ချလိုက်လေသည်။

(ပမ္မဝတီမဂ္ဂဇင်း၊ ၁၉၈၃)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## ဦးဖိုးစိန်နှင့်ဦးဖိုးသာ

"ဘုရားဒကာ ဦးဖိုးစိန်ကြီးများ ဦးလေးတို့မြို့ကို လာပြီလား ဆိုမှဖြင့် သင်္ဘောဆိပ်တောင် ဆင်းကြည့်စရာ မလိုဘူး၊ အိမ်မှာ ထိုင်နေရင်းကိုက သိနိုင်တာပဲ"

ဦးလေးဦးဖိုးသာသည် စကားကို ခဏရပ်သည်။ ကြမ်းခင်းကိုဖြတ်၍ ပတ္တာတပ်ထားသော ပျဉ်ပြားကို လှပ်ပြီး ကြမ်းပေါက်မှ ကွမ်းတံတွေး ထွေးချသည်။ နှုတ်ခမ်းထောင့်စွန်းမှာ သီးနေသော ကွမ်းသွေးစကို လက်ဖမိုးဖြင့် သုတ်လိုက်၏။

"ဘာဖြစ်လို့လဲ ဦးလေး"

ကျွန်တော်က စကားဝင်ထောက်ပေးသည်။

"ဘာကြောင့်ဆို သင်္ဘောဦးမှာ ကြေးအမြောက်တစ်လက် ပါလာတာကိုး၊ မြို့အဝင်မှာ ထိန်းခနဲအမြောက်တစ်ချက်ဖောက်ပြီး မှဝင်လာတာ၊ ပြီးတော့ ရေကင်းတီး၊ ယိမ်းသမတွေက,ရင်းသင်္ဘော ဝင်လာတာ တယ်ကျက်သရေရှိတာကိုး"

ကျွန်တော် ဆက်နားထောင်နေသည်။

"သင်္ဘောပေါ်က ဆင်းလာတဲ့အခါကျတော့လဲ ဘေးတစ်ဖက်တစ်ချက်စီက ဘော်ဒီဂတ်နှစ်ယောက်ပါသေးတယ်၊ အင်္ဂလိပ်အစိုးရက ပေးထားတဲ့ မျက်နှာဖြူစစ်ပိုလ်တွေပေါ့၊ အဲဒီကာလမှာ မြန်မာလူမျိုးကို အင်္ဂလိပ်မျက်နှာဖြူက သက်တော်စောင့်ပေးရ တယ်ဆိုတာ တော်တော့်ဘုန်းကံလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



သည်လောက်တော့. . မဖြစ်နိုင်ဟု စိတ်ထဲက တွေးလိုက်သည်။ ဦးဖိုးစိန်ဇာတ်အဖွဲ့ထဲမှာ ကပြားတွေကို အလုပ်ခန့်ထားသည်ဟု ကြားဖူးသည်။ ဒါကို အင်္ဂလိပ်လူမျိုးသက်တော်စောင့်ဟု ထင်ကြတာ ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်တွေအုပ်စိုးနေချိန်တွင် အင်္ဂလိပ်လူမျိုးကို မိမိလက်အောက်မှာ အခစားလုပ်စေခြင်းကတော့ ဦးဖိုးစိန်၏အရှိန်အဝါကို ဖော်ပြနေလေသည်။

ကျွန်တော် ဘာမျှတော့ ပြန်မပြောလိုက်။

"အဲဒီအခါမှာ ကြိုဆိုကြတဲ့ ပရိသတ်က ကမ်းလုံးညွတ်မျှပေါ့၊ စကားအဖြစ်ပြောတာ မဟုတ်ဘူး၊ တကယ့်ကို. . ကမ်းလုံးညွတ်တာ၊ အဲဒီလူအုပ်ထဲမှာ ရှေ့ဆုံးတန်းက တိုးဝှေ့ကြည့်နေတာ ဦးလေးပေါ့၊ ဒီတုန်းက ဦးလေးက လူပျိုပေါက်အရွယ်၊ဘုရားဒကာ ဦးဖိုးစိန်ကြီးကို တစ်ခါမှမမြင်ဖူးသေးဘူး၊ ဟော, တော်တော်ထူးခြားတဲ့ပုဂ္ဂိုလ်ကွယ့်၊ မှင်မောင်းကလဲ တယ်ကောင်းတာပဲ၊ ပြီးတော့ အသက်အရွယ်ကိုလဲ ခန့်မှန်းလို့ မရဘူး၊ ပါရမီထူးတဲ့သူတွေသာ ဒါမျိုးဖြစ်တတ်တာ၊ ပရိသတ်ကြားထဲကဖြတ်လျှောက်ရင်း ဦးလေးတို့ဘက်လှည့်ကြည့်ပြီး ပြုံးပြသွားတာ ခုထိ မျက်စိထဲက မထွက်ဘူး၊ ဘယ်သူပြုံးပုံနဲ့မှ မတူတာ အမှန်ပဲ"

နှုတ်ခမ်းစွန်းတွင် ကွမ်းသွေးသီးလာပြန်သည်။

သည်တစ်ခါတော့ မတွေးဖြစ်သေးဘဲ ဦးဖိုးစိန်ကြီး၏ အပြုံးဆိုတာကို ပြန်လည်မြင်ယောင်ကြည့်နေဟန်တူ၏။

ဦးဖိုးစိန်အပြုံးကတော့ ဘယ်လိုနေမည် မသိ။ ယခု ဦးလေးဦးဖိုးသာ၏အပြုံးကား တခြားဘယ်သူနှင့်မှ မတူတာအမှန်ပင်။

■

ဦးလေးဦးဖိုးသာသည် ကျွန်တော့်သူငယ်ချင်း စိုးသောင်းတို့အဖေဖြစ်သည်။





ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်သည် တစ်ပတ်လျှင် တစ်ခါနှစ်ခါတော့ သူတို့အိမ်မှာ ဆုံမြဲဖြစ်၏။ စိုးသောင်းက လမ်းများတတ်သူဖြစ်သည်။ မကြာခဏဆိုသလို အိမ်မှာ သူမရှိဘဲဖြစ်နေတတ်သည်။ ဒေါ်လေးကလည်း သူ့ချက်ရေးပြုတ်ရေးအလုပ်ဖြင့်သာ ရှုပ်နေတတ်၏။ ထိုအခါ ဦးလေးဦးဖိုးသာနှင့်သာ စကားလက်ဆုံကျရင်း စိုးသောင်းအလာကို စောင့်ရတတ်လေသည်။

စကားလက်ဆုံကျသည်ဆိုသော်လည်း လူကြီးသူမတို့ ထုံးစံအတိုင်း သူပြောသည်ကို ကျွန်တော်က နားထောင်ရခြင်းဖြစ်၏။

ဦးလေးဦးဖိုးသာ ပြောလေ့ရှိသည့် အကြောင်းအရာများကား အစုံပင်။ သူ စကားပြောလျှင် လေးလေးမှန်မှန်သာပြောလေ့ရှိသည်။ သို့ရာတွင် ပျင်းစရာမကောင်း။

တချို့ လူတွေလို သွက်သွက်လက်လက် ပြောတတ်သော်လည်း အကြောင်းအရာတွေ ဟိုရောက်သည်ရောက် မဟုတ်ချေ။ စလယ်ဆုံး ရှင်းနေအောင်ပြောတတ်သည်။

■

ဦးဖိုးစိန်ကို ဘုရားဒကာဦးဖိုးစိန်ကြီးဟု သူ သုံးနှုန်းလေ့ရှိသည်။

"အဲဒီလို မင်းသားမျိုးက ရှားတယ်ကွ၊ အေးလေ, ရှားတာမဟုတ်ဘူး၊ သူ့အပြင် ရှိကိုမရှိတာ၊ ပြောစရာအပြစ်ကိုရှာလို့မရဘူး၊ ရုပ်လဲရှိတယ်၊ အရပ်က မနိမ့်မမြင့်၊ ကိုယ်လုံးက မပိန်မဝ၊ ဇာတ်မင်းသားများမှာ ကိုယ်လုံးကိုယ်ပေါက်အနေနဲ့ကလဲ လိုသေးတယ်၊ ဘုရားဒကာ ဦးဖိုးစိန်ကြီးကျတော့ မင်းသားအဆက်အပေါက်မျိုးကွက်တိပဲ၊ အသံကလဲ ကောင်းတယ်၊ ဘယ်လောက်အော်အော်အော်သလောက် ထွက်တာပဲ၊ အသံဝင်တယ် တိမ်တယ် မရှိဘူး၊ အက,ကျတော့ကော. . သူ့ခြေက,ဟာ တယ်ကြည့်ကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကလား၊ သူ မကဘဲ လက်ပိုက်ပြီးရပ်နေရင်တောင် က,နေသလို လှတယ်၊ အပြောလဲ ကောင်းတယ်၊ လွမ်းပြီဆိုရင်လဲ ပရိသတ်ကျေနပ်လောက်အောင် လွမ်းနိုင်တာ"

ဦးလေးဦးဖိုးသာသည် ဦးဖိုးစိန်၏ "အဟဲ"ကိုဘယ်လောက်ထိစွဲခဲ့သလဲမသိ။ သူစကားတစ်ခွန်းနှင့်တစ်ခွန်းအဖြတ်အတောက်ကြားတွင် "ဟဲ. . ဟ"စသည်ဖြင့် "ဇာတ်ရေလှ"ကရုလေးတွေ ပါနေတတ်လေသည်။

"အပြောအဆို အငိုအကတွင် မကဘူး၊ အသောလဲရတယ်၊ များသောအားဖြင့် ဇာတ်မင်းသားတွေမှာ လူပြက်ဖွေသောတာကိုသာ ခံရတာများတယ်၊ ပြန်မပြောတတ်ဘူး၊ ဘုရားဒကာ ဦးဖိုးစိန်ကြီးကတော့ လူပြက်တွေနဲ့ ပြိုင်သောနိုင်တယ်" ဆိုပြီး သူအလွတ်မှတ်ထားသည့် ဦးဖိုးစိန်နှင့်မအေးစိန်နှစ်ပါးသွားမှအကွက်တစ်ကွက်ကို ပြောပြ၏။

"မအေးရေ"

"ကိုကြီးစိန်"

"ကိုကြီးစိန် ကိုကြီးစိန်နဲ့ မအေးဆိုတဲ့အတိုင်း အေးပေ့ဗျာ"

(လူပြက် ကိုကြုံတိုင်း)

"အေးတာ ကောင်းတယ်ဆရာရဲ့၊ ပူတာ မကောင်းဘူး"

"နားပူနားဆာတော့ မရှိပါဘူးကွယ်၊ သနားစရာကလေးပါပဲ၊ 'သနားစရာလေးမို့ မယားကညာ အေးရယ်၊ တစ်ဖဝါးမှမကွာ ထွေးမယ်ကွယ့် မယ်အေးရယ်'နော်၊ မယ်အေး. ."

(လူပြက်) "ကျွန်တော်က ဆရာ့ ခေါ်စာသာ ကျွေးလိုက်ချင်တော့တာပဲ"

(ဦးဖိုးစိန်) "ခွေးမသားကြီး. . . သေသွားမယ်၊ နင်က ငါ့ဘာကြောင့် ခေါ်စာကျွေးချင်ရတာတုံး"

(လူပြက်) "မယ်အေးအတွက်တွေပေါ့"





(လူပြက်-၂) "တို့ကတော့ ဆရာစိန်ကို အားသာပေးချင်တော့တာပဲ"

"ဘာဖြစ်လို့လဲ"

"ရအောင်. . ရအောင် . . မယ်အေးကို"

(ဦးဖိုးစိန်)

"ဒါဖြင့် နင်တို့ ကုလားရှာပေးလိုက်လေ"

(လူပြက်)

"ဒါဖြင့် တို့ သိကြားပါသေးလား"

(ဦးဖိုးစိန်)

"ကြုံတိုင်းတို့က ပေါ်နေပေါ့ကိုး"

▮

ဦးဖိုးစိန်သည် ပထမကျောင်းသားသပိတ်ကို မထောက်ခံခဲ့သဖြင့် ကျောင်းသားများနှင့် ပြဿနာဖြစ်သည်။ ကျောင်းသားများက ဦးဖိုးစိန်ဇာတ်ကို မကြည့်ကြဘဲ သပိတ်မှောက်ကြရန် လှုံ့ဆော်သည်။ ပွဲကြည့်ပရိသတ်များသည် ဦးဖိုးစိန်ဇာတ်ကို အလွန်ကြည့်ချင်ကြသော်လည်း ကျောင်းသားများ၏ဆန္ဒအတိုင်းသပိတ်မှောက်ကြ၏။ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်သည် ပြည်သူများတွင် တညီတညွတ်တည်းရှိနေကြောင်း ဦးဖိုးစိန် သိသွားသည်။

သူသည် ဗြိတိသျှအစိုးရကို ဂုဏ်ပြုသောသီချင်းများ သီဆိုခြင်း၊ သူ့ဇာတ်ထဲတွင် ယူနီယံဂျက် အလံယိမ်းက,ပြခြင်းများ ပြုလုပ်ခဲ့၏။ နောက်ပိုင်းတွင်မူ ဂျီစီဘီအေအသင်းသို့ အလှူငွေများ လှူ၍,ဝှက်စွာ ထည့်ဝင်ခဲ့သည်။

ထို့ကြောင့် သူသည် အင်္ဂလိပ်အစိုးရနှင့် သင့်မြတ်အောင်နေပြီး တစ်ဖက်က နယ်ချဲ့ဆန့်ကျင်သူများနှင့် ပြဿနာမဖြစ်အောင် ကြားနေနေကြောင်း သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးဖိုးသာ၏ပြောပြချက်အရ လူမှုရေးကိစ္စများမှာတော့ ဦးဖိုးစိန် ရက်ရက်ရောရော ရှိတတ်သည်ဟု ဆို၏။

"ကျောင်းသားတွေနဲ့ ကိစ္စတုန်းက တော်တော်နာမည်ပျက်သွားသေးတယ်၊ ပရိသတ်တွေကပါ ကျောင်းသားတွေဘက်ကပါပြီး ပွဲမကြည့်ဘဲနေကြတာ သုံးလေးလလောက်ကြာတယ်၊ ဦးဖိုးစိန်ကြီးကိုယ်တိုင် ဝန်ချတောင်းပန်မှ ပြေလည်သွားတယ်၊ နိုင်ငံရေးတွေ ဘာတွေ သိပ်နားမလည်ရှာလို့ ဒီလိုဖြစ်ရတယ်ထင်ပါရဲ့ကွာ၊ စိတ်ရင်းက တကယ်ကောင်းပါတယ်၊ အင်္ဂလိပ်အစိုးရနဲ့အဆင်ပြေတယ်၊နာမည်ကျော်ကြားတယ် ချမ်းသာတယ်ဆိုပြီး မောက်မောက်မာမာ မရှိပါဘူး၊ ပရိသတ်ကို သိပ်လေးစားတာ၊ နေမကောင်းလို့ပွဲကူးလာရတာ ပင်ပန်းတယ်ဆိုပြီး လျှော့က,တာမျိုး ဘယ်တော့မှမလုပ်ဘူး၊ သူပြောတာ တစ်ခုရှိတယ်၊ ကိုယ်က လျှော့က,မှာမို့ရုံဝင်ခကိုကျတော့ လျှော့ယူကြတာမဟုတ်ဘူး၊ အပြည့်ပဲယူကြတာပဲ၊ ဒီတော့ ကိုယ်ကလဲ အပြည့်ပဲ က,ပေးရမှာပေါ့တဲ့၊ နောက်ပြီးရှိသေးတယ်၊ငါက မင်းသားဆိုပြီးဟိတ်ဟန်မလုပ်ဘူး၊ပွဲမက,ခင်ရုံနောက်ကနေ သူ့ကိုသွားနှုတ်ဆက်တဲ့လူတိုင်းကို ဆင်းရဲချမ်းသာမရွေး ကောင်းကောင်းမွန်မွန် ဧည့်ခံလွှတ်လိုက်တာချည်းပဲ၊ တစ်ခါလဲမှတ်မိသေးတယ်. . ."

ထိုနေ့က ပွဲသိမ်းည ဖြစ်သည်။

ဦးလေးဦးဖိုးသာသည် ပထမနှစ်ညဆက်တိုက်ကြည့်ခဲ့ပြီးပြီးအားမရသေး။ ဒီညပါ ကြည့်ချင်သည်။ နောက်ပိုင်းဇာတ်ကလည်း မင်းကုသဆိုတော့ သူ့အသည်းစွဲ။ သို့ရာတွင် ရုံဝင်ခ ပေးစရာပိုက်ဆံခြောက်ပဲ မရှိ။ ပထမနှစ်ည ကြည့်လိုက်သဖြင့် ကုန်သွားပြီ။ မိဘတွေဆီက ထပ်တောင်းလို့လည်း ရတော့မည် မဟုတ်ချေ။

ထို့ကြောင့် ရုံနောက်ဘက်သွားပြီး ဦးဖိုးစိန်ကို ချောင်းကြည့်ခြင်းဖြင့်သာ အာသာဖြေရလေသည်။





ဦးဖိုးစိန်သည် ထရံကြားမှ ပြူတစ်ပြူတစ်လုပ်ရင်း ချောင်းကြည့်နေကြသော ချာတိတ်တစ်သိုက်ကို မြင်သောအခါ. . .

"မင်းတို့ ဘာကြည့်ကြတာလဲကွယ့်"

နှုတ်သွက်သော လူငယ်လေးတစ်ယောက်က . . .

"ဆရာကြီးကို မမြင်ဖူးလို့ လာကြည့်ကြတာပါ"

"ဇာတ်ကနေတုန်းက မြင်ဖူးသားမဟုတ်လား"

"ဇာတ်ထဲမှာတော့ မြင်ဖူးတာပေါ့၊ ဒါပေမယ့် ကျွန်တော်တို့က ဟိုးနောက်က ကြည့်ရတာဆိုတော့ ဘယ်သဲသဲကွဲကွဲ ရှိပါ့မလဲဗျ"

"ဒါဆို. . ဒီညရှေ့တန်းကရအောင် လာကြည့်လှည့်ပေါ့"

"မကြည့်နိုင်တော့ပါဘူး ဆရာကြီးရာ၊ ဟိုနှစ်ည ကြည့်လိုက်ဘာကုန်ပါရောလား၊ ဒီညအတွက်တော့ ရုံဝင်ခတောင် မရှိတော့ဘူး၊ ဒါကြောင့် ဆရာကြီးအဝတ်လဲတာပဲ အာသာပြေကြည့်ရတော့မှာပဲ"

"ဪ. . ဒီလိုကိုး. . . ကိုင်း. . ကိုင်း. . ဒီညအဖို့တော့ ကျုပ်ကပဲ ဒကာခံပြီးပြပါ့မယ်ဗျာ၊ ဟောဒီ နောက်ပေါက်ကသာ ခိုးထဲဝင်ကြပေတော့၊ ပွဲထွက်ချိန်လဲ နီးနေပြီ၊ ဆိုင်းဝိုင်းနောက်နားမှာ ကျုပ်ဧည့်သည်တွေအတွက် သီးသန့်နေရာရှိတယ်၊ သွားထိုင်ကြပေတော့၊ တစ်ယောက်ယောက်က လာမေးရင် ကျုပ်တို့ဖိုးစိန်ရဲ့အရင်းနှီးဆုံး မိတ်ဆွေတွေပဲလို့ ခပ်တည်တည်သာပြော၊ ကြားလား"

ဒါကြောင့်လည်း ဦးဖိုးစိန်ကို ဦးလေးဖိုးသာတို့ စွဲတာပဲဟု ကျွန်တော် တွေးမိသည်။

"အဲဒီနေ့က ဦးလေးတို့မြင်လိုက်တာ တစ်ခုရှိတယ်၊ ဦးလေးတို့မြို့ပေါ်က ကြီးကြီးမားမားဝတာကတော်ကြီးတွေ၊ သူဌေးမကြီးတွေ၊ သူတို့သမီးတွေ ဦးဖိုးစိန်ကိုလာပြီး မိတ်ဖွဲ့ကြတာ၊ စားစရာ မုန့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သရေစာတွေ၊ လက်ဆောင်ပစ္စည်းတွေနဲ့ပေါ့၊ တချို့ဆို ပွဲထိုင်ဆေး ပေါ့လိပ်ကြီးတွေ ပေးကြသကွယ့်"

ကျွန်တော် ကြွေဆည်ထားသည့်ကြားက. . မျက်နှာပြုံး ယောင်ယောင် ဖြစ်သွားသည်။ ခုခေတ် မင်းသားကျော်များ ဖြစ်ကြသော သစ္စာမေတ္တာ ရွှေညီအစ်ကိုများ၊ မိုးဝင်း၊ နန်းဝင်းတို့နှင့် တကွ ဦးဖိုးစိန်၏မြေးများဖြစ်ကြသော ရဲစိန်၊ ညီဝင်းစိန်တို့ဆိုလျှင် ပရိသတ်က ပန်းကုံးစွပ်ခြင်း၊ ပန်းစည်းများပစ်ပေးခြင်း၊ ဇာတ်စင် ပေါ်သို့ ဆီးသီးထုပ်၊ မရန်းပြားထုပ်များ ပစ်တင်ခြင်း စသည်တို့ အပြင် ဇာတ်ရုံနောက်ဘက်မှလည်း လက်ဆောင်ပစ္စည်းများ ပို့ တတ်ကြရာ၊ ဆေးလိပ်ဆိုလျှင် ငါးသုံးလုံးစီးကရက် တစ်တောင့် လောက်က အနိမ့်ဆုံး။ ခု ဦးဖိုးစိန်ကို ဆေးပေါ့လိပ်လက်ဆောင် ပေးတယ်ဆိုသဖြင့် ကျွန်တော် ပြုံးမိခြင်းဖြစ်သည်။

သို့ရာတွင်. . .

"ဆေးပေါ့လိပ်ဆိုလို့ ပေါ့သေးသေး မမှတ်နဲ့ကွ၊ ဆေးပေါ့ လိပ်ဖင်မှာ ရွှေဒင်္ဂါးပြားကပ်ပြီး ပေးတာ"

"ခင်ဗျာ"

ထိုအခါကျမှ ကျွန်တော် အံ့သြရသည်။ ရွှေဒင်္ဂါးတစ်ပြား လျှင် ငါးမူးသားရှိသည်ဟု ကျွန်တော် သိထားသည်။ ဟိုအရင်က တော့မသိ။ ခုခေတ် ဈေးနှင့်ဆိုလျှင် သုံးထောင်ပတ်ဝန်းကျင် လောက်တန်မည်။ ဦးလေးဦးဖိုးသာကတော့ ကျွန်တော် အံ့သြ သွားသည်ကို ကြည့်၍ ကျေနပ်စွာ ပြုံးနေလေသည်။

---

"ငါတို့. . လူပျိုပေါက်ဘဝက နန်းရင်းဝန် ဖြစ်ချင်သလား၊ ဦးဖိုးစိန်ဖြစ်ချင်သလားမေးရင် ဦးဖိုးစိန်ပဲဖြစ်ချင်တယ်လို့ ဖြေကြမှာ ပဲကွယ့်"





. . . ဟုပြောခဲ့သော ဦးလေးဦးဖိုးသာသည် ကွယ်လွန်သွား ခဲ့ပြီဖြစ်ပါသည်။

သူ ကွယ်လွန်သွားပြီး. . တစ်လခန့်အကြာတွင် ကျွန်တော့် သူငယ်ချင်းစိုးသောင်းသည် သူ့အဖေထံမှ အမွေရလိုက်သော သေတ္တာကလေးကို ဖွင့်ကြည့်လေ၏။

ဦးလေးဦးဖိုးသာ အမြတ်တနိုးထားသော ပစ္စည်းကလေး တွေ စုဆောင်းထည့်သွင်းထားသည့် သေတ္တာကလေးဖြစ်ပါသည်။ ကျွန်းသားဖြင့်ပြုလုပ်ထားပြီး ကြေးဝါလက်ကိုင်နှစ်ဖက်တပ်ထား သည်။ မူလ သော့ပေါက်က ပျက်နေသဖြင့် မျောက်လက်အသင် တပ်ပြီး သော့ခလောက်နှင့်ခတ်ထားသည်။

ထိုအချိန်က ကျွန်တော်လည်း ရှိနေသဖြင့် သေတ္တာဖွင့်ရာ တွင် ကြည့်ခွင့်ရခဲ့သည်။

သေတ္တာထဲမှာ ငွေကွမ်းအစ်ကလေးတစ်လုံး၊ တရားစာအုပ် လေးငါးဆယ်အုပ်၊ စိပ်ပုတီးတစ်ကုံး၊ မှတ်စုစာအုပ်တစ်အုပ်၊ အိုဂျီဗယ်လက်ပတ်နာရီတစ်လုံး။ ပြီးတော့ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော ဦးဖိုးစိန်ဇာတ်ကြော်ငြာစာရွက်များ၊ သူ့လက်ရေး ဖြင့်ကူးထားသော ဦးဖိုးစိန်သီချင်းများ၊ ကတ္တီပါအိတ်ရှည်ကလေးဖြင့် ထည့်ထားသော ခပ်ပြားပြား ခပ်ဝိုင်းဝိုင်းအရာတစ်ခုကို ကျွန်တော် တို့စိတ်ဝင်စားမိကြသည်။ စိုးသောင်းက အိတ်ကိုဖွင့်ပြီး ဆွဲထုတ် လိုက်သည်။

ဓာတ်ပြားတစ်ချပ်၊ ခွေးကံဆိပ်ဓာတ်ပြား ကုမ္ပဏီတံဆိပ်နှင့် ကာလကတ္တားတွင် အသံသွင်းထားခြင်းဖြစ်သည်။ ဓာတ်ပြားတစ် ဖက်တွင် "မောင်ဖိုးစိန် နှစ်ပါးသွားဆို"ဟုလည်းကောင်း၊ ကျန်တစ် ဖက်တွင် "မောင်အောင်ဗလ နှစ်ပါးသွားဆို"ဟုလည်းကောင်း မြန်မာအင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးထားသည်။ ဓာတ်ပြားပေါ် တွင် အင်္ဂလိပ်စာတန်းတစ်ခု ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်နာမည်ကို ရေးထားခြင်း ဖြစ်မည်။

ကျွန်တော်တို့နှစ်ယောက်သည် ထိုစာတန်းကို အမျိုးမျိုး အသံထွက်ကြည့်ကြ၊ အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ကြည့်ကြသော်လည်း မရဘဲဖြစ်နေလေသည်။ "Yamanezeshoe'zat" ဟု ရေးထား၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့အဖို့ အဖိုးတန်သော ပစ္စည်းတစ်ခု ရရှိခြင်းပင်ဖြစ်သည်။ ထိုဓာတ်ပြားကို ဖွင့်နားထောင်နိုင်ရန် အတွက် ဓာတ်စက်လိုက်ရှာကြရသည်။

ခုခေတ်မှာ ကက်ဆက် ရီကော်ဒါခေတ်ဖြစ်၍ ဓာတ်စက်ကို လွယ်လွယ်ကူကူ ရှာမရ။

ကံအားလျော်စွာ တစ်ရက်တွင် ကျွန်တော်တို့ရပ်ကွက်ထိပ်က ရေဒီယိုကက်ဆက်ပြင်ဆိုင်မှာ လာအပ်ထားသော လက်လှည့်ဓာတ်စက်တစ်လုံးကို တွေ့ရသည်။

တောင်းတောင်းပန်ပန်နှင့် ခဏငှားပြီး ဦးဖိုးစိန်ဓာတ်ပြားကို ဖွင့်နားထောင်ကြည့်ကြ၏။ ဓာတ်စက်က သိပ်မကောင်း။ ဓာတ်ပြားကလည်း ဟောင်းနေပြီ။ နည်းနည်းအက်ကွဲနေသည်။ အချို့နေရာများတွင် အသံပီပီသသထွက်မလာသဖြင့် သီချင်းစာသားကို သဲသဲကွဲကွဲ မကြားရ။ အက်ကွဲနေသည့်နေရာကို အပ်သွားဖြတ်သွားသည့်အခါတွင် ဒုတ်ခနဲ ဒုတ်ခနဲ မြည်နေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့နှစ်ယောက်သည် ထိုဓာတ်ပြားကို အခေါက်ပေါင်းများစွာ နားထောင်ကြသည်။ ဦးလေးဦးဖိုးသာတွင် ကိုယ်ပိုင်ဓာတ်စက် မရှိချေ။

သို့ဖြစ်လျှင် ထိုဓာတ်ပြားကို အဘယ်ကြောင့် သိမ်းဆည်းထားရပါသနည်း။ အချို့နိုင်ငံများတွင် ကမ္ဘာကျော်အနုပညာရှင်တို့၏အသုံးအဆောင်ပစ္စည်းများ၊ လက်ရေးမူများ၊ သူတို့နှင့်ပတ်သက်နေသောပန်းချီကားများ၊ ဓာတ်ပုံများကို ငွေသိန်းသန်းချီ၍ ပေးဝယ်ပြီး အမြတ်တနိုး စုဆောင်းထားကြသူများ ရှိသည်။





ဦးလေးဦးဖိုးသာသည်လည်း ထိုသဘောမျိုးပင် ဖြစ်ပေလိမ့်မည်။ အသေအချာပြောနိုင်တာ တစ်ခုတော့ရှိသည်။

ဦးလေးဦးဖိုးသာသည် ထိုဓာတ်ပြားကို မကြာခဏထုတ်ကြည့်ပြီး ဓာတ်ပြားပေါ်မှ အရေးအကြောင်းကလေးများကိုကြည့်ရင်း ဦးဖိုးစိန်ကြီး၏ဆိုဟန်၊ ငိုဟန်၊ ပြောဟန်များကို ကြားယောင်ဘတ်ပေလိမ့်မည်။

ခြေတစ်ဖက် ရှေ့ကိုထိုးပြီး ပြုံးပြုံးကလေး က,နေသည့်ဟန်ကို ကွမ်းတမြုံ့မြုံ့ဝါးရင်း မြင်ယောင်ကြည့်ဟတ်ပေလိမ့်မည်။

ကျွန်တော်တို့သည် ဦးလေးဦးဖိုးသာ၏ ကျေးဇူးကြောင့် အဖိုးတန်သော ဓာတ်ပြားတစ်ချပ်ကို နားထောင်ခွင့်ရခဲ့ပါသည်။

■

(ဖိုးစိန်ဆို)

"သစ္စာတော်ထားလို့. . ယုံလောက်ဖွယ်စကား. . မောင့်မယားဆိုပါ့မကွယ် နှမရယ်"

"ပြောစမ်းပါ မောင်ရေ့"

". . . မြကျောက်စေတီ၊ တူစုံဖူးမယ်လေး၊ လက်လဲ လက်အုပ်ချီ၊ လက်လဲ လက်အုပ်ချီ၊ လက်လဲ လက်အုပ်ချီ. . သွေမဖည်မောင်လေးမောင်ရဲ့ စေတီငယ် မြကျောက်သံကိုကွယ်. . လေးလေး. . ဗလရယ်. . . မောင်မောင့်မှာ . . ချစ်သူရယ် ယုံဖို့နှင်းပါတော့မယ်. . . အလိုဗျ. . ပျိုဗလ သက်လယ်၊ ပေါက္ကံပြည်ဝယ် စံကြစို့ရဲ့ကွယ်၊ တစ်သက်လုံးသာ မမုန်းအောင် ချစ်ပါ့မယ်"

(အောင်ဗလဆို)

"မောင်ကြံ့တိုင်းတို့. . "

"ဟုတ်ပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ခုကာလမှာ ရှေ့ကကြည့်ရင် ခပ်ပြုံးပြုံးဆိုတဲ့ သိချင်းသွား၊ အများက ကြားချင်ကြတယ်"

"တက္ကသိုလ် ကိုအောင်သိန်းကတောင်မှ ရှေ့ကကြည့်ရင် . . . တဲ့၊ ဒီအသွားများ အာရုံနှစ်သက်ကြတယ်"

"ဟုတ်ပါ့. ."

"ဒါကြောင့် ခင် မူဦးမယ်နော်"

"မှန်ပါ ကောင်းပါဗျ"

"ဗလခင် လင်နဲ့ခင်တွယ်ဖော၊ မနောညွတ်စေဖို့ကွယ်. . . ဗလခင် လင်နဲ့ ခင်တွယ်ဖော၊ မနောညွတ်စေဖို့ကွယ်. . သစ်. . သစ္စာဆိုမယ်၊ မေတ်. . မေတ္တာပိုတယ်၊ ချစ်. . ချစ်ပါကိုယ်ရယ် . . . . . . . . . . . . ကိုယ့်လင်သာပင် ချောတယ် လှတယ်ထင်၊ ကိုယ့်လင်သာပင် ချောတယ် လှတယ်ထင်၊ ကိုယ့်လင်ကိုယ်ပင် ချောတယ် လှတယ်ထင်၊ ကိုယ့်လင်ကိုယ်ပင် ချောတယ် လှတယ် ထင်. . . ရှေ့က ကြည့်ရင် ခပ်ပြုံးပြုံး. . နောက်ကကြည့်ရင် ခပ်ကုန်းကုန်း. . အထက်အောက်. . . . . . ဖနောင့်ထိ ကြည့်လို့ပင် မဆုံး၊ ရှုလို့ပင် မဆုံး၊ ဗလလင် ကိုစိန် အလှတကာ့ အလှဆုံး. . မမုန်းပေါင်. . မခွဲပေါင်. . မလွဲပေါင်. . မသွေပေါင်. . ရယ် ရယ် . . ရယ်. . ရယ် ရယ် ရယ်. . . တော့ . . တော့. . တော့ သဘောတူချစ်စို့ကွယ်. . . မမုန်းပေါင်. . မခွဲပေါင်. . မလွဲပေါင် မသွေပေါင်. . ရယ် ရယ် ရယ်၊ တော့ တော့ တော့ သဘောတူ ချစ်စို့ကွယ်၊ . . . . တူနှစ်ဖြာ၊ ကြည်ဖြူသဒ္ဒါတော်. . အခါခါတော် . . ဗလတစ်သက်ဖြင့် ခဏမကွက်နဲ့ မပစ်ပါနော်၊ သဘောတူ ချစ်စို့တော်"

(သဘင်မဂ္ဂဇင်း၊ ၁၉၈၄ ခု၊ ဇန်နဝါရီလ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## နှင်းဆီခက်ကို လက်လှမ်းကာနေမည်

နွေရာသီ ကျောင်းပိတ်ရက်များသည် အလွန်ပျော်စရာကောင်းသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်နှင့် ကိုပေါက်သည် ကျောင်းပိတ်ရက်မှာဘာတွေလုပ်ကြမည်ဆိုသည်ကို သစ်ရွက်တွေစကြွေခါစ အချိန်မှာပင် အပြီးသတ်တိုင်ပင်ခဲ့ကြပြီး ဖြစ်၏။

စာမေးပွဲဖြေပြီးသည်နှင့် လေးခွများကို ပြင်ဆင်ကြသည်။ မကြာခင် သီးပွင့်လာတော့မည့် သရက်သီးများကို တစ်ချက်တစ်လုံး မှန်အောင်ပစ်နိုင်ရန်အတွက် ကြိုတင်လေ့ကျင့်ကြသည်။

နေ့လယ်ပိုင်းမှာ. . . လေးခွ တစ်ယောက်တစ်ချောင်းစီနှင့် လျှောက်သွား၊ ညနေကျတော့ ဘောလုံးကန်၊ ညဘက်ဆိုလျှင်. . အိမ်ရှေ့ကွက်လပ်မှာ နှမဝမ်းကွဲတွေနှင့် ထုပ်ဆီးတိုးတမ်းကစား။

ကြာတော့လည်း ငြီးငွေ့လာပြီး တစ်ယောက်တစ်မျိုးပြောင်းကစားကြပြန်သည်။ သေနတ်ပစ်တမ်း ကစားသည့်အခါကစား၊ ကင်းကစားသည့်အခါ ကစား၊ ညဘက်ကျတော့ ခွက်ခေါက်တမ်းကစား။

"တို့တစ်တွေ တစ်မျိုးပြောင်းကစားကြရအောင်ဟေ့"

ခင်နန်းနွယ်က ပြောသည်။



www.burmeseclassic.com

"ဘာကစားကြမလဲ"

တစ်ယောက်တစ်မျိုးစီ စဉ်းစားကြသည်။

တိုင်ဦးတမ်း၊ ဗုတ်တလုတ် တောက်တဲ့၊ အင်းဂတေ မြေမနင်း၊ မစားဥ စသည်ဖြင့် တစ်ယောက်တစ်မျိုးပြောကြသည်။

"အငြိမ့်ကတမ်း စကားမလားဟေ့"

ခင်အေးမြင့်က အကြံပေးသည်။

အားလုံးက သဘောတူကြသည်။

ကစားမည့်နေရာကို ရွေးကြ၏။

ကျွန်တော်တို့အိမ်ရှေ့မှာ ကွပ်ပျစ်တစ်လုံးရှိသည်။ ညဘက်ကျလျှင် ရေနွေးကြမ်းဝိုင်းလုပ်ပြီး စကားပြောကြသော နေရာဖြစ်သည်။ ညဉ့်ဦးပိုင်းမှာ လူကြီးတွေ မထိုင်တတ်သဖြင့်အားသည်။

ထိုကွပ်ပျစ်သည် အငြိမ့်စင်။

မင်းသမီးအဖြစ် ခင်နန်းနွယ်နှင့် ခင်အေးမြင့်။

လူပြက်များကား ကိုပေါက်နှင့် ကျွန်တော်။

ကျွန်တော်တို့သည် ဒက္ခိဏာရုံကျောင်းက အလှူပွဲတွေမှာ လာသမျှအငြိမ့်တွေကို မလွတ်တမ်းကြည့်ခဲ့ကြသူများ ဖြစ်သည်။ ပေါက်ခေါ်,ငွေမောင်းအတွဲသည် ကျွန်တော်တို့ အသည်းစွဲ။ သူတို့၏ပြက်လုံး အတော်များများကို ကောင်းကောင်းမှတ်မိနေကြ၏။

▮

"မှုန်ရွှေရည်. . နိုင်မာလာနှင်းဆီ. . မိုင်ဒါလင်ဆွိတ်၊ ခင်ခင်ပျို့မဒီ . . . နှင်းဆီခက်ကို လက်ကမ်းကာ နေမည်. . ."

ခင်နန်းနွယ်က ရွှေနှင်းဆီသီချင်းကို ဆိုရင်းက,သည်။

သူ့ကိုယ်ပေါ်သို့ ဆလိုက်မီးရောင်စုံက ဖြာကျနေ၏။ အပြာတစ်လှည့်၊ အနီတစ်လှည့်၊ အစိမ်းတစ်လှည့်။ ထိုဆလိုက်မီးကား ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် တီထွင်ထားခြင်းဖြစ်၏။





လက်နှိပ်ဓာတ်မီးရှေ့မှာ စွန်စက္ကူတွေကို တစ်လှည့်စီအုပ်ပြီး ဆလိုက်ထိုးခြင်းပင်တည်း။ ခင်နန်းနွယ်သည် သူ့အမေ၏ဖဲထဘီအဟောင်းတစ်ထည်ကို ဝတ်ထားသည်။ ထဘီက သူနှင့်ရှည်နေသဖြင့် တကယ့်မင်းသမီးတွေလို အောက်မှာပုံကျနေသည်။

လူပြက်များဖြစ်သော ကိုပေါက်နှင့် ကျွန်တော်တို့ကတော့ အဖေ့ ပလေကပ်လုံချည်အကွက်ကြီးကြီးတွေကို တောင်ရှည်လိုဖြစ်အောင်ဝတ်ကြ၏။

ခင်နန်းနွယ်၏အသံမှာ အိညက်အိညက်နှင့် သိပ်နားထောင်လို့မကောင်းချေ။

ဆိုနေရင်းက အသံပြတ်ပြတ်သွားသဖြင့် ကျွန်တော်တို့က ဝင်ကူပြီး ဆိုပေးရသေးသည်။

သူသည် အက,တော့ကောင်း၏။

"ဖူးပွင့်ငုံစီ ရွှေရွှေနှင်းဆီ. . . ကိုကို. . ချူလှည့်အတည်" ဆိုသောအပိုဒ်အရောက်တွင် သူက ကိုယ်ကို တစ်ဖက်လှည့်က, လိုက်ရာ ဖဲထဘီက ချောပြီး ကွင်းလုံးကျွတ်ကျသွားသည်။

ခင်နန်းနွယ်လည်း ရှက်ပြီး ထွက်ပြေးလေတော့သည်။

ထိုအဖြစ်ကြောင့် ရယ်မောကြရသဖြင့် ကျွန်တော်တို့ လူပြက်ပြက်သောအခါ ဘာပဲပြောပြော ရယ်ကြ၏။

"မင်းသမီးအမေမှာ ကလေး ဘယ်နှယောက်ရှိသလဲ၊ မင်းသိလား"

"ရှစ်ယောက်ပါကွ"

"ဆယ်ယောက်ပါ"

"ရှစ်ယောက်ကွ၊ ငါ. . သေသေချာချာသိတယ်၊ မင်းသမီးအမေကြီးက သူ့ကလေးတွေ ဘယ်နှယောက်ရှိလဲလို့ ရေတွက်နေတာ ငါကိုယ်တိုင် ကြားတာကွ"

"ဘယ်တုံးကလဲ"

www.burmeseclassic.com



"ခုပဲ ဇာတ်စင်နောက်က မှောင်ရိပ်ထဲမှာ မင်းသမီးအမေကြီးက ဆောင့်ကြောင့်ထိုင်ပြီး သူ့ကလေးတွေကို ရေတွက်နေတာ၊ ရှစ်ယောက်. . ရှစ်ယောက်. . ရှစ်ယောက်တဲ့"

ခင်နန်းနွယ်တို့အမေ ဒေါ်ဒေါ်ကြည်လည်း လာကြည့်နေသဖြင့် ခွက်တိုးခွက်လန် ရယ်လေ၏။

"ကဲကဲ. . နောက်အလှည့်ကျတဲ့ မင်းသမီးက ဘယ်သူတဲ့တုံး. ."

"ခင်အေးမြင့်ပါတဲ့"

"မင်းသမီးခေါ်ကွာ"

"ခင်အေးမြင့်ရေ၊ လာဦးဟေ့"

"ဟာ. . ဘယ်လိုလဲ၊ မင်းသမီးခေါ်တာ ဒီလိုမဟုတ်ဘူးကွ၊ စာချိုးလေးနဲ့ခေါ်ရတယ်"

"ကဲ. . မင်းခေါ်စမ်းပါဦး"

"အဟမ်း. . ဇမ္ဗူတစ်ခွင်မရှိ. . လူမြင်ရင် အကုန်သိလိုက်ပါတဲ့၊ အိုဗျ. . မအူပင်ငါးပိ"

"ဟာ. . ငါက အကောင်းမှတ်လို့ မင်းသမီးကို ဒီလို မလေးအစားမလုပ်ပါနဲ့ကွ၊ ပရိသတ်က ငါတို့ကို. . . ကြည့်ချင်တော့မှာမဟုတ်ဘူး၊ မင်းသမီးကို ကြည့်ချင်လို့လာတာ၊ ငါတို့က မင်းသမီးကိုမှီပြီး စားနေရတာကွ၊ သူဟာ ငါတို့ရဲ့ ထမင်းအိုးကြီးပဲ"

"အဲဒီ ထမင်းအိုးကြီး ခဏလောက်ငှားချင်တယ်ကွာ"

"ဘာလုပ်ဖို့လဲ"

"ကန်စွန်းဥ ပြုတ်စားချင်လို့"

"တော်စမ်းပါဟယ်. . နင်တို့ကလဲ"

ခင်အေးမြင့်က အခေါ်မစောင့်တော့ဘဲ သူ့ဖာသာ ထလာသည်။ ပြီးတော့ "မှုန်ရွှေရည် ခိုင်မာလာနှင်းဆီ. . မိုင်ဒါလင်ဆွိတ်" ဆိုပြီး တစ်ပုဒ်က,သည်။





သူက အက,သမား မဟုတ်။ အဆိုသမားဖြစ်သည်။

"ကိုစစ်သားရေ၊ လွမ်းအားရက်ရှည်၊ စစ်မြေတစ်နေရာမှာ အသစ်တွေ့လို့ ခင့်ကိုပဲမေ့ပြီထင်ပါတယ်၊ မိုးသံလေသံ ကြားပါစေ ကိုစစ်သားရယ်. . . ဒီအသံတွေဟာ. . ခင့်ရဲ့ငိုသံပဲလို့ ဒီမိုးစက်ကလေးတွေ. . ခင့်ရဲ့မျက်ရည်ပဲလို့ သိစေချင်တယ်၊ နေနိုင်ရက်တဲ့ကိုလူပျိုချောရယ်. . . ချစ်သူ ချစ်သူ ပျို့ချစ်သူရယ်"

ခင်အေးမြင့်သည် သီချင်းဆိုနေရင်းက မျက်ရည်တွေဝဲပြီး တဖြည်းဖြည်းစီးကျလာတတ်သည်။ ကျွန်တော်က နှီးဆီခွက်တစ်ခွက်သူ့ပြီး သူ့မျက်နှာနားမှာ မျက်ရည်ခံသလို သွားလုပ်သည်။

သူ စိတ်ဆိုးပြီး ကျွန်တော့်လက်ကို ဆွဲဆိတ်သည်။ အသားပဲ့သွားသဖြင့် ကျွန်တော်လည်း ဒေါသဖြစ်ပြီး သူ့လက်မောင်းကို လက်သီးနှင့်ထိုးသည်။ သူက ကျွန်တော့်မျက်နှာကို ကုတ်ဖဲ့သည်။

ဤသို့ဖြင့် ပွဲပျက်သွားလေသည်။ နောက်တစ်နေ့ကျတော့လည်း ပြန်တည့်ပြီး ကစားကြပြန်သည်။ အစပိုင်းတုန်းကတော့ ကျွန်တော်တို့၏ပွဲကြည့်ပရိသတ်မှာ ကလေးများသာဖြစ်၏။

နောက်ပိုင်းကျတော့ လူကြီးတွေပါ လာကြည့်ကြသည်။

▮

ခင်နန်းနွယ်နှင့် ခင်အေးမြင့်တို့ ညီအစ်မတွေ သူတို့မိဘများနှင့်အတူ တောင်ကြီးမြို့သို့ ပြောင်းသွားသောအခါ အငြိမ့်က,တမ်း မကစားဖြစ်တော့ချေ။

ကျွန်တော်တို့သည် တခြားကစားနည်းများဖြင့် အစားထိုးကစားကြသော်လည်း တစ်ခါတစ်ခါကျလျှင် အငြိမ့်ကတမ်းကစားရရင်ကောင်းမယ်ကွာ"ဟု တမ်းတမ်းတတပြောမိတတ်ကြ၏။

ရှစ်တန်းအောင်၍ ကိုးတန်းရောက်သောအခါ ဘောလုံးကန်သည်ကလွဲလျှင် အခြားဟာတွေ မကစားဖြစ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



လူပျိုပေါက်လည်း ဖြစ်လာသဖြင့် ဟိုစိတ်သည်စိတ်ကလေး တွေဝင်လာပြီး ကစားခြင်းထက် လမ်းသလားရခြင်းကို ပို၍ခုံမင်လာသည်။ ခြံထိပ်က အုတ်ခုံမှာထိုင်ပြီး ဂစ်တာတီးသီချင်းဆိုရခြင်း၌ပျော်မွေ့လာသည်။

အငြိမ့်ပွဲကိုတော့ မကြည့်ဘဲ မနေနိုင်။ အနီးနားတစ်ဝိုက်မှာ အငြိမ့်ရှိသည်ဆိုလျှင် မရောက်ရောက်အောင် သွားကြည့်တတ်သည်ပင်ဖြစ်၏။

တစ်ခါတစ်ရံ ကျွန်တော်တို့ ညီမငယ်လေးတွေ အငြိမ့်က, တမ်းကစားပြီဆိုလျှင် ငေးမောကြည့်ရှုမိတတ်သည့်တော့အမှန်။

သူတို့ဆိုသော အငြိမ့်သီချင်းတွေကတော့ ကျွန်တော်တို့တုန်းကလို "မိုင်ဒါလင်ဆွီတီ" မဟုတ်တော့ချေ။

မှုန်ရွှေရည်ဇာတ်ကားထဲက သီချင်းသစ်၊ ဝင်းဝင်းအေး၏ "ဆောင်းလရာသီ မောင်တစ်ပါးဆီ၊ ပျိုလေးမှန်းမျှော်ရည်၊ ချမ်းလို့ဖြင့်ခိုက်ခိုက်တုန် စောင်ခြုံလို့ မနွေးသည်" ဆိုသော သီချင်းတွေဖြစ်နေလေပြီ။

■

ကျွန်တော်တို့ တူ, တူမလေးတွေခေတ်ကျတော့ အငြိမ့်က, တမ်းမကစားကြတော့ချေ။ ထိုအချိန်အခါတွင် အကြီးအကျယ်ခေတ်စားနေသော စတီတ်ရှိုးထွက်တမ်းကိုသာ ကစားကြတော့သည်။ သီချင်းဆိုလျှင်လည်း တစ်ကိုယ်လုံးလှုပ်ပြီးမှ ဆိုသည်။

ကလေးတို့သဘာဝ အတုမြင် အတတ်သင်ခြင်းပင် ဖြစ်၏။ သူတို့သည် အငြိမ့်ကို မကြည့်ဖူးကြတော့ချေ။ ခုအချိန်တွင် အလှူတွေမှာ အငြိမ့်ခံသည့် အလေ့အထမရှိသလောက်ပင် ဖြစ်သွားပြီ။ အငြိမ့်သန့်သန့် က,ပြသည့်အဖွဲ့လည်းအလွန်ရှားနေပြီ။ ဇာတ်ကြီးတွေနှင့်ယှဉ်၍ မိုးအလင်း က,ပြလို့ရအောင် တခြားအစီအစဉ်တွေ





ထပ်ဖြည့်ပြီး ပဒေသာကပွဲအသွင်သို့ ပြောင်းသွားခဲ့လေပြီ။ အထူးသဖြင့် အငြိမ့်မင်းသမီးဟူ၍ သီးသီးသန့်သန့် လက်ညှိုးထိုးပြစရာမရှိတော့။

ရုပ်မြင်သံကြားအစီအစဉ်ထဲမှာ တစ်ခါတစ်ရံ ပါလာတတ်သော ခေတ်ဟောင်းအငြိမ့်မင်းသမီးကြီးများဖြစ်သည့် ဒေါ်လှကလေးစိန်၊ ဒေါ်ဗလပြန်၊ ကျွန်တော်တို့ ငယ်ငယ်က အသည်းစွဲဖြစ်သည့် အမာစိန်၊ နွဲ့နွဲ့စန်း၊ ခေတ်သစ်အငြိမ့်မင်းသမီးကလေးများဖြစ်ကြသော သီတာဝင်း၊ အေးအေးမြင့်၊ ဇာဇာစန်းတို့ကိုသာ ကြည့်ရင်း လူရွှင်တော်ဆိုနီ၊ မိုးကျော်၊ ဇာဂနာတို့၏ ပြက်လုံးများကို သဘောကျရင်းဖြင့်သာ ကျေနပ်နေရသည်။

ငယ်ငယ်တုန်းကလို အငြိမ့်စင်ဘေးနားထိ တိုးဝှေ့သွားပြီး မင်းသမီးကို အနီးကပ်မြင်ရလေအောင် ခြေဖျားထောက်ထောက်ကြည့်ရသည့် အရသာကိုတော့ မမိချေ။

လသာသောညများတွင် အိမ်ရှေ့က ကွပ်ပျစ်မှာထိုင်ရင်း ငယ်ငယ်က အငြိမ့်က,တမ်း ကစားခဲ့ကြသည်ကို တရေးရေးမြင်ယောင်ကာ သတိရနေမိတတ်၏။ အငြိမ့်က,တမ်း ကစားမည့်ကလေးသူငယ်တွေကိုလည်း မမျှော်လင့်နိုင်တော့။

အငြိမ့်ခေတ်ကား ကုန်ဆုံးလေပြီလား မသိချေ။

■

သမီးသည် လေးလအရွယ်လောက်မှာပင် ဆိုင်းသံသီချင်းသံကြားလျှင် လက်ကလေး တလှုပ်လှုပ်ဖြစ်နေတတ်၏။

အခါလည်အရွယ် မတ်တတ်ကောင်းကောင်းရပ်နိုင်သော အခါတွင် ဘွားအေကြီးကပါ ပဝါကလေးခြုံပေးပြီး. . .

"မှုန်ရွှေရည်၊ ခိုင်မာလာနှင်းဆီ၊ မိုင်ဒါလင်ဆွီတီ"ဟုဆိုရင်းက သည်နှင့် မျက်နှာကလေးက ပြုံးလာပြီး က,လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီး လက်ချိုးပုံမှာ အခြားကလေးတွေလို ချိုမိုင်မိုင်အဆင့် လောက်မဟုတ်။ ကိန္နရီလက်ချိုးပုံမျိုးဖြစ်၍.. အလွန် ချစ်စရာ ကောင်းသည်။

ကျွန်တော်သည် သမီးက,နေသည်ကို ကြည့်ရင်း စဉ်းစား နေမိ၏။ သမီး နည်းနည်းကြီးလာလျှင် အငြိမ့်က,တမ်းကစားလိမ့် မည်ထင်သည်။ သမီးကြီးလာလျှင် အငြိမ့်မင်းသမီး ဖြစ်ချင်ဖြစ် မည်။ ထိုသို့မဖြစ်သည့်တိုင် သမီးတို့ခေတ်တွင် အငြိမ့်သဘင်ပြန် လည်ထွန်းကားလာလေမလားဟု မျှော်လင့်မိ၏။

ထိုအခိုက်တွင် အောက်ထပ်မှာနေသော ကျွန်တော့်တူ နှစ် နှစ်သားအရွယ် ရွှေမိုး အိမ်ပေါ်တက်လာသည်။

"နာလဲ မင်းတားလို တမယ်ကွာ"ဟု ပြောသည်။

ဘွားအေကြီးက "အေး..အေး..က,ရမယ်"ဆိုပြီး မိုင်ဒါ လင်ဆွိတ်ကို ဆိုပေး၏။ ရွှေမိုးက ကွေးနေအောင်က,သည်။

ထိုအခါ ကျွန်တော့်သမီး မင်းသမီးကြီးက ဘာလုပ်သည်ဟု ထင်ပါသနည်း။

ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်ချလိုက်ပြီး ကျကျ နနလက်ခုတ်တီးပေးနေပါတော့သတည်း။

(သဘင်မဂ္ဂဇင်း၊ ၁၉၈၅ ခု၊ မေလ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ပေါင်းသော်

သူတို့နှစ်ယောက်သည် အလွန်အတွဲညီသူများဖြစ်၏။

နှစ်ယောက်စလုံးအသက်သုံးဆယ်ကျော်သည်အထိ အချစ်ကိစ္စနှင့် ကင်းကင်းနေခဲ့ကြသူများ ဖြစ်သည်။

(သို့ဖြစ်၍ လူပျိုကြီးများဖြစ်ကြကြောင်း ပြောဖို့မလိုတော့၊ သို့အတူ တစ်သက်လုံးအချစ်နှင့်ကင်းကင်းနေခဲ့ကြသည်ဆိုသဖြင့် ခုကျတော့ မကင်းနိုင်တော့သည့်အကြောင်း ပြောပြတော့မည်မှာလည်း သေချာသွားပေပြီ)

အချစ်နှင့်ကင်းသူများ၏ ထုံးစံအတိုင်း အသောက်အစားကလေးနှင့်တော့ မကင်းမရှင်းရှိကြ၏။ သားမယားလည်းမရှိ၊ ဒီအရွယ်ကြီးတွေရောက်နေတော့ ဘယ်သူကမှလဲ စိတ်ပူစရာ မရှိတော့သဖြင့် နေ့စဉ်လိုလို အိမ်ပြန်နောက်ကျတတ်ကြသည်။

ရုံးဆင်းပြီဆိုလျှင် ရုပ်ရှင်ကြည့်ချင်ကြည့်၊ လက်ဖက်ရည်ဆိုင်ထိုင် စကားပြောချင်ပြော၊ တစ်ပတ်ကို. . . နှစ်ရက်သုံးရက်လောက်တော့ လေးဆယ့်နှစ်လမ်းရှိ ယမကာဆိုင်သို့ ရောက်ရှိသွားတတ်သည်။ လေးဆယ့်နှစ်လမ်း သွားဖို့ကိစ္စကို တစ်ယောက်တစ်လှည့်စီ အချက်ပြလေ့ရှိကြသည်။

ရုံးဆင်းလျှင် တစ်ယောက်က ဘယ်လိုလဲဆိုသော မျက်နှာထားဖြင့်မေးထိုးပြ၊ ထိုအခါ တစ်ယောက်က သဘောပဲဆိုသည့် သဘော ခေါင်းဆတ်ပြ၊ အသံတိတ်နည်းဖြင့် သဘောတူညီမှုကြီး ချီတက်သွားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ စိတ်ညစ်စရာတွေလည်းမရှိ၊ သိပ်ပျော်စရာအဖြစ်မျိုးလည်း မကြုံရသဖြင့် အရက်ကို များများစားစား သောက်စရာလည်းမလို၊ စကားပြောကောင်းရုံလောက်ပဲ တော်ပြီ။

တစ်ခါတစ်ရံမှသာ နည်းနည်းပါးပါးပိုတတ်၏။

ဒီနေ့တော့ ပုံမှန်ထက် တစ်စိတ်လောက်ပိုသောက်မိကြ၏။ အကြောင်းမှာ ရုံးက အထူးချေးငွေထုတ်လာသောကြောင့်ဖြစ်လေသည်။ ပြီးတော့ လေးဆယ့်နှစ်လမ်းကထွက်၊ ကုန်သည်လမ်းအတိုင်း ခပ်ထွေထွေ စကားတပြောပြော လျှောက်လာခဲ့ကြသည်။

စတိုးဆိုင်အငယ်စားလေး တစ်ဆိုင်ရှေ့သို့ အရောက်တွင် ကိုလှဦးက "ခုမှ သတိရတယ်၊ ဘောလ်ပင် တစ်ချောင်းလောက်ဝယ်ဦးမှပဲ" ဆိုပြီး စတိုးဆိုင်မှန်ရှိုးကေ့စ်ရှေ့မှာ ရပ်သည်။

ဆိုင်ရှင်မိန်းကလေးက. . .

"ဘာအလိုရှိပါသလဲ"

ကိုလှဦး ရှိုးကေ့စ်ထဲ လျှောက်ကြည့်နေရာမှ မော့်ကြည့်လိုက်သည်။ ဆိုင်ရှင်ကောင်မလေးက ချစ်စရာလေး။ အသက်နှစ်ဆယ်ထက် ဘယ်နည်းနှင့်မှ မကျော်နိုင်။ နည်းနည်းမှန်နေသူတို့သည် လှုပ်ရှားမှုနှေးကွေးတတ်သည့် ထုံးစံအတိုင်း ကြည့်တာပုံမှန်ထက် နည်းနည်းပိုကြာသွားသည်။

ကောင်မလေးက. .

"ဒီဆိုင်မှာ ပါဝါမျက်မှန်တော့ မရောင်းပါဘူး"ဟု ခပ်တည်တည်ပြောလိုက်သည်။

ကိုလှဦး ဆတ်ခနဲကိုယ်မတ်သွားသည်။

ရှက်လည်းရှက်သွားပြီး ခပ်ဆောင့်ဆောင့်လေသံဖြင့် . . .

"မျက်မှန် မဟုတ်ဘူး၊ ဘောလ်ပင်"

"သြော်. . ဟုတ်ကဲ့၊ ဘယ်လိုဟာလဲ"

"ကြည့်တုန်းပဲ"





"အစုံရှိပါတယ်၊ ဒါလေး ယူပါလား၊ နောက်ဆုံးရောက်လာတာ၊ ရေမွှေးဘောလ်ပင်လေ"

"ရေမွှေး ဘာလုပ်ရမှာလဲ"

"သြော်. . လက်ဆောင်လေး, ဘာလေး ပေးရတာပေါ့"

"လက်ဆောင်ပေးစရာ လူလဲမရှိဘူး"

"ဒါဆိုရင် ဟောဒါတွေယူ၊ ဈေးလဲသက်သာတယ်၊ ခဲ့တွက်လို့လဲကောင်းတယ်"

"ဘာ. . ဘယ်တော့မှ ခဲ့မထိုးဘူး"

ကောင်မလေးက ကိုလှဦးကို ခပ်ထွေထွေမှန်းသိ၍ သက်သက်နောက်နေခြင်း ဖြစ်၏။ ဒါကိုသိသော ကိုခင်ချောက. . .

"ကဲ. . မင်းသုံးနေကျ ဟော့စ်ပဲယူလေကွာ" ဟုဝင်ပြောလိုက်ရသည်။

နောက်ပိုင်း လေးဆယ့်နှစ်လမ်းဘက်က ပြန်တိုင်း ထိုဆိုင်ရှေ့အရောက်တွင် ကိုလှဦး ဆိုင်ထဲသို့ မသိမသာခိုးကြည့်တတ်၏။ ထစ်ရက်ကျတော့ သူက လေးဆယ့်နှစ်လမ်းဆိုင်ကအထွက်မှာ၊

"ခင်ချော ငါတို့ကမ်းနားလမ်းဘက်က လှည့်သွားရအောင်"

"ဟာ. . ဘယ်လိုဖြစ်တာလဲ၊ တစ်ကွေ့တစ်ပတ်ကြီး"

"ငါ အရက်သောက်ပြီး ဟိုကောင်မလေးဆိုင်ရှေ့က မဖြတ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"သိက္ခာကျတာပေါ့ကွာ၊ ဟိုတစ်နေ့က ငါ အဲဒီဆိုင်ရှေ့က ဖြတ်အလျှောက်. . ."

"အမယ်. . မင်းက ငါ့ကိုမခေါ်ဘဲ တစ်ယောက်တည်းသွားသောက်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါ့ဖာသာ တခြားကိစ္စပါ၊ အဲဒါကွာ သူတို့ဆိုင်ရှေ့ရောက်တော့ ကောင်မလေးက ဘေးမှာရှိတဲ့ သူ့သူငယ်ချင်းတစ်ယောက်ကို အဲဒါ ယမကာဦးဦးပေါ့လို့ ပြောသံကြားလိုက်တယ်ကွ"

"သူဟာသူပြောတာ ဘာဖြစ်လဲ"

"မကောင်းဘူးပေါ့ကွာ၊ လူအထင်သေးစရာဖြစ်တာပေါ့"

"အထင်သေးတော့ ဘာဖြစ်လဲ၊ ငါတို့နဲ့ဘာဆိုင်လို့လဲ၊ ငါတို့တစ်ခါတလေ နည်းနည်းပါးပါး သောက်တတ်တာ ရုံးကစာရေးမလေးတွေတောင် သိတာပဲ"

"သူက ငါ့ကို အရက်သမားကြီးလို့ ထင်သွားမှာစိုးတယ်ကွ"

"ထင်တော့ ဘာဖြစ်လဲကွ"

"မင်းကလဲကွာ၊ သိရက်သားနဲ့၊ ငါကွာ. . ဟိုကွာ. . သူ့ကိုစိတ်ဝင်စားနေမိပြီ"

"ဟာ. . ဟုတ်မှလဲ လုပ်ပါကွာ၊ အသက်ချင်းကအနည်းဆုံးဆယ်နှစ်လောက်ကွာမယ်၊ နောက်ပြီး မင်းရုပ်က ရင့်နေတော့ သားအဖလို့တောင် ထင်ရမယ်"

"ဟာ, ဒီလောက်ကြီးတော့ မဟုတ်ပါဘူးကွာ၊ အသက်ချင်းကွာတာ အရေးမကြီးပါဘူး၊ တို့ရုံးက ဦးစိုးထွန်းကြီးဆို ဘယ်လိုလုပ်မလဲ၊ ပင်စင်ယူခါနီးမှ. . သူ့အသက်တစ်ဝက်လောက် ရှိတဲ့ကောင်မလေးနဲ့ရသွားတာ"

"ဒီအရွယ်ထိနေလာပြီး ခုကျမှ ရောဂါထလာတာ အံ့ဩစရာပဲ"

"အေးကွာ. . နဖူးစာဆိုရမှာပေါ့"

တကယ်တော့ ကိုလှဦးကို ဗေဒင်က ဟောထားသည့် ကိစ္စလည်းပါသည်။

အသက်သုံးဆယ့်ငါးနှစ်အတွင်း အိမ်ထောင်ပြုရမည်။





မပြုလျှင် ရှုးသွားခြင်းသော်လည်းကောင်း၊ လူစဉ်မမီတော့ခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်ဟုဆို၏။

သူက ဗေဒင်သွားမေးလို့ ခုလို ဟောတာဆိုလျှင် သိပ်ယုံမည်မဟုတ်။ ဖြစ်ပုံက တိုက်တိုက်ဆိုင်ဆိုင် အိမ်ကို အလှူခံပုဂ္ဂိုလ်တစ်ဦးရောက်လာသည်။

ရုပ်ရည်ကလည်း သန့်သန့်ပြန့်ပြန့်၊ အသက်ငါးဆယ်ကျော်ခန့်၊ လူလိမ်လားဟု ထင်မိသေးသည်၊ မဟုတ်၊

သူအလှူခံတာက ဖိနပ်ဟောင်းတစ်ရန်မျှသာ။

ပြီးတော့. . .

"မောင်ရင်လေးဆီကို တမင်လာခဲ့တာပဲ၊ မောင်ရင်လေးမှာ အဖေမရှိတော့ဘူး၊ အမေက မောင်ရင့်အပေါ်မှာ သိပ်ဩဇာလွှမ်းမိုးနေတယ်၊ မောင်ရင်ဟာ အရာရှိငယ်တစ်ယောက် ဖြစ်ပေမယ့် အသုံးအစွဲရက်ရောလို့ ရတဲ့လခနဲ့မလောက်ဘူး၊ အမေဖြစ်သူက မကြာခဏဆိုသလို ထောက်ပံ့နေရတယ်"

စသဖြင့် သူ့အကြောင်းတွေ ဒက်ထိမှန်အောင် ဟောနိုင်သည်။ ထိုနောက်မှာတော့. . သုံးဆယ့်ငါးနှစ်အတွင်းမှာမှ အိမ်ထောင်မပြုလျှင်ဆိုသော ထိတ်လန့်ဖွယ်ဟောကိန်းကြီး။

ဟိုကောင်မလေးကို စိတ်ဝင်စားလာခြင်းသည် ထိုဟောကိန်း၏တိုက်တွန်းမှုကြောင့်လည်း ဖြစ်လေ၏။

အလုပ်တွေ ခေါင်းမဖော်နိုင်အောင် လုပ်နေရသည်။

တစ်နာရီကျော်မှလက်စသတ်သည်။မနက်စာထမင်းတောင်မစားရသေး။ ရုံးစားသောက်ဆိုင်မှာ ဆင်းစားမည်ဟု ပြင်နေတုန်းကိုခင်ချော ရောက်လာသည်။

"ငါ့ရုံးခန်းထဲ ခဏလိုက်ခဲ့စမ်းပါ၊ ပြစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထမင်းသွားစားမလို့ ဆာလှပြီကွ"

"နောက်မှစား၊ ငါပြတာ ကြည့်ပြီးရင် ထမင်းတောင် စားချင်စိတ်ရှိမှာ မဟုတ်တော့ဘူး"

"ဘာလဲ မင်းအခန်းထဲမှာ ခွေးသေကောင်ပုပ်တွေလို့လား"

"အေး. . ဟုတ်ပြီ. . လာခဲ့" ဆိုပြီးဆွဲခေါ်သွားသည်။

ရုံးခန်းအဝရောက်တော့ ကိုခင်ချော က. . .

"ဟိုမှာတွေ့လား ခွေးသေကောင်ပုပ်"

ကိုလှဦး ဟိုက်ခနဲဖြစ်သွား၏။

ရုံးခန်းထဲက စာရေးမလေးသင်းသင်းနှင့် ထိုင်စကားပြောနေတာ စတိုးဆိုင်က သူ့ကောင်မလေး။ ကောင်မလေးကလည်း သူတို့ကိုလှမ်းမြင်ပြီး ပြုံးစိစိဖြစ်သွား၏။

ကိုခင်ချောက ကိုလှဦးကို မသိမသာဆွဲခေါ်ပြီး သင်းသင်းတို့စားပွဲနားသွားသည်။

"ငါတို့. . ထမင်းဆင်းစားဦးမယ်၊ ကိစ္စရှိရင် အခေါ်လွှတ်လိုက်"ဟု အထက်အရာရှိလေသံဖြင့် ခပ်မှန်မှန်အရင်ပြောလိုက်ပြီးမှ ရုံးခန်းထဲကို လူပိုရောက်နေသဖြင့် စူးစမ်းဟန်ဖြင့်. . .

"ဒါ. . မင်းသူငယ်ချင်းလား"

"ဟုတ်ပါတယ် ဆရာ"

"မြင်ဖူးသလိုပဲ"

"ကျွန်မတို့ဆိုင်မှာ ဆရာတို့ ဘောလ်ပင် ခဏခဏလာဝယ်ဖူးပါတယ်"ဟု စဆိုးဆိုင်ကောင်မလေးက ကိုလှဦးကို တစ်ချက်ကြည့်ပြီးပြောလိုက်သည်။

"ဩော်. . အေးအေး၊ စကားလဲပြော၊ အလုပ်လဲလုပ်ပေါ့"

ဟုပြောပြီး လှည့်ထွက်အလာ ကောင်မလေးဆီက ရယ်သံကြားရသည်။

စားသောက်ဆိုင်ရောက်တော့ ကိုခင်ချောက မေးသည်။





"နေပါဦး. . ခုန ဟိုကောင်မလေး ပြောလိုက်တဲ့အထဲမှာ ဘောလ်ပင် ခဏခဏ လာဝယ်တယ်ဆိုပါလား၊ ငါတို့ ဝင်ဝယ်တာ တစ်ခါတည်းပါ"

"နောက်ပိုင်း ပါ ခဏခဏ သွားဝယ်ဖြစ်တယ်ကွ"

"မင်းနှယ်ကွာ ဘောလ်ပင်တွေ ခဏခဏဝယ်နေရတော့ အိမ်မှာထားစရာကော ရှိသေးရဲ့လား"

"သူကလဲ တစ်ခါပြောသေးတယ်၊ ဘောလ်ပင် သိပ်အသုံးများတာပဲနော်တဲ့၊ တွက်ရချက်ရလွန်းလို့နဲ့တူတယ်တဲ့၊ ဒါနဲ့ငါလဲ နောက်တစ်ခေါက်ကျတော့ ဘလိတ်ဓားပြောင်းဝယ်ရတာပေါ့၊ နောက်ပိုင်းမှာ ဒီလိုပဲ ဆပ်ပြာမွှေးတို့၊ ဘီးတို့၊ သွားတိုက်ဆေးတို့ ပြောင်းဝယ်ရတာပေါ့"

"မင်းတို့အခြေအနေက ဘယ်လိုလဲ"

"ဒီလိုပါပဲကွာ၊ ရင်းရင်းနှီးနှီးတော့ ခင်မင်နေကြပြီ"

"ဖွင့်ပြောပြီးပြီလား"

"မပြောရသေးဘူးကွ၊ သူကတော့ ရိပ်မိပါတယ်"

"ဖွင့်ပြောလိုက်ပေါ့"

"အဲဒါတော့. . ခက်တယ်ကွ၊ ဒီအရွယ်ကြီးကျမှ ရည်းစားစကားပြောရမှာ ဘယ်လိုမှ ပြောမထွက်ဘူး၊ နောက်ပြီး သူက သိပ်ပြောင်တတ်နောက်တတ်တယ်၊ ငါက အတည်ကြီးပြောပြီးမှ ဟားလွှတ်ရင် အရှက်ကွဲမှာ"

"စာပေးပေါ့"

"စာကလဲ မလွယ်ဘူး၊ ငါရည်းစားစာ တစ်ခါမှ မရေးဖူးဘူး၊ ခုဒီအရွယ်ကျမှ ရေးကြည့်တော့၊ ရည်းစားစာနဲ့မတူဘဲ ညွှန်မှူးဆီ အစီရင်ခံစာတင်သလိုကြီး ဖြစ်နေတယ်"

"ဒါနဲ့ သူ့နာမည်က ဘယ်သူလဲ"

"ငွေစန္ဒာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဆေးပေါ့လိပ်နာမည်ပဲ"

"မင်းကလဲကွာ"

"ငါ စိတ်ကူးတစ်ခုရတယ်၊ သူက ငါ့ရုံးခန်းထဲက သင်းသင်းရဲ့သူငယ်ချင်းဆိုတော့ သင်းသင်းကနေ စကားတောက်ကြည့်ရင် မကောင်းဘူးလား"

"ဟာ. . မဖြစ်ပါဘူး၊ ရုံးမှာ ငါတို့က အရာရှိတွေပဲ၊ ကိုယ့်လက်အောက်က စာရေးမလေးကို အောင်သွယ်လုပ်ခိုင်းလို့ ဘယ်သင့်တော်ပါ့မလဲ"

"မင်း. . သူ့ကို စိတ်ဝင်စားနေတာ သူ ရိပ်မိတယ်ဆို၊ ဒါဆို သူ့သူငယ်ချင်း သင်းသင်းကို ပြောပြမှာပဲ၊ ဒီတော့ ဘာထူးလဲ သင်းသင်းလဲ သိပြီးရောပေါ့၊ ငါ ကြည့်လုပ်ပါ့မယ်ကွာ၊ သင်းသင်းက သဘောကောင်းပါတယ်၊ တစ်ခုတော့ရှိတယ်နော်၊ ကူညီရတဲ့အတွက် အရက်တိုက်ရမယ်"

"ဘာ. . သင်းသင်းက အရက်သောက်တတ်လို့လား"

"အူကြောင်ကြောင်လုပ်မနေနဲ့၊ ငါ့ကို တိုက်ရမှာ၊ ဒီနေ့သောကြာနေ့ပဲ၊ မနက်ဖြန် ရုံးပိတ်တယ်၊ ရုံးဆင်းရင် လေးဆယ့်နှစ်လမ်းသွားမယ်"

"ငါ. . အခု အရက်ဖြတ်လိုက်ပြီကွ"

"ဘာ. . ဘယ်လို. ."

"ဟုတ်တယ်၊ သူက အရက်သောက်တာ မကြိုက်ဘူး၊ တစ်ရက် ငါ သူ့ခိုင်မှာ ဆပ်ပြာမွှေး ဝယ်နေတုန်း ရှေ့က ပလက်ဖောင်းပေါ်မှာ အမူးသမားနှစ်ယောက် ရန်ဖြစ်နေကြတာမြင်တော့၊ သူက သိပ်ကျက်သရေ ယုတ်တာပဲလို့ ပြောတယ်ကွ၊ ဒါနဲ့. ."

"ဩော်. . . ကောင်းတာပေါ့ကွာ၊ အခုတော့. . မင်းရုပ်က ကျက်သရေတွေ ရှိနေပြီပေါ့" ဟု ကိုခင်ချောက ငေါ့သည်။





သင်းသင်းက ငွေစန္ဒာကို စကားအစ်ကြည့်သည်။

ငွေစန္ဒာက ကိုလှဦးကို တုံ့ပြန်စိတ်ဝင်စားပါသည်ဟု ဝန်မခံသော်လည်း ကိုလှဦး အကြောင်းကိုတော့ စေ့စေ့စပ်စပ်မေးသည်ဆို၏။ သင်းသင်းအကဲခတ်ကြည့်ပုံအရ ငွေစန္ဒာကလည်းကိုလှဦးအပေါ် စိတ်ဝင်စားမှုရှိသည်ဟု ကိုခင်ချောက ပြန်ပြောပြသည်။

ထိုအခြေအနေမှာပင် ကိုလှဦးအဖို့ ပြဿနာကြီးတစ်ခုနှင့် ကြုံတွေ့ရလေသည်။

သူ့အမေဆီက စာရောက်လာခြင်းဖြစ်၏။

***စာထဲတွင် ခွင့်ရက်ရှည်ယူပြီး. . မြို့ကို အမြန်ပြန်လာရန်၊ အကြောင်းက ကိုလှဦးကို သူ သဘောတူသည့် မိန်းကလေးတစ်ယောက်နှင့်ယက်ထပ်ပေးဖို့။***

"ဒါ အရေးမကြီးပါဘူးကွ၊ အမေ ပေးစားတာ မယူနိုင်ဘူးလို့ စာပြန်ရေးလိုက်ပေါ့"

"မဖြစ်ဘူး၊ ငါ့အမေအကြောင်း ငါသိတယ်၊ သူ ဖြစ်စေချင်တဲ့အတိုင်း မဖြစ်ရင် ငါ့ကို အပြတ်ပဲလို့ ပြောခဲ့တာ၊ အခုမှ ငါစဉ်းစားမိတယ်၊ သုံးဆယ့်ငါးနှစ်အတွင်း အိမ်ထောင်ပြုရမယ်ဆိုပြီး ငါ့အိမ်ကို လာဗေဒင်ဟောတဲ့ လူကြီးဟာ. . အမေ အကွက်ဆင်လွှတ်လိုက်တဲ့ လူကြီးပဲဖြစ်ရမယ်၊ အမေ့စာထဲမှာလဲ ဗေဒင်က တစ်လအတွင်း အိမ်ထောင်မပြုရင် အသက်အန္တရာယ်ရှိတယ်လို့ ဟောထားလို့ အမြန်စီစဉ်ချင်တယ်ဆိုတာ ပါတယ်ကွ"

"အဲဒီတော့ မင်းဘာလုပ်မလဲ"

"ဘာလုပ်ရမှန်း မသိဘူးကွာ၊ အမေ့ကို ငါ ဘယ်လောက်ကြောက်ရတယ်ဆိုတာလဲ မင်းအသိပဲ"

"ဒီတော့ မင်း အမေပေးစားတဲ့ မိန်းမကို ယူလိုက်ပေါ့"

"ဟာ. . မဖြစ်ပါဘူး၊ အဲဒီမိန်းမက ငါနဲ့ရွယ်တူကွ၊ အရုပ်ကြီး ဇီဇာလဲကြောင်တယ်၊ ကပ်စေးလဲနဲ့တယ်၊ လှလဲမလှဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်ချောက ခဏကြာအောင်စဉ်းစားပြီးနောက် ပြုံးလိုက်သည်။

"ငါ အကြံရပြီ၊ မင်းအမေဆီ ဘာမှအကြောင်း မပြန်ရသေးဘူးမဟုတ်လား"

ကိုလှဦး ခေါင်းခါသည်။

"ဒါဆို အိုကေပြီ၊ ဒီစာကို မင်း လုံးဝ မရဘူးဆိုတဲ့သဘော လုပ်ရမယ်၊ စာက ရုံးလိပ်စာနဲ့လာတာ၊ မို့အဆင်ပြေသွားတယ်"

"ငါ နားမလည်သေးဘူး၊ မင်း ဘာဆိုလိုတာလဲ"

"ဒီလိုကွာ၊ စာရောက်လာတော့ ရုံးမှာ မင်းမရှိဘူး၊ ခွင့်ရက်ရှည်ယူသွားတယ်၊ ဒါနဲ့ ငါက အရေးကြီးတဲ့ကိစ္စများ ဖြစ်နေမလားဆိုပြီး ဖောက်ဖတ်ကြည့်တော့မှ အကြောင်းစုံသိရလို့ မင်းကိုယ်စား ငါက စာပြန်တဲ့သဘောရေးမယ်"

"ဘယ်လိုရေးမလဲ"

"ဒေါ်ဒေါ့်စာက နောက်ကျနေလို့ လှဦးတစ်ယောက်တော့ ဒေါ်ဒေါ့်အစီအစဉ်ကို သိမသွားဘူး၊ သူ. . ခွင့်ယူသွားတာကလဲ မိန်းမခိုးပြေးသွားတာ၊ ဗေဒင်ဆရာက မိန်းမ မယူရင် အန္တရာယ်ရှိတယ် ဟောထားလို့ ကြောက်ပြီး အခုလို အမြန်ယူဖြစ်သွားတာ လို့ရေးမယ်ကွာ"

"ဘာ. . ငါက မိန်းမခိုးတာ"

"တကယ် ခိုးတာတော့ မဟုတ်ဘူးပေါ့ကွာ၊ လောလောဆယ် မင်းရဲ့ အကျပ်အတည်းပြေလည်သွားတာပေါ့၊ နောက်ကျတော့ ငါက မသိလို့ ရမ်းရေးတာဆိုပြီး ငါ့အပေါ် အပြစ်ပုံချလိုက်ပေါ့"

"မင်း ကောင်းသလိုသာ လုပ်ပေတော့ကွာ၊ ငါ ဦးနှောက်တွေခြောက်နေပြီ"





ကိုခင်ချောက သူ့အကြံအတိုင်း ကိုလှဦးအမေဆီ စာရေးပြီး တစ်ပတ်ခန့်အကြာမှာတော့. . .

"ဟေ့ကောင်. . လှဦး၊ ပြဿနာတော့ တက်ပြီကွ" ဆိုပြီး ကိုလှဦးရုံးခန်းထဲသို့ ကိုခင်ချော အပြေးအလွှားရောက်လာသည်။

"ဘာဖြစ်လို့လဲ"

"အခုပဲ မင်းအမေက ငါ့ဆီ ဖုန်းဆက်တယ်ကွ"

"ဟေ. . ."

"ငါ့စာကို ရတယ်တဲ့၊ သူ့အနေနဲ့ မင်းကို ကြိုကြိုတင်တင် အသိမပေးခဲ့မိလို့ တလွဲတွေဖြစ်ကုန်တာတဲ့၊ ဒါပေမယ့် ကိစ္စမရှိဘူးတဲ့၊ မင်း ဒီအသက်အရွယ်ထိ အထိန်းအကွပ် မရှိဘဲ နေချင်သလိုနေတာကို သဘောမကျတာက အဓိကပဲ၊ အခု မင်းဟာသာ မိန်းမ ခိုးပြေးသွားပြီဆိုရင်လဲ ပြီးတာပဲတဲ့၊ သူ ကျေနပ်တယ်တဲ့၊ အဲ, သူ ဆက်ပြောတာက ပြဿနာကွ၊ မင်းခိုးပြေးတဲ့ ကောင်မလေးကို သူ့မိဘတွေဆီ ပြန်အပ်ဖို့နဲ့ မင်္ဂလာဆောင်ကိစ္စ စီစဉ်ပေးဖို့ သန်ဘက်ခါအရောက် သူ လာခဲ့မယ်တဲ့"

"ဟိုက်. . ဒုက္ခပဲ ဘာလုပ်ကြမလဲ"

"ငါ့ကိုတောင် မေးသေးတယ်၊ မင်းသူငယ်ချင်း မိန်းမခိုးပြီး ဘယ်မှာနေတယ်ဆိုတာ သိမှာပေါ့၊ ငါလဲ သိပါတယ်လို့ ပြောလိုက်ရတယ်"

"ဟာကွာ. . . မင်း. ."

"ဒီမှာ ဟေ့ကောင်၊ ခုမှတော့ မထူးတော့ဘူး၊ ငါတို့ရဲ့လုပ်ကြံတဲ့ဇာတ်ကို တကယ်ဖြစ်အောင် မင်း ငွေစန္ဒာကို ခိုးပြေးပေတော့"

"မဖြစ်နိုင်တာ၊ ငါက သူ့ကို ချစ်ပါတယ်လို့တောင် မပြောရသေးဘဲနဲ့၊ ဘယ်လိုလုပ် ခိုးပြေးဖို့ပြောမလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပြောမယ်၊ အခု မင်းအမေကလဲ သန်ဘက်ခါလာတော့မယ်၊ မင်းကလဲ ငွေစန္ဒာကို ချစ်တယ်၊ ငွေစန္ဒာကလဲ မင်းကို စိတ်ဝင်စားနေတာ သေချာတယ်၊ ဒီတော့ ကျန်တဲ့အပိုင်းကို ငါတာဝန်ထား၊ မင်း ငါပြောသလိုသာလုပ်၊ ဒါပဲရှိတယ်"

ကိုလှဦး ခေါင်းကုတ်နေသည်။

၈

ကိုလှဦးသည် ကိုခင်ချော မှာထားသည့်အတိုင်း အင်းစိန်ဖော့ကန်ရှိ ကိုခင်ချောတို့အဘိုး ဦးကြည်ခိုင်တို့အိမ်ကို. . သွားရသည်။

အဘိုးဦးကြည်ခိုင်မှာ လူပျော်ကြီးဖြစ်၏။

နှစ်ထပ်အိမ်ကြီး တစ်လုံးမှာ တစ်ယောက်တည်းနေသည်။

ကိုခင်ချော၏ မိတ်ဆွေအပေါင်းအသင်းတွေ မိန်းမခိုးလျှင် ထိုအိမ်သို့ပင် ခေါ်သွားရစမြဲ ဖြစ်၏။

ကိုလှဦး အိမ်ထဲဝင်လာသည်ကို မြင်သောအခါ ငွေစန္ဒာ အံ့ဩသွားသလို၊ ကိုလှဦးကလည်း ကိုခင်ချောဘေးမှာ ထိုင်နေသောသင်းသင်းကို တွေ့လိုက်ရသဖြင့် အံ့ဩသွားရ၏။

ကိုခင်ချောက. . .

"ငါ ရှင်းပြမှပဲ နားလည်ကြတော့မှာပဲ၊ ငါနဲ့သင်းသင်းနဲ့ကလဲ တစ်ယောက် တစ်ယောက် မေတ္တာရှိနေကြတာခြောက်လလောက် ရှိပြီကွ၊ ငါတို့မှာလဲ ပြဿနာတစ်ခု တက်နေတယ်၊ သူ့မိဘတွေက သူ့ကို သဘော်သားတစ်ယောက်နဲ့ ပေးစားမလို့၊ ဒီအချိန်မှာပဲ လှဦးရဲ့ပြဿနာပေါ်လာတော့၊ မထူးပါဘူး တစ်လက်စတည်းပြေလည်သွားအောင်ဆိုပြီး ခုလို စီစဉ်လိုက်တာပဲပေါ့၊ ဩော်. . ဒါနဲ့ လှဦးငွေစန္ဒာကို ငါ ဘာမှမပြောရသေးဘူး၊ သင်းသင်းက ကိစ္စတစ်ခုရှိလို့ အဖော်လိုက်ခဲ့ပါဆိုပြီး ခေါ်လာတာ၊ မင်းပဲ ရှင်းပြလိုက်တော့"





"ဟာ. . မင်းလုပ်ပုံက. . "

"ကဲပါ. . မင်းရှင်းပြတာက ပိုကောင်းပါတယ်၊ ငါတို့ အဘိုးဆီသွားပြီး စီစဉ်စရာကလေးတွေ တိုင်ပင်လိုက်ဦးမယ်"

ဆိုပြီး ကိုခင်ချောနှင့်သင်းသင်းတို့ အတွင်းခန်းထဲဝင်သွားကြသည်။

"ဘာတွေဖြစ်နေတာလဲဟင်"ဟု ငွေစန္ဒာက မေးသည်။

ကိုလှဦးကလည်း အထစ်ထစ်အငေါ့ငေါ့ဖြင့် ရှင်းပြလိုက်ရသည်။

"ဟင်. . ဒါဆို. . သူများကို ညာခေါ်ပြီး. . . "

"ညာတာ မဟုတ်ပါဘူး၊ အစ်ကို ညီမနဲ့ ခွဲရမှာကြောက်လို့ အခုလိုကြံမိတာပါ၊ အစ်ကို့ကို ခွင့်လွှတ်မယ် မဟုတ်လားဟင်"

ငွေစန္ဒာက. . .

"အခု အခြေအနေရောက်မှတော့ ခွင့်မလွှတ်လို့ ရပါတော့မလားလို့၊ ဒါပေမယ့်နော်. . ဟို. . ဟို. . "

ထိုစဉ်မှာပင် အတွင်းခန်းထဲက အော်ကြီးဟစ်ကျယ်ပြောလိုက်သော အဘိုးဦးကြည်ခိုင်၏အသံကို ကြားလိုက်ကြရ၏။

"ဟားဟား. . ကောင်းတယ်ဟေ့၊ တစ်ခါတည်း နှစ်စုံတွဲခိုးလာတာ၊ တစ်ခါမှ မကြုံဖူးသေးဘူး၊ ငါ့အိမ်မှာ ပျော်သလောက်နေကြ၊ စားစရာ သောက်စရာ အပြည့်အစုံရှိတယ်၊ အဲ. . အဲ. . သောက်စရာဆိုလို့ ဒီနေ့ည ငါ့ကို မူးလဲသွားအောင် မင်းတို့ ဝီစကီတစ်လုံးတိုက်ဖို့ကောင်းတယ်"

(ဝါနီပြာမဂ္ဂဇင်း၊ ၁၉၉၅ ခု၊ အတွဲ-၁၊ အမှတ်-၆)

♥♥♥

www.burmeseclassic.com

www.burmeseclassic.com




## ပျော်စရာတော့အကောင်းသားနော်

လာနေကျအချိန်အတိုင်း စနေနေ့နေ့လယ်နှစ်နာရီတိတိမှာ ဦးဝင်းမြင့် ရောက်လာသည်။

ဦးခင်ဇော်ကလည်း "လာဗျို့ . . ကိုဝင်းမြင့်၊ ကျုပ်လဲ ထမင်းစားပြီး တစ်ရေးလောက်မှေးလိုက်တာ ခုပဲ နိုးတယ်၊ မျက်နှာသစ်ပြီးပြီးချင်း ခင်ဗျားရောက်လာတာပဲ" ဟု ထုံးစံအတိုင်းပြောလိုက်သည်။

ဦးဝင်းမြင့်ကလည်း "ကျုပ်လဲ ခင်ဗျားအိပ်ရာက နိုးမယ့်အချိန်လောက် မှန်းပြီးလာတာပဲ"ဟုပြန်ပြောရင်း အိမ်ထဲဝင်လာသည်။ ပြီးတော့ တစ်အိမ်လုံးရှိရှိသမျှ လူနာမည်တွေ အော်ခေါ်၍ နှုတ်ဆက်သည်။ ထို့နောက် သူတို့နှစ်ယောက် ထိုင်နေကျဖြစ်သော လသာဆောင်အခန်းလေးသို့ လာခဲ့ကြသည်။

ထိုအခန်းကလေးသည် အိမ်၏အစွန်းဘက်တွင် ထိုးထွက်နေသောကြောင့် အေးအေးဆေးဆေးနားနေနိုင်သည်။

ဦးခင်ဇော်၏ကိုယ်ပိုင်အခန်းဖြစ်သည်။ စာဖတ်ခန်းလည်းဖြစ်သည်။ အခန်းထဲတွင် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ စားပွဲပုတစ်လုံးနှင့် ပက်လက်ကုလားထိုင် နှစ်လုံးရှိသည်။

နံရံကပ်စာအုပ်စင်များတွင် နိုင်ငံခြားစာအုပ်များ၊ မြန်မာစာအုပ်များရှိသည်။ စားပွဲပေါ်မှာတော့ တိုင်း၊ နယူးစ်ဝိခ်မဂ္ဂဇင်းများနှင့် စစ်တုရင်ထိုးနည်းစာအုပ်တစ်အုပ် တင်ထားသည်၊



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင်များပေါ်မှာ မျက်နှာချင်းဆိုင်ထိုင်မိကြပြီးနောက် ဦးခင်ဇော်က စားပွဲပုလေးပေါ်မှ ယွန်းသေတ္တာကို ဖွင့်၍ ဆေးပြင်းလိပ်တစ်လိပ် ရွေးယူပြီး မီးညှိသည်။

ဦးဝင်းမြင့်ကလည်း သူ့အားရေအိတ်ကလေးထဲက ဆေးတံနှင့် ဆေးအိတ်ကို ထုတ်ယူလိုက်သည်။ ဆေးဖြည့်ပြီး မီးညှိသည်။ ကျေနပ်လောက်အောင်ဖွာကြပြီးလျှင် စကားစပြောသည်။ ထွေရာလေးပါး ပြောနေကြရာမှ ကမ္ဘာ့ဘောလုံးပွဲ အကြောင်းသို့ ရောက်သွားကြသည်။

နှစ်ယောက်စလုံး စိတ်ဝင်စားသော အကြောင်းအရာဖြစ်သောကြောင့် အပြန်အလှန်ပြောကြသည်။

"ဘရာဇီး ရှုံးတာ နာတယ်ဗျာ" ဟု ဦးခင်ဇော်က ပြောသည်။

ဦးဝင်းမြင့်က "ခင်ဗျား ဗီဒီယိုအခွေ ကြည့်ပြီးပြီလား"

"ကြည့်ပြီးပြီ၊ ခြေအသာနဲ့ ကစားသွားတာဗျ၊ ဇစ်ကို ပယ်နယ်တီကန်တာ ဝင်လိုက်ရင် ကိစ္စကပြတ်ပြီ၊ ပေါ့ပေါ့ဆဆလုပ်လို့ ခံသွားရတာ"

"ဘရာဇီးအသင်းက ရှုံးသင့်လို့ ရှုံးသွားတာပါဗျာ၊ ရှုံးသွားတာလဲ ခပ်ကောင်းကောင်းပဲ"

"ဘာဖြစ်လို့လဲဗျ"

"စဉ်းစားကြည့်လေ.. ဘရာဇီးအသင်းဟာ ကြိုတင်ပြင်ဆင်ပြီး စနစ်တကျဖွဲ့စည်းလာတာ မဟုတ်ဘူး၊ အသင်းမန်နေဂျာတောင် လာခါနီးမှ ကပ်ပြီးရွေးလာရတာ၊ ဘောလုံးသမားတွေနဲ့ မန်နေဂျာနဲ့လဲ အဆင်မပြေဘူး၊ အဲဒီလို အသင်းမျိုးဗိုလ်စွဲသွားမယ်ဆိုရင် ဘောလုံးလောကမှာ ပြောစမှတ်ဖြစ်သွားမယ်၊ ကြိုတင်ပြင်ဆင်မှုတို့၊ အသင်းရဲ့ စည်းလုံးညီညွတ်မှုတို့ဆိုတာ မလိုအပ်ပါဘူးဆိုတဲ့ အစဉ်အလာကြီး ဖြစ်သွားတော့မှာပေါ့"





"ဒါလဲ ဟုတ်တာပဲ၊ ကျုပ်ကတော့ ပီလီတို့ခေတ်ကတည်းက ဘရာဇီးအသင်းကိုပဲ စွဲနေခဲ့တာကိုး"

"ကျုပ်ကတော့ မာရာဒိုနာကို စွဲသွားပြီဗျာ"

ဦးခင်ဇော်၏ဇနီးဒေါ်ဥမ္မာ အခန်းထဲဝင်လာသည်။

လက်ဖက်သုပ်နှင့် ရေနွေးကြမ်းလာပို့ခြင်း ဖြစ်သည်။

လင်ပန်းကို စားပွဲပေါ်တင်နေတုန်း ဦးဝင်းမြင့်ကပြောသည်။

"ဒေါ်ဥမ္မာတို့ကတော့ စားကောင်းသောက်ကောင်းနဲ့ ဝပြီးရင်းဝနေတာပဲနော်၊ ကောင်းပါတယ်ဗျာ၊ ကျုပ်တို့နိုင်ငံရဲ့ ဂုဏ်ယူစရာပြယုဂ်ပေါ့"

"ဘယ်လိုရှင့်"

ဒေါ်ဥမ္မာက ပြန်မေးသည်။

"ဩော်.. စပါးဆန်ရေ ပေါများကြွယ်ဝတဲ့ သဘောပေါ့ဗျာ၊ အင်း.. ကျုပ်မိန်းမကိုတော့ မြို့ထဲခေါ်မသွားရဲဘူးဗျ"

"ဘာဖြစ်လို့လဲ"

"နိုင်ငံခြားသားတွေ မြင်သွားရင် ကျုပ်တို့နိုင်ငံအပေါ် .. တစ်မျိုးတစ်မည် ထင်သွားမှာစိုးလို့"

သူ့ဇနီး ပိန်လွန်းခြင်းကို ရည်ညွှန်း၍ ပြောခြင်းဖြစ်သည်။

ဒေါ်ဥမ္မာက... "ဒါနဲ့ ဟိုအရင်တုန်းကတော့ သွယ်သွယ်ကလေးမို့ ကြည့်လို့ကောင်းလှချေရဲ့ဆို"

ဦးခင်ဇော်က ဝင်၍.. "ဟ.. ငါတောင် မင်းအပျိုတုန်းက ဗိုင်းဂနိုင်းမယ်ဘွဲ့ရလို့ ကြိုက်ခဲ့တာ မဟုတ်လား၊ ခုလို ဖြစ်လာမယ်မှန်းသိ.. ဘယ်ကြိုက်မလဲ"

ဒေါ်ဥမ္မာက ဦးခင်ဇော်ကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"ကဲ... ကျွန်မလဲ ဟိုဘက်အိမ်မှာ လူနာသတင်း သွားမေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ် ဘာဖြစ်လို့လဲ"

"ဦးကာဠု လေဖြတ်သွားလို့လေ"

"ဟာ. . . ဟုတ်လား"

"အင်း. . . ကျုပ်တို့ စောစောစီးစီး အရက်ဖြတ်လိုက်တာ သိပ်မှန်သွားတယ်၊ ဦးကာဠုကတော့ ဆက်ချနေတာကိုး၊ ဒီလူက ရေခဲများများနဲ့ သောက်တတ်တာ၊ လူက ဝ,တော့ စွပ်ကျယ်လက်ပြတ်ကလေးဝတ်၊ ပန်ကာဖွင့်ပြီး အအေးခံတာကိုး"

ဒေါ်ဥမ္မာက အိပ်ပဲ့အိပ်ပဲ့နှင့် ပြန်ထွက်သွားသည်။

"ဒီနေ့ ဟိုကောင်တွေ တယ်ငြိမ်ပါလားဗျ၊ ခါတိုင်းဆို ဆူညံနေတာပဲ၊ မရှိကြဘူးလား"

ဦးဝင်းမြင့်က မေးရာ. . .

"ရှိပါတယ်၊ ကျောက်မြောင်းအိမ် သွားမလို့ ပြင်ဆင်နေကြတယ်"

သမက်၏မိဘများအိမ်ကို ဆိုလိုသည်။

"ကဲ. . ဘယ်လိုလဲ၊ ပွဲစတော့မလား"

"လုပ်လေ. ."

"ဒီနေ့တော့ ခင်ဗျားရှုံးမှာပါဗျာ၊ ကျိန်းသေပါတယ်"

"ကြည့်ကြသေးတာပေါ့လေ"

စစ်တုရင်ကွက်ကို စားပွဲပေါ်တင်၊ အရုပ်တွေစီပြီး ပွဲစသည်။

ဦးခင်ဇော်က အနက်၊ ဦးဝင်းမြင့်က အဖြူ။

ပထမပွဲမှာ ဦးခင်ဇော် နိုင်သွားသည်။

"ဘယ့်နှယ်လဲ ကျုပ် ပြောတယ်မဟုတ်လား"

"ပထမဦးဆုံးပွဲမှာတော့ ခင်ဗျားက နိုင်နေကျပဲလေ၊ နောက်ပွဲတွေကျတော့လဲ လက်ရေကျသွားမှာပါ"

နောက်ပွဲစသည်။ ပွဲတစ်ဝက် ကျိုးခါနီးတွင် ဦးဝင်းမြင့်က နယ်ရုပ်တစ်ကောင်၊ မြင်းတစ်ကောင် အသာရထားသည်။





သူတို့နှစ်ယောက်၏လက်ရည်သည် မကွာလှ။ နှစ်အတော်ကြာကစားခဲ့ကြပြီး ဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက် သိနေပြီ။ နောက်ဆုံး အနိုင်အရှုံးမှာ ထိုနေ့အဖို့ ဘယ်သူက ကျန်းမာရေးအခြေအနေ ပိုကောင်းနေသလဲ ဆိုသည့် အချက်ပေါ်မှာ မူတည်သည်။

"ဖေဖေ သမီးတို့ သွားတော့မယ်" ဟု ဦးခင်ဇော်၏သမီးက လာနှုတ်ဆက်သည်။

"အေးအေး၊ သိပ်ညဥ့်မနက်စေနဲ့နော်၊ ကလေးတွေ အအေး မိနေဦးမယ်"

ဦးခင်ဇော်၏မြေးနှစ်ကောင်ကလည်းနှုတ်ဆက်ရင်း အကြီးကောင်က. . "ဘိုးဘိုး သားပြောတာ မမေ့နဲ့နော်"ဟု ပြောသည်။

"ဘာလဲကွ"

"ဒီဟာလေ"

ကားလက်ကိုင်ဘီး လှည့်သည့်ဟန် လုပ်ပြသည်။

"ဪ. . အေးအေး၊ ဘိုးဘိုး လုပ်ထားလိုက်ပါ့မယ်ကွာ"

"ဘာလဲဗျ"

ဦးဝင်းမြင့်က မေးသည်။

"သူ့. . ကစားစရာကလေး ပျက်နေလို့ ပြင်ခိုင်းတာဗျ၊ ဒီကောင်က ကျုပ်အသည်းစွဲပဲ၊ အငယ်ကောင်ကတော့ ဘွားအေပဲ ကပ်တယ်"

သူတို့နှစ်ယောက်သည် လုပ်ငန်းခွင်မှာကတည်းက ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။ ရာထူးချင်းလည်း တူသည်။ တစ်ယောက်က ဦးစီးဌာနမှာလုပ်ပြီး တစ်ယောက်က ကော်ပိုရေးရှင်းမှာ လုပ်သောကြောင့် ရာထူးအခေါ်အဝေါ် သာကွာသည်။ လုပ်ငန်းချင်းကလည်း ဆက်စပ်နေသဖြင့် တစ်ယောက်နှင့်တစ်ယောက် အကူအညီပေးကြရင်း ခင်မင်သွားခဲ့ကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုစဉ်တုန်းက စနေနေ့ ရုံးတက်ရသေးသည်။

ရုံးနေ့တစ်ဝက်ဆင်းလေသောအခါ နှစ်ယောက်သားဆုံပြီး ဟိုတယ်တစ်ခုခု၊ သို့မဟုတ် စားသောက်ဆိုင်တစ်ခုခုမှာ ဘီယာသောက်ရင်းစကားပြောကြသည်။

စနေနေ့တိုင်း မပျက်မကွက်ဆုံကြသည်။

အငြိမ်းစားယူပြီးကြသောအခါ အရက်ဖြတ်လိုက်ကြသော်လည်း စနေနေ့တိုင်း ဆုံကြသည့်ကိစ္စကိုတော့ မပယ်ဖျက်ခဲ့ကြ။ ဒီတစ်ပတ် ဦးခင်ဇော်အိမ်မှာဆုံလျှင် နောက်တစ်ပတ် ဦးဝင်းမြင့်အိမ်မှာ ဆုံသည်။ ဦးခင်ဇော်အိမ်မှာဆိုလျှင် စစ်တုရင်ကစားကြပြီး ဦးဝင်းမြင့်အိမ်ကျတော့ (××××)ကစားကြသည်။

လပြည့်လကွယ်နေ့များတွင် ဘုရားတက်ကြသည်။

လမ်းလျှောက်ရင်း ထွေရာလေးပါးစကားပြောကြသည်။

▮

နှစ်ပွဲစီနိုင်ကြပြီး နောက်ဆုံးပွဲကို အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။ ဦးဝင်းမြင့် တစ်ကွက်မှားသွားသဖြင့် ဦးခင်ဇော် နိုင်သွားသည်။

"ကဲ. . ကိုဝင်းမြင့် ဘယ့်နှယ်ရှိစ"

"ဟိုတစ်ပတ်က ကျုပ်က နိုင်ထားတာပါဗျာ၊ ကျေရောပေါ့။ ကဲ. . ညောင်းပြီဗျာ၊ လမ်းကလေးဘာလေးလျှောက်ကြရအောင်"

"နေဦးဗျ. . ကျုပ်မြေး မှာသွားတာ လုပ်ရဦးမယ်၊ ဂိုကောင် ပြန်လာလို့ မပြီးရင် ပွက်လောရိုက်နေလိမ့်မယ်"

ဦးခင်ဇော်သည် စားပွဲအံဆွဲထဲက ကစားစရာမော်တော်ကားကလေးကို ထုတ်လိုက်သည်။

ကားကလေးက ဓာတ်ခဲနှင့်မောင်းရခြင်း ဖြစ်သည်။

တကယ့်ဂျစ်ကားပုံစံအတိုင်း လုပ်ထား၏။





ဦးခင်ဇော်က ဓာတ်ခဲထည့်သည့်အံကို ဖွင့်၍စစ်ဆေးကြည့်သည်။ ဝက်အူလှည့်သေးသေးလေးကိုယူ၍ ဟိုထိုးကြည့် ဒီထိုးကြည့်လုပ်သည်။

"ကားက အသစ်ကြီးပါ၊ ဘာဖြစ်နေပါလိမ့်၊ ဩော်, ဟုတ်ပြီ"

စသည်ဖြင့် ရေရွတ်နေ၏။ ဦးဝင်းမြင့်ကတော့ ရေနွေးကြမ်းသောက်ရင်း ဆေးတံခဲရင်း ဦးခင်ဇော်လုပ်သမျှ စိတ်ဝင်စားစွာကြည့်နေသည်။ ခဏအကြာတွင် ဦးခင်ဇော် ကျေနပ်စွာပြုံးလိုက်သည်။ ကားထဲသို့ ဓာတ်ခဲပြန်ထည့်ပြီး ခလုတ်ကို ဖွင့်လိုက်သည်။

စက်လည်သံကြားရသည်။ ဦးခင်ဇော်မျက်လုံးက အရောင်လက်သွား၏။ ထို့နောက် အခန်းထောင့်ဆီသို့ လျှောက်သွားပြီး ဆောင့်ကြောင့်ထိုင်ချလိုက်သည်။ ကားလေးကို ကြမ်းပေါ်ချပေးလိုက်၏။ ကားကလေးက ကြမ်းပေါ်မှာ ပြေးသွားသည်။

ဦးဝင်းမြင့်ဘက်သို့ ရောက်လာပြီး ခြေထောက်ကို တိုက်မိမလိုဖြစ်သွားသည်။ ဦးဝင်းမြင့်က ခြေထောက်ကိုမ,ပြီး ဖယ်ပေးလိုက်၏။ ကားကလေးသည် ရှေ့ဆက်သွားပြီး စားပွဲခြေထောက်နှင့်တိုက်မိသွားသည်။

ဦးဝင်းမြင့်က ကောက်ယူမည်အပြုတွင် ကားကလေး၏နောက်မီးလင်းလာပြီး သူ့အလိုအလျောက် နောက်ပြန်ဆုတ်သွားသည်။ ပြီးတော့ ကွေ့ပြီး ပြန်ထွက်သွားသည်။

"ဟာ. . တယ်ဟုတ်ပါလား"

ဦးဝင်းမြင့်က ပြောလိုက်သည်။

"ဒါတင်မကသေးဘူးဗျ၊ ကြည့်" ဆိုပြီး ကားလေးကို စားပွဲပေါ်တင်၍ခလုတ်ဖွင့်လိုက်သည်။ ကားကလေးက မောင်းထွက်သွားသည်။ စားပွဲစွန်းနားအရောက်တွင် ဦးဝင်းမြင့်က ပြုတ်ကျမည်စိုး၍ လက်လှမ်းလိုက်ရာ ဦးခင်ဇော်က အသာနေဆိုသောသဘောဖြင့်လက်ကာပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကလေးသည် စားပွဲစွန်းနားမှာပင် ရပ်သွားသည်။

ပြီးတော့ နောက်ပြန်ဆုတ်ပြီး ကွေ့ထွက်သွား၏။

"အေးဗျာ. . သိပ္ပံပညာတိုးတက်မှုကတော့ ကလေးကစား စရာတောင်မှ အံ့သြစရာဖြစ်အောင် လုပ်နိုင်နေပြီ"

"ဒါလောက်တင် ဘယ်ကမလဲဗျာ၊ ခဏနေဦး. ."

ဆိုပြီး ဦးခင်ဇော် အခန်းထဲက ထွက်သွားသည်။

ခဏအကြာတွင် ကတ်ထူသေတ္တာ ခပ်ကြီးကြီး တစ်လုံးကို သယ်မ,ပြီးပြန်ဝင်လာသည်။

သူက သေတ္တာထဲက အမွေးပွခွေးရုပ် ကလေးတစ်ရုပ်ကို ထုတ်ယူပြီး ကြမ်းပေါ်ချလိုက်သည်။ ခလုတ်ဖွင့်လိုက်သောအခါ ခွေးရုပ်ကလေးက လမ်းလျှောက်သည်။

ဦးခင်ဇော်က လက်ခုပ်သုံးချက်တီးလိုက်၏။

ခွေးရုပ်ကလေး လမ်းလျှောက်နေရာမှ ရပ်သွားသည်။

ထို့နောက် ခေါင်းကလေးကိုမော့၍ ဝုတ်ဝုတ်ဟု ဟောင် သည်။ ပြီးတော့ လမ်းပြန်လျှောက်နေသည်။

"ဒါက ဘယ်လိုလဲဗျ" ဦးဝင်းမြင့်က မေးရာ. . .

"ရီမုတ်ကွန်ထရိုးပေါ့၊ အသံရဲ့ တုန်ခါမှုနဲ့ ထိန်းချုပ်ထား တာလေ၊ ခင်ဗျား လက်ခုပ်တီးကြည့်ပါလား"

ဦးဝင်းမြင့်က လက်ခုပ်တီးသည်။

"ကျယ်ကျယ်လေးတီးဗျ၊ သုံးခါလောက်တီး"

ဦးဝင်းမြင့်က ခပ်ပြင်းပြင်းကလေး တီးလိုက်ရာ၊ ခုနလို ဝုတ် ဝုတ်ဟု ဟောင်ပြန်သည်။

သူတို့နှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြ၏။

"အံ့သြစရာပဲဗျာ"

"ကလေးတွေအဖေက. . သဘော် ခဏခဏထွက်ရတော့ ကစားစရာမှ အစုံပဲ"





"အေးဗျာ၊ ကျုပ်တို့ ငယ်ငယ်ကဆိုရင် ဖိုးဝရုပ်တို့ ဇီးကွက် ရုပ်တို့လောက်နဲ့ပြီးတာ၊ သံပတ်ကားတောင် ကျုပ်တို့လူပျိုလောက် ဖြစ်မှ ပေါ်တာမဟုတ်လား"

ဦးခင်ဇော်က. . .

"နေဦးဗျာ. . ပြစရာရှိသေးတယ်"

ဆိုပြီး ကလေးရုပ်ကလေးတစ်ရုပ် ထုတ်လိုက်ပြန်သည်။

ခလုတ်ဖွင့်လိုက်လျှင် အရုပ်ကလေးက အူဝဲအူဝဲဟု အော် ငိုတော့သည်။ ဦးခင်ဇော်က နို့ဘူးသေးသေးလေးကို ပါးစပ်ထဲ ထည့်လိုက်တော့မှ အငိုတိတ်ပြီး မျက်လုံးကလေးမှိတ်သွားသည်။

နို့ဘူးကလေးထဲက နို့ကုန်သွားသောအခါ ဦးခင်ဇော်က နို့ဘူးကို ပြန်ထုတ်လိုက်သည်။

အရုပ်ကလေးက. . မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ပြီး "သိုင်းကျူး၊ ဂွဒ်မောနင်း"ဟု ပြောသည်။

ဦးဝင်းမြင့် မျက်လုံးအပြူးသားဖြင့် အံ့သြနေတုန်းမှာပင် အရုပ်ကလေးက သေးပေါက်ချလိုက်လေတော့သည်။

"ဟောဗျာ. . ."

ဦးဝင်းမြင့် ပါးစပ်အဟောင်းသားဖြစ်နေသည်ကို ဦးခင်ဇော် ကသဘောကျစွာကြည့်ရင်း သေတ္တာထဲက ရှိဘော့စက်ရုပ်ကလေး တစ်ရုပ်ကို ဆွဲထုတ်လိုက်ပြန်သည်။

■

ဒေါ်ဥမ္မာ လူနာသတင်းမေးရာမှ ပြန်လာသည်။

ဧည့်ခန်းထဲ ဖြတ်အလျှောက်တွင် ဦးခင်ဇော်၏ စာဖတ်ခန်း ထဲက တကျွိကျွိမြည်သံကြားသဖြင့် သွားကြည့်သည်။

အခန်းပေါက်ဝမှာ ရပ်လိုက်သောအခါ. . ဒေါ်ဥမ္မာသည် အံ့သြသလို ဖြစ်သွားပြီး ငေးကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာတော့ ဦးဝင်းမြင့်နှင့်ဦးခင်ဇော်တို့သည် အခန်းတစ်ထောင့်စီမှာထိုင်နေကြသည်။ တစ်ယောက်ကဆောင့်ကြောင့်၊ တစ်ယောက်က ကြမ်းပေါ်မှာ တင်ပျဉ်ခွေလျက်။ သူတို့ဘေးမှာလည်း မော်တော်ကားလေးတွေ၊ စက်ရုပ်ကလေးတွေ၊ ဝက်ဝံရုပ်ကလေးရုပ်ကလေးတွေဝိုင်းလျက် ပြန့်ကျဲနေသည်။

ဦးခင်ဇော်က သူ့လက်ထဲက ကြွက်ရုပ်ကလေးကိုကြမ်းပေါ်ချလိုက်သောအခါ ကြွက်ရုပ်ကလေးက တကျွိကျွိအော်ရင်း . . ဦးဝင်းမြင့်ဆီ ပြေးသွားသည်။ ဦးဝင်းမြင့်က ကြွက်ရုပ်ကလေးကိုကောက်ယူ၍ ဦးခင်ဇော်ဆီ ပြန်လွှတ်မည်အပြုတွင် ဒေါ်ဥမ္မာကိုမြင်သွားသည်။

ဦးဝင်းမြင့်သည် ရှက်ကိုးရှက်ကန်းဖြင့် တဟဲဟဲရယ်လိုက်သည်။ သူ့လက်ထဲက ကြွက်ရုပ်ကလေးကတော့ အမြီးကလေးတလှုပ်လှုပ်ဖြစ်နေတုန်း။

---

အဘိုးကြီးနှစ်ယောက်တို့သည် တုတ်ကောက်ကိုယ်စီဖြင့် ဘုရားဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အတော်ကြာအောင် စကားမပြောဖြစ်ကြ။ မျက်နှာတွေကတော့ တစ်စုံတစ်ခုကို ကျေနပ်နှစ်သိမ့်နေသလို ပြုံးတုံ့တုံ့ဖြစ်နေကြသည်။ လမ်းလျှောက်ရာတွင်လည်း ခါတိုင်းနေ့များထက် ပိုသွက်နေသည်။

ခဏအကြာမှာ ဦးခင်ဇော်က **"ပျော်စရာတော့ အကောင်းသားဗျနော်"**ဟု ခပ်တိုးတိုးပြောလိုက်လေသည်။

(စာပေလုပ်သား၊ ၁၉၈၆ ခု၊ အောက်တိုဘာ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အို…အသင်လောက

တစ်အိမ်လုံးမှာ ပိုက်ဆံဘယ်လောက်ရှိကြောင်းကို ပြားက စ၍ အတိအကျသိရသည့် အနေအထားသို့ ရောက်ပြီဖြစ်၏။

ကလေးတွေကို သူတို့အမေက မုန့်ဖိုး တစ်ယောက်တစ်မတ်စီပေးသည်။ ခါတိုင်း သုံးဆယ့်ငါးပြားပေးနေကျ ဖြစ်သဖြင့် ကလေးတွေက မကျေနပ်ကြ။ ဘာမှတော့ မပြောချေ။ ပြောလို့လဲ ဘာမျှမထူး။ ပိုရမည်မဟုတ်မှန်း သိကြသောကြောင့် လေကုန်ခံပြီး မပြောကြခြင်း ဖြစ်လိမ့်မည်။ သို့တည်းမဟုတ် သူတို့အမေ စိတ်ထွက်ပြီး ခေါင်းခေါက်မည် စိုးသောကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ အငယ်ဆုံးကောင်ကတော့ ပိုက်ဆံတစ်မတ်ကိုဆုပ်ကိုင်၍ လှည့်အထွက်တွင် …

"နည်းနည်းလေးပေးတာ မလောက်လို့ များများကြီးပေးပါဦးလို့" ဟု သီချင်းတစ်ပုဒ်ကိုဖျက်၍ မကြားတကြားဆိုသွားသည်။

လက်ကျန်ငွေမှာ ငါးကျပ်တန်တစ်ရွက်၊ ကျပ်တန်နှစ်ရွက်၊ ကျပ်ပြားတစ်စေ့၊ ငါးမူးစေ့ (အပေါ့)တစ်စေ့၊ ငါးပြားစေ့က အတွန့်ပါတာတစ်စေ့နှင့် ကြေးပြားတစ်စေ့။

ထမင်းဟင်း ချက်ပြုတ်ပြီးပြီဖြစ်၍ ဒီနေ့အတွက်တော့ ပူစရာမလို။ နောက်ရက်တွေအတွက်သာ ရှာရမည်။

"ငါ မြို့ထဲ ထွက်လိုက်ဦးမယ်"ဟု…

သူက မိန်းမကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာမူခ ရစရာရှိလို့လား"

မိန်းမက မျှော်လင့်စွာ မေးသည်။

"ရစရာတော့ မရှိဘူး၊ ပန်းခရေ စာစဉ်တိုက်ကတော့ ဝတ္ထု တိုတစ်ပုဒ် တောင်းထားတာရှိတယ်၊ ငွေကြိုတောင်းလို့ ရရင်လဲ ရပေါ့၊ မရလဲ တစ်ယောက်ယောက်ဆီက ဆွဲရမှာပေါ့"

ငါးကျပ်တန်တစ်ရွက်နှင့် ငါးမူးစေ့ကို ရုပ်အကျီအိတ်ထဲ ထည့်ပြီး ထွက်လာခဲ့သည်။

■

မြို့ထဲ ထွက်ခဲ့ရသည့်အကြောင်းရင်းမှာ မိန်းမကို ပြောခဲ့ သည့်ကိစ္စအပြင် အိမ်မှာမနေချင်သောကြောင့်လည်း ဖြစ်သည်။ ပိုက်ဆံမရသောအခါ မိန်းမကို မကြည့်ချင်။ နှစ်ပေါင်းများစွာ ပေါင်းလာခဲ့သော မိန်းမဖြစ်သည့်တိုင် ခုလိုအခါမျိုးမှာ မျက်လုံး ချင်းဆုံရမှာကို မျက်နှာပူသည်။ မိန်းမကလည်း သူ ရှိနေလျှင် အနေရခက်လိမ့်မည်ထင်သည်။

မိန်းမက ဒါမျိုးကြုံဖူးပေါင်းများပြီဖြစ်၍ သိပ်ထူးထူးခြားခြား ပူပန်ခြင်းမရှိ။ ခါတိုင်းလိုပင် တစ်နည်းနည်းနဲ့တော့ ပြေလည်သွား မှာပဲဟု စိတ်ချထားဟန်ရှိ၏။ သူကလည်း တစ်နေရာရာကတော့ ရမှာပါဟု မျှော်လင့်ထား၏။ ဘာပဲဖြစ်ဖြစ် အိမ်မှာ ဒီအတိုင်းထိုင် နေရတာ နှစ်ယောက်စလုံး စိတ်ကျဉ်းကျပ်စရာဖြစ်နိုင်သည်။

ပြီးတော့ မြို့ထဲရောက်လျှင် မဂ္ဂဇင်းတိုက်မှာဖြစ်စေ၊ လက် ဖက်ရည်ဆိုင်မှာဖြစ်စေ၊ စာရေးဆရာအပေါင်းအသင်းတစ်ယောက် ယောက်နှင့်ဆုံနိုင်သည်။ စာအကြောင်း၊ ပေအကြောင်း၊ စက္ကူ အကြောင်းပြောရင်းနှင့် စိတ်အပန်းဖြေနိုင်သည်။ လက်ဖက်ရည် တစ်ခွက်တိုက်မည့်သူကတော့ ကျိန်းသေတွေ့မည်ပင်။ ကံကောင်း လျှင် ညနေပိုင်းအတွက် ဖိတ်ခေါ်ခြင်းပင်ခံရနိုင်သည်။





အိမ်က ထွက်လာရသည့် ပဓာနအကြောင်းရင်းကတော့ ပိုက်ဆံရှာရန်နှင့် ဇာတ်လမ်းကုန်ကြမ်းရှာရန်ပင် ဖြစ်၏။

သူ့စိတ်ကူးက ပန်းခရေစာစဉ်တိုက်ကိုဝင်ပြီး စာမူခကြို တောင်းမည်။ ပန်းခရေစာစဉ်တိုက်၏မူက စာမူပေး ငွေချေသည့် စနစ် ဖြစ်သည်။ နက်ဖြန် ဆက်ဆက် စာမူလာပေးမည်ဆိုလျှင် ငွေထုတ်ပေးနိုင်စရာအကြောင်းရှိ၏။

နက်ဖြန် စာမူပေးဖို့ဆိုလျှင် ဒီညနှင့်နက်ဖြန်မနက် ပြီးအောင် ရေးရမည်။ ထိုအတွက် ဇာတ်လမ်းလိုသည်။ ရေးရဖန်များသဖြင့် ဇာတ်လမ်းအကြောင်းအရာ ရှားပါးလာသည်။

စိတ်ကူးထားတာလေးတွေတော့ ရှိသည်။ တချို့က အချက် အလက် မစုံလင်သေး။ တချို့ကျတော့ ဈာန်သွင်းလို့မရ။ မနက် တုန်းက စိတ်ကူးတစ်ခုကို ဝတ္ထုအဖြစ် ကြိုးစားရေးကြည့်သေး သည်။ ဘယ်လိုမှ လမိုင်းမကပ်။

သူ့မှာ ဖြစ်ဖူးတာရှိသည်။ သွားရင်းလာရင်းက တွေ့ကြုံလိုက် ရသည့်အကွက်ကလေးတစ်ခုကို ချက်ချင်းကောက်ရေးလိုက်ရာ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်သွားတတ်၏။ မိမိ၏ဆန္ဒနှင့် ဇာတ်လမ်း ဇာတ်ကွက်တို့ အံဝင်ခွင်ကျဖြစ်သွားရခြင်းပင်။ ဒါမျိုးက အမြဲတော့ မဖြစ်၊ ရံဖန်ရံခါကျမှ။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကံကောင်းထောက် မစွာ ကြုံဆုံကောင်းပါရဲ့။

■

သူသည် ပတ္တုတိုသမား။ တစ်နည်းအားဖြင့် မဂ္ဂဇင်းစာရေး ဆရာဖြစ်သည်။ လုံးချင်းဝတ္ထုစာရေးဆရာတွေလို မြိုးမြိုးမြက်မြက် မရချေ။ သူတို့၏အားကိုးရာသည် မဂ္ဂဇင်းများနှင့် "တင်ထုတ်"ဟု ဆိုနေကြသော ဝတ္ထုတိုစာစဉ်များသာ ဖြစ်သည်။ ထိုစာအုပ်များ မှာ တစ်လတစ်လ သုံးလေးပုဒ်ပါနိုင်အောင် ကြိုးစားရသည်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပြဇာတ်လမ်း၊ ကက်ဆက်ခွေဇာတ်လမ်းများ ရောင်းရပါမှ ခုသာခံသာရှိ၏။

မဂ္ဂဇင်းများမှ ဝတ္ထုတိုတစ်ပုဒ်အတွက် အမြင့်ဆုံးပေးသော နှုန်းမှာ နှစ်ရာဖြစ်သည်။ မဂ္ဂဇင်းတစ်အုပ် နှစ်ကျပ်နှင့်ရောင်းသော အချိန်က အမြင့်ဆုံးသောပေးနှုန်းနှင့် အတူတူပင်ဖြစ်၏။

ခုအခါတွင် မဂ္ဂဇင်းတစ်အုပ်၏ အနိမ့်ဆုံးရောင်းဈေးမှာ ဆယ့်နှစ်ကျပ်။ မဂ္ဂဇင်းတွေကလည်း စက္ကူတစ်ထုပ် ခုနှစ်ကျပ်ခွဲမှ ကိုးဆယ်တစ်ရာအထိ၊ အပြင်ဈေး၌ သုံးရာကျော်အထိ ဖြစ်လာသည်ကို ထောက်ပြကြသည်။

တချို့ မဂ္ဂဇင်းတွေက ထွက်သည့်နေ့တွင် စာအုပ်နှင့်စာမူခကို တစ်ခါတည်းပေးသည်။ တချို့က တစ်ပတ်ဆယ်ရက် ချိန်းသည်။ တချို့ မဂ္ဂဇင်းများကျတော့ ထွက်ရက်နောက်ကျသည့်အပြင် စာမူခပေးရန် ရက်ထပ်ချိန်းသဖြင့် လလယ်လောက်မှပင် ရတော့သည်။

စာပေမဂ္ဂဇင်းတစ်စောင်က ဝတ္ထုတိုစာမူခကို သုံးရာထိတိုးပေးသဖြင့် ဝမ်းသာနေကြတုန်း၊ အကြောင်းကြောင်းကြောင့် နှစ်ရာသို့ ပြန်လျှော့လိုက်ရသည်ဟူသော ဝမ်းနည်းဖွယ်သတင်းကို ကြားရပြန်သည်။ စာမူခ ပြန်မလျှော့ပါရန် အသနားခံလိုသော်လည်း အသနားခံနိုင်လောက်သည့် ဩဇာအရှိန်အဝါ သူ့မှာမရှိချေ။ သူတို့ သူတို့မှာလည်း ဆိုင်ရာဆိုင်ရာ အခက်အခဲတွေ ရှိနေလို့နေမှာပေါ့ဟု ဖြေတွေးရ၏။

သူ တွေးနေတုန်းမှာ မှတ်တိုင်သို့ ဘတ်စ်ကားတစ်စီးဆိုက်လာသည်။ ရုံးတက်ချိန် လွန်ခဲ့ပြီဖြစ်၍ အထူးကျပ်သည့် အနေအထားမျိုး မဟုတ်တော့။ တိုးဝှေ့တက်လို့ရသည်။ ရပ်စရာ နေရာတစ်နေရာရ၍ အသားကျသောအခါ ကားခကို ကျပ်တန်ပေးရင်ကောင်းမလား၊ အကြွေပေးရကောင်းမလား စဉ်းစားသည်။





ပြားလေးဆယ်ခရီးကို ကျပ်တန်ပေးလျှင်ငါးမူးသာပြန်အမ်းမည်။ ထို့ကြောင့် ငါးမူးစေ့ပေးလိုက်သည်။ စပယ်ရာက လက်မှတ်လှမ်းပေးသည်။ ကိုင်လိုက်ကတည်းက လက်မှတ်ကြားမှာ ပြန်အမ်းငွေဆယ်ပြား ပါမလာကြောင်း သိလိုက်သည်။

ပြန်ပြောပြန်လျှင်လည်း "ဆယ်ပြားလောက်ကို ပြန်တောင်းနေရသလားဗျာ"ဟု အရိခံရပေဦးမည်။

သူ သွားလိုသည့် (၃၃)လမ်း အထက်လမ်းသို့ တိုက်ရိုက်ရောက်လိုလျှင် ကားတစ်ဆင့်ထပ်စီးရမည်။ နောက်ထပ် ပြားလေးဆယ်အကုန်မခံချင်သဖြင့်. . ကုန်သည်လမ်းဘက်မှ မှတ်တိုင်မှာဆင်းပြီး လမ်းလျှောက်လာခဲ့သည်။ ခရေပင်တန်းတွေရှိနေသော ပန်းဆိုးတန်းလမ်းအတိုင်းလျှောက်ရတာနည်းနည်းတော့အကြြိုးပြေသွားသည်။

အင်း. . ဘာပဲဖြစ်ဖြစ် ခရေပင်အောက်ကဖြတ်ပြီး ပန်းခရေစာစဉ်တိုက်ကို သွားရတာ လာဘ်ကောင်းပါတယ်လေဟု. . မယုံသော်လည်း တွေးလိုက်မိ၏။ တွေးရင်းငေးရင်း လျှောက်လာရင်း ခရေပင်တစ်ပင်အောက်မှာ ဆောင့်ကြောင့်ထိုင်ပြီး ငိုနေသော ကလေးတစ်ယောက်ကိုတွေ့လိုက်ရသောအခါ ဇာတ်လမ်းကောင်းတစ်ပုဒ်ကို ခလုတ်တိုက်မိပြီဟု အလိုလိုခံစားလိုက်ရ၏။

ကောင်လေးက အသက်ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်ရှိမည်။ လုံချည်ဝတ်သင့်သော အရွယ်ဖြစ်သော်လည်း ဘောင်းဘီတိုကလေးသာဝတ်ထားသည်။ အကျႌကတော့ သူ့ကိုယ်လုံးကိုယ်ထည်ထက် ကြီးနေသည်။ အကျႌလက်မောင်းနှစ်ဖက်ကို ဖြတ်ထား၏။

ကောင်လေး၏ဘေးမှာ ဗန်းတစ်ချပ်၊ ကွင်းအိတ်ပြုလုပ်ထားသော ပုဆိုးစုတ်တစ်ထည်နှင့် အထဲမှာအိုးတိုက်ဖွဲပြာအကြွင်းအကျန်အစအနများ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးအဖို့ ပုဆိုးတစ်ထည်မှာ ဝတ်ဖို့ထက် လုပ်ငန်းသုံးဖို့က ပိုအရေးကြီးပေသည်ဟုလည်း ဖျတ်ခနဲတွေးမိသေး၏။

ကောင်လေးနားမှာ သူ ရပ်သည်။

"ဘာဖြစ်လို့ ငိုနေတာလဲကွ"

ကောင်ကလေးက ဖျတ်ခနဲမော့ကြည့်သည်။

သူ့ကိုမြင်သောအခါ ရှိုက်သံပို၍ ကျယ်လာပြီး. . .

"ကျွန်တော်. . ကျွန်တော့်ကို ပထွေးက တအားရိုက်တော့မှာဗျ"

ပထွေးဟုဆိုသဖြင့် ပို၍စိတ်ဝင်စားသွား၏။

"ဘာကြောင့်ရိုက်မှာလဲ"

"အိုးတိုက်ဖွဲပြာတွေ မှောက်ကျကုန်လို့"

"မှောက်ကျရင် ပြန်ကောက်ထည့်လိုက်ပေါ့ကွ"

"ရွှံ့ဗွက်တွေထဲ ကျသွားတာ၊ ပြန်ကျုံးလို့ မရတော့ဘူး၊ အိမ်ပြန်ရောက်လို့ ပထွေးသိရင်တော့. . ."

စကားကို မဆက်နိုင်။

ရှိုက်သံသာ ထွက်လာ၏။

သူသည် အိတ်ကပ်ကို စမ်းလိုက်သည်။

ပြီးတော့ ကောင်လေးနားမှာ ဆောင့်ကြောင့်ထိုင်ချလိုက်သည်။

"မင်းဖွဲပြာတွေ ဘယ်လောက်ဖိုးလောက်ရှိသလဲ"

"တစ်ဆယ်. . တစ်ဆယ်ကျော်ကျော်လောက်"

သူက အိတ်ထဲက ငါးကျပ်တန်ကို ထုတ်လိုက်သည်။

"ရော့ကွာ. . ငါ့မှာတော့ ငါးကျပ်တော့ရှိတယ်"

"ဟင်. . ."

ကောင်လေး အံ့သြသွား၏။

မျက်လုံးကလေးတွေ ဝင်းလက်လာသည်။





"ကျွန်တော့်ကို. . ကျွန်တော့်ကို"

"မင်း. . ဘယ်မှာနေတာလဲကွ"ဟု . . .

တွေ့ဆုံမေးမြန်းခန်းကို စတင်လိုက်သည်။

သုံးဆယ့်သုံးလမ်းထဲ. . . ချိုးအဝင်တွင် အကျင့်ပါနေသည့်အတိုင်း ရွှေကြည်အေးလက်ဖက်ရည်ဆိုင်ထဲသို့လှမ်းကြည့်သည်။

တံခါးပေါက်ဘက် စားပွဲတွင် ထိုင်နေသော ဆရာဦးမိုးဖြူကို တွေ့လိုက်သည်။

ဦးမိုးဖြူကလည်း သူ့ကိုမြင်ပြီး. . .

"ဟာကောင်. . . ဘယ်သွားမလို့လဲ၊ လာ. . လက်ဖက်ရည်သောက်သွားဦး"

"ပြန်လာခဲ့မယ် ဆရာမိုး၊ ပန်းခရေတိုက်သွားမလို့"

"မသွားနဲ့ မရှိဘူး၊ မန္တလေးသွားတယ်၊ တနင်္လာနေ့မှ ပြန်လာမယ်"

သူ စိတ်ဓာတ်တစ်ဝက် ကျသွားသည်။

တစ်ဝက်ကတော့ ဦးမိုးဖြူဆီက ပိုက်ဆံဆွဲလို့ ရနိုင်သည်ဟူသော မျှော်လင့်ချက်ကြောင့် ကျန်နေခြင်းဖြစ်၏။

လက်ဖက်ရည်ဆိုင်ထဲ သူ ဝင်ထိုင်သည်။

ဦးမိုးဖြူက လက်ဖက်ရည်လှမ်းမှာပြီး. . .

"မင်း စာမူသွားပို့မလို့လား"

"စာမူကမပြီးသေးပါဘူး၊ ပိုက်ဆံလေးဘာလေးကြိုတောင်းရကောင်းမလားလို့၊ ဇာတ်လမ်းက အခု. . ဒီကိုလာရင်းနဲ့မှ ရတာ၊ တော်တော်ကောင်းတဲ့ အကွက်ကလေးပဲ"

"ဆိုစမ်းပါဦး. . ."

သူကလည်း သိပ်ပြောပြချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ပန်းချီဆွဲဖြင့် မနေရသည်။ အမေက နာတာရှည်ရောဂါသည်။ ပထွေးက အရက်သမား။ အရိုက်ကြမ်းသည်။ ကောင်လေးက အိုးတိုက်ဖွဲ့ပြာရောင်းသည်။ ကျောင်းမတက်နိုင်။

တစ်နေ့တွင်. . .။

ဦးမိုးဖြူက ကွမ်းတစ်ယာကို ပါးစောင်မှာငုံရင်း နားထောင်နေသည်။ ဇာတ်လမ်းဆုံးတော့မှ ရှည်လျားနီရဲသောသွားများကို အရင်းထိပေါ်အောင်ပြုံးပြီး. . .

"တိုက်တိုက်ဆိုင်ဆိုင်ကွာ. . ဒီအပတ်ထဲမှာပဲ မင်းပြောတဲ့ ဇာတ်လမ်းမျိုး ကြားရတာနှစ်ခါရှိပြီ"

"ဗျာ. . ."

"ဟုတ်တယ်၊ ဟိုနေ့ကလဲ မောင်စိန်သောင်းက ငါ့ကိုပြောပြသေးတယ်၊ မင်းပြောတဲ့အတိုင်းပဲ၊ ဒီကောင်ကမှ ပိုက်ဆံတစ်ဆယ်ပေးတဲ့အပြင် ဘယာကြော်တစ်ကျပ်ဖိုးတောင် ဝယ်ကျွေးခဲ့သေးတယ်၊ သူပြောတဲ့ ကောင်လေးရဲ့ပုံစံအရဆိုရင် မင်းတွေ့ခဲ့တဲ့ ကောင်လေးပဲ ဖြစ်မှာပဲ"

"ဘယ်လိုဖြစ်တာလဲဗျာ"

"ဖြစ်နိုင်တာက ပထမဆုံးအခါမှာ တကယ်ပဲ ဖွဲ့ပြာတွေ မှောက်ကုန်မှာပါ၊ ဒီမှာတင် စေတနာရှင်တစ်ယောက်က ပိုက်ဆံပေးလိုက်ပါလိမ့်မယ်၊ ဒီတော့မှ ဒီချာတိတ်အကြံရပြီး ဒီနည်းနဲ့ ဆက်လုပ်စားနေတာ ဖြစ်မှာပေါ့"

"တော်တော် လူလည်ကျတဲ့ကောင်လေးပဲဗျာ"

"အမယ်. . မင်းကကောကွ၊ ကောင်လေးကို ငါးကျပ်ပေးပြီး သူ့ဇာတ်လမ်းကို ပြန်ရေးပြီး နှစ်ရာရအောင် လုပ်မှာမဟုတ်လား"

မခိုပြုံး ပြုံးလိုက်ရ၏။

"ဒါပေမယ့် ရေးလို့ မရတော့ဘူးဗျာ၊ ကိုစိန်သောင်းလဲ တွေ့ခဲ့တာပဲ၊ သူ ရေးမှာပေါ့"





"သူ ရေးမယ်လို့တော့ မပြောဘူး၊ ဒါပေမယ့် မောင်စိန်သောင်းအကြောင်း မင်းသိသားပဲ၊ သူက အဲဒီအကြောင်းကို တွေ့တဲ့လူ လျှောက်ပြောမှာ၊ ငါ့ကိုတောင် အစ်ကိုရေးချင်ရေးပါလားလို့ ပြောသွားသေးတယ်၊ ခုလောက်ဆို တစ်ယောက်ယောက်က ဖြတ်အုပ်သွားလောက်ပြီ"

သူ စိတ်ပျက်လက်ပျက်ဖြစ်သွား၏။

■

မနေ့က ဦးမိုးဖြူဆီက ငွေနှစ်ဆယ့်ငါးကျပ် ဆွဲလာသဖြင့် ဒီနေ့အတွက် စိတ်အေးရခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဝတ္ထုတစ်ပုဒ်တော့ ဖြစ်အောင်ရေးမည်။

သူ စာရေးစားပွဲမှာ ထိုင်သည်။ ဘာရေးရမည် မသိသေး။ သူ စိတ်ကူးထားခဲ့သော ဇာတ်လမ်းကလေးတွေ တစ်ခုပြီးတစ်ခု စဉ်းစားသည်။ ဘယ်ဟာမှ ရေးချင်စိတ်မရှိ။ ရေးဖို့ အတင်းကြိုးစားသောကြောင့် ရေးလို့မရခြင်းဘဲ ဖြစ်၏။

ထိုစဉ်တွင်. . "မီးလုံး မီးချောင်းအကျွမ်းတွေ ဝယ်တယ်၊ ဖောင်တိန်ဟောင်းတွေ၊ မျက်မှန်ကိုင်းကျိုးတွေဝယ်တယ်"ဆိုသော အသံနှင့်အတူ "လာဦး"ဆိုသော သူ့မိန်းမ၏အသံကို ကပ်လျက်ကြားရသည်။

ပလတ်စတစ်လက်ဆွဲခြင်းအစုတ်ကိုဆွဲလျက် ကုလားလေးတစ်ယောက်ဝင်လာသည်။ မိန်းမက ဘယ်တုံးက စုထားမှန်းမသိသောမီးလုံးအကျွမ်းတွေ ထုတ်လာသည်။

သူလည်း ကုလားလေးကို တစ်ချက်စိုက်ကြည့်လိုက်၏။

အတွေးတစ်ခု ဖြစ်ပေါ်လာသည်။

ကုလားလေးကို အင်တာဗျူးလုပ်ပြီး ဝတ္ထုတစ်ပုဒ်ရေးထုတ်ဖို့တော့ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်ခြင်းတောင်းမှာ ချည်ထားသော ကြိုးဖြင့် အစီအရီချိတ်ဆွဲထားသော ဖောင်တိန်ကလေးတွေကို မြင်ရသောကြောင့် စိတ်ကူးမိခြင်း ဖြစ်၏။

စားပွဲပေါ်ရှိ စာရွက်များပေါ်တွင် သူ့ဖောင်တိန်က အဖုံးဖွင့်လျက်သားရှိနေသည်။

ဆယ်တန်းအောင်တုန်းက. . မြန်မာစာ ဂုဏ်ထူးပါသဖြင့် မြို့နယ်အသင်းက ဆုချထားခြင်းဖြစ်၏။ ဆေလာအမျိုးအစား။ နှစ်ပေါ်တွင် ၁၇-ကေ ဟူသော စာလုံးကလေးကို မြင်နေရသည်။ ဆယ့်ခုနစ်ကာရက် ရွှေပါသည်။ ဈေးကောင်းရနိုင်သည်။

သူသည် ချီတုံချတုံဖြစ်နေရာမှ "သုံးကျပ်တန်ဘောလ်ပင်နဲ့ ရေးလဲရသားပဲ"ဟု ဆုံးဖြတ်လိုက်ပြီး ဖောင်တိန်အဖုံးဖွင့်လျက်ပင် ယူသည်။ ကုလားလေးထိုင်နေရာသို့ သွားသည်။

ထို့နောက် "ဒီဖောင်တိန် ဘယ်လောက်ပေးမလဲ"ဟု. . . မေးလိုက်သည်။

(စာပေလုပ်သား၊ ၁၉၈၇ ခု၊ ဒီဇင်ဘာ)

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုဖြစ်စေသတည်း

ဒီမှာ မိတ်ဆွေကြီး. . .

ဒါဟာ ဝတ္ထုဖြစ်တယ်လို့ ကျွန်တော်က ဆိုတယ်။

ကောင်းပြီ. . .

ဒီတော့ ဝတ္ထုဆိုတာ ဘာလဲ။

ဒါကို စာပေပညာရှင်ကြီးတွေ အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပြီးပါပြီ။

အဲဒီအထဲကပဲ နှစ်သက်ရာကို အတည်ယူလိုက်ပေါ့။

အခု ကျွန်တော်ပြောနေတဲ့ ဝတ္ထုဆိုတာက ဘုန်းတော်ကြီးနယ်ပယ်မှာသုံးတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ပါ။

ကြားဖူးကြမှာပေါ့။ ဘုန်းကြီးကို ဝတ္ထုကပ်တယ်ဆိုတာ။ ပိုက်ဆံလှူတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒါကြောင့် ကျွန်တော်ပြောတဲ့ ဝတ္ထုဆိုတာ ပိုက်ဆံ။ ဘာကြောင့် ဒီစာကို ဒီနာမည်ပေးရတယ်ဆိုတာ ရှေ့ဆက်ဖတ်ရင်းနဲ့ တဖြည်းဖြည်းဇာတ်ရည်လည်လာပါလိမ့်မယ်။

အထူးပြောချင်တာကတော့ အခု ကျွန်တော် တင်ပြမယ့် အကြောင်းအရာတွေဟာ တကယ့်ပြည်သူ့အကျိုးပြုစစ်စစ် ဖြစ်တယ်ဆိုတဲ့အကြောင်းပါပဲ။





ပြည်သူတွေ လက်တလော ခံစားနေရတဲ့ဒုက္ခနဲ့ အဲဒီဒုက္ခကို ဘယ်ပုံဘယ်နည်း ဖြေရှင်းရမယ်ဆိုတာရေးသားထားပါတယ်။

မယုံလျှင် ဆက်ဖတ်ကြည့်ပါ။

ကဲ. . . လာပြီ။

"အကြွေလေးတွေတော့ ဆောင်ထားကြနော်၊ အကြွေမပါရင်တော့ တစ်ကျပ်ပဲ"

ဘတ်စ်ကားပေါ်မှာ အမြဲကြားနေရတဲ့အသံ။

အကြွေရှားတာကို အကြောင်းပြုပြီး ပြားလေးဆယ်လမ်းကို ငါးမူးယူတာ၊ ကျပ်တန်ပေးရင် အကြွေမရှိသေးဘူးဆိုပြီး အမေ့ခံတာ။ အမြန်ကားလေးတွေက လိုင်းဆွဲနေရင်းက နေ့ခင်းကြောင်တောင်ကြီး အောက်ဆိုဒ်ကားဆိုပြီး ဘဝပြောင်းတတ်တာတွေကတော့ အားလုံးသိပြီးကြပါပြီ။ မထူးဆန်းပါဘူး။

အဲ, ထူးဆန်းတာက ခုလို ကားခကို မတန်တဆတောင်းချင်တိုင်းတောင်းတာကို ခရီးသည်တွေက ဘာမှ စောဒကမတက်ဘဲ အသာတကြည်ထုတ်ပေးကြတဲ့ ကိစ္စပဲ။

"ကားခနဲ့ပဲ မွဲရချေရဲ့၊ ဒုက္ခပါပဲ"လို့ ညည်းတာလောက်ပဲ ရှိတယ် အလွန်ဆုံး။

"ဟာ. . ဒီလောက်တော့ လွန်တာပေါ့၊ ဘယ်အချိန်ရှိသေးလို့လဲ" . . ပြောတာလောက်ပဲ။

အဲဒီအခါ စပယ်ယာက. . .

"မကျေနပ်လဲ ပြန်ဆင်းလေ. . ဟိုး. . ဆရာရေ့"

ဆိုပြီး မှတ်တိုင်နှစ်ခုကြားမှာ ရပ်ပေးတော့ ပြန်ဆင်းရတဲ့လူဟာ မှတ်တိုင်ရောက်အောင် အဝေးကြီးပြန်လျှောက်ရတာပေါ့။ ညစ်တာလေ။

တစ်ခါတလေ ရှားရှားပါးပါး ပြန်ဂျစ်တိုက်တဲ့ လူမျိုးတွေ ရှိတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ မင်းတို့ ဒီလောက် ပိုက်ဆံလိုချင်ရင် မားပြတိုက်ပါလား၊ မင်းတို့ တောင်းတိုင်း မပေးနိုင်ဘူး၊ တစ်ကျပ်ပဲ ပေးနိုင်မယ်၊ သိပ်တရားလွန်လွန်းတယ်" လို့ပြောတဲ့အခါ. . .

ဘေးလူတွေကပါဝိုင်းပြီး "ဟုတ်တာပေါ့၊ ဘာညာနဲ့" ဝင်ကူပြီးဆွပေးသင့်ကြတာပေါ့။ သို့ပေမယ့် ဒီလိုမဟုတ်၊ တစ်ယောက်နှစ်ယောက်လောက်ကသာ "ဟုတ်သားပဲ"လို့ မပွင့်တပွင့်ရေရွတ်ကြတယ်။ တချို့က ခိုးကျူးတဲ့မျက်လုံးနဲ့ ကြည့်ပြီးအားပေးတယ်။

တချို့ကတော့ တော်တော်ကြောင်တဲ့လူပဲဆိုတဲ့အကြည့်မျိုး၊ အဆိုးဆုံးကတော့ "ပြောမနေပါနဲ့ဗျာ၊ မထူးပါဘူး၊သူတို့တောင်းသလောက်ပေးလိုက်၊ နားအေးတာပဲ" ဆိုပြီး ဖျန်ဖြေတဲ့ လူမျိုးပဲ။

တော်တော်အောက်တဲ့ကိစ္စ။

ကျွန်တော်တို့ကတော့ တစ်ခါပြန်ပြီး ပညာပေးခွင့်ကြုံခဲ့ဖူးတယ်။ တစ်နေ့ ကျွန်တော်တို့သူငယ်ချင်းတစ်စုလက်ဖက်ရည်ဆိုင်ထိုင်နေတုန်း လမ်းပေါ်မှာ အမြန်ကားတစ်စီး ထိုးရပ်သွားတယ်။ ခရီးသည်တွေတော့မပါဘူး။

ကားမောင်းသူ ခပ်သုတ်သုတ် ဆင်းလာ၊ စက်ဖုံးဖွင့်ကလိ၊ စက်ပြန်နိုးမရ။ ပျာယာခတ်နေပုံထောက်တော့. . လိုင်းသိမ်းပြီး အောက်ဆိုက်ဆွဲဖို့ ထွက်လာပုံရတယ်။

အတော်ကြာတော့ ဟိုဒီကြည့်ပြီး စပယ်ယာက ကျွန်တော်တို့ဆီ လျှောက်လာတယ်။

"ကားပျက်နေလို့ဗျာ၊ နည်းနည်းလောက် တွန်းပေးပါလား"

ကျွန်တော့်ခေါင်းထဲမှာ ဖျတ်ခနဲအတွေးတစ်ခုပေါ်လာတာနဲ့. . . "ရတယ်လေ၊ တွန်းပေးမယ်၊ ဒါပေမယ့် ကျွန်တော်တို့ငါးယောက် တစ်ယောက်နှစ်ကျပ်နှုန်းနဲ့ တစ်ဆယ်ပေးရမယ်"လို့ပြန်ပြောတော့ အံ့ဩသလို ကြောင်တောင်တောင်ဖြစ်သွားပြီး. . .

"ဟာ. . . ကျွန်တော် အကူအညီတောင်းတာပါ"





"ဟုတ်ပါတယ်လေ၊ ခင်ဗျားတို့ရော မှတ်တိုင်မှာ စုပြုံနေတဲ့ ခရီးသည်တွေကို ဘယ်နှခါများ ကူညီတဲ့အနေနဲ့ အလကားတင်ခေါ်သွား[illegible]ဖို့လဲ"

"မကူညီချင်လဲ ရပါတယ်"ဆိုပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားရော။ သူကပဲ စိတ်ဆိုးရတယ်ရှိသေးဗျာ။

အကြွေကိစ္စ သတိရတာလေးပြောရဦးမယ်။

တစ်ခါက ကုန်တိုက်မှာပစ္စည်းတစ်ခုသွားဝယ်တယ် တစ်ဆယ်နဲ့ ပြားခြောက်ဆယ်ကျတယ်။ အရောင်းစာရေးမက အကြွေပြားခြောက်ဆယ်ပေးပါလို့ တောင်းတယ်။

ကုန်တိုက်ကြီးတစ်ခုလုံးလုပ်နေပြီး အကြွေ ပြားလေးဆယ်လောက်တော့ ဆောင်ထားဖို့ကောင်းပါတယ်။ မသကာ လက်ဖက်ရည်ဆိုင်တွေလို သကြားလုံးပြန်အမ်းတယ်ဆို တော်သေးတယ်။

အဲ, လက်ဖက်ရည်ဆိုင်တွေက သကြားလုံးပြန်အမ်းတဲ့ကိစ္စပြောချင်သေးတယ်။

ထားပါတော့. . . လက်ဖက်ရည်တစ်ခွက်နှစ်ကျပ်ခွဲ [illegible]ငါးမူး အမ်းစရာမရှိဘူးဆိုပြီး ယိုးဒယားသကြားလုံးတစ်လုံး အမ်းတယ်။ ယိုးဒယားသကြားလုံးက အထုပ်လိုက်ဝယ်ရင် တစ်လုံး ငါးမူးမကျဘူး။ ဒီတော့ စားသုံးသူတွေဟာ လက်ဖက်ရည်တစ်ခွက်သောက်ချင်ရင်. . သကြားလုံးတစ်လုံးပါ မစားချင်ဘဲနဲ့ အမြတ်ပေးဝယ်ရသလို ဖြစ်နေတယ်။ အဲဒီ အတွဲစနစ်က ဘယ်ထိကူးစက်လာသလဲဆိုတော့ ဈေးထဲထိရောက်လာတယ်။ သခွားသီးတစ်လုံး သုံးမတ်ဆိုလို့ ကျပ်တန်ပေးရင် တစ်မတ်ပြန်မအမ်းတော့ဘဲ ငရုတ်သီးစိမ်းတစ်မတ်ဖိုး ယူသွားဆိုပြီး တွဲထည့်ပေးလိုက်တာပဲ။

(ခေါက်ဆွဲခြောက်နဲ့ ဆပ်ပြာမှုန့် တွဲရောင်းတာထ[illegible] တော့ နည်းနည်းပိုပြီး ဖြာမိုနီဖြစ်တာပေါ့လေ)

▮



www.burmeseclassic.com

www.burmeseclassic.com



စကားစပ်မိလို့ ပြောရဦးမယ်။

အခုပြောနေတဲ့အထဲမှာပါတဲ့ ကုန်ဈေးနှုန်းတွေဟာ ဒီစာကို ရေးနေစဉ်မှာ ရှိတဲ့ဈေးနှုန်းကို ပြောတာနော်။ ဘာကြောင့် ခုလို ရှင်းနေရသလဲဆိုတော့ အကြောင်းရှိတယ်။

တစ်ခါက ဝတ္ထုတစ်ပုဒ်ထဲမှာ ဘီပီအိုင်ဆေးတွေရဲ့ ပြင်ပ ဈေးနှုန်းတွေ ထည့်ရေးလိုက်ဖူးတယ်။ စာအုပ်ထွက်လာပြီးတော့ မင်္ဂလာဈေးက ဆေးရောင်းသူတစ်ယောက်ဆီက စာတစ်စောင် ရောက်လာတယ်။

ကျွန်တော် ရေးထားတဲ့ ဈေးနှုန်းတွေက မှားနေတယ်တဲ့။ တကယ့်ဈေးနှုန်းက ကျွန်တော် ရေးထားတာထက် ပိုမြင့်တယ်တဲ့။

ဖြစ်ပုံက ဒီလို. . .

ရေးတုန်းကတော့ တကယ်ဈေးမှန်ဖါပဲ။ စာအုပ်တွေထွက်ဖို့ ပြင်ရဆင်ရတာက သုံးလေးလကြာတာကိုး။ အဲဒီအတောအတွင်း မှာ ဈေးနှုန်းတွေ ပြောင်းလဲကုန်တာပေါ့။

ဒီနေရာမှာတော့ . . .

ကျွန်တော့်အစ်ကိုတစ်ယောက်က တော်တယ်။

သူ ရိုက်တဲ့ဇာတ်ကားတစ်ကားပြီးလို့ အစမ်းပြကြည့်တဲ့အခါ ဇာတ်ဝင်ခန်းတစ်ခန်းမှာ ကလေးက မုန့်ဖိုးတစ်မတ်ရတာ မကျေ နပ်ဘဲ ဆီးထုပ်တောင် သုံးဆယ့်ငါးပြားဖြစ်နေပြီလို့ ပြောတယ်။

တကယ်က အဲဒီအချိန်မှာ ဆီးထုပ်က တစ်မတ်ပဲရှိသေး တယ်။ ဒါနဲ့. . ကျွန်တော့်စိတ်ထဲက အကယ်ဒမီ ဒါရိုက်တာကြီး ဒီတစ်ခါတော့ ညံ့သွားပြီလို့ ထင်မိတယ်။

ဘယ်ဟုတ်မလဲ။ ဇာတ်ကားက ရုံရက်ရောက်ဖို့ ခြောက်လ လောက်စောင့်ရသေးတာကိုး။ တကယ်ရုံတင်တဲ့အခါကျတော့ ဆီးထုပ်က တကယ့်ကို သုံးဆယ့်ငါးပြားကွက်တိ ဖြစ်နေပါရော။ ဒါကြောင့်လဲ နာမည်ကျော်ပေတာပဲလို့ ချီးကျူးရပါတယ်။





ဒီတော့ ကျွန်တော်လည်း စာရေးတဲ့အခါ ကုန်ဈေးနှုန်းကို နည်းနည်း ပိုပိုသာသာမှန်းပြီး ကြိုရေးမိပါတယ်။ ဓာတ်ဆီတစ် ဂါလန် ငါးဆယ်လောက်ရှိတဲ့အချိန်မှာ ငါးဆယ့်ငါးကျပ်လို့ရေး လိုက်တယ်။ တကယ် စာအုပ်ထွက်တဲ့အချိန်ကျတော့ ဓာတ်ဆီ ဈေးတွေကျပြီး သုံးဆယ့်ငါးကျပ် ဖြစ်နေပြန်ရော။

အဲဒါကျတော့ ကျွန်တော့်အဖေနည်းက ကောင်းတယ်။

သူက ဝတ္ထုရေးရင် နောက်ဆုံးမှာ ရက်စွဲအမြဲထည့်တယ်။ ဒီတော့ သူ့ဝတ္ထုမှာပါတဲ့ အချက်အလက်တွေဟာ အဲဒီရက်စွဲ ကာလနဲ့သက်ဆိုင်တယ်ဆိုတာ စာဖတ်သူက အလိုလိုသိတာပေါ့။

ဩော်. . လူကြီးများ အမြော်အမြင်ကြီးပါပေရဲ့။

(ကိုယ်နဲ့ တစ်မြို့တည်းသားချင်းလည်းဖြစ်၊ ဆွေမျိုးအရင်း ကြီးလည်းဖြစ်လို့ မြှောက်ပင့်ချီးကျူးလိုက်ရခြင်းပါခင်ဗျား)

ကဲ. . စောစောက စကားပြန်ကောက်ရအောင်။

အကြွေတွေရှားပြီးတဲ့နောက်မှာ အဲဒီရောဂါက ကျပ်တန်ကို ကူးစက်လာတယ်။ ကျပ်တန်တွေပါ ရှားလာတယ်။ တစ်ကျပ်ဖိုး ဝယ်ပြီး ငါးကျပ်တန်ပေးရင် ပြန်မအမ်းချင်ကြတော့ဘူး။

ဒီအခါမှာ ရောင်းသူဝယ်သူကြားမှာ စည်းကမ်းတစ်ခုအလို လိုဖြစ်လာတယ်။

နည်းတဲ့လူက ကျပ်တန်ပေးကြေး။

နှစ်ကျပ်အထိဆိုရင် ဝယ်တဲ့လူကပေး။

သုံးကျပ်ဆိုရင် ရောင်းသူက ကျပ်တန်ပြန်အမ်းကြေးပေါ့။

ကျပ်တန်ရှားတော့ ရှိတာတွေချည်း လှည့်သုံးလာလိုက်တော့ တဖြည်းဖြည်းဟောင်းနွမ်းစုတ်ပြတ်လာတော့တာပါပဲ။ ကျပ်တန် အသစ်စက်စက်ဆိုတာ မြင်တောင်မမြင်ဖူးတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လတ်လတ်တောင် သိပ်မရှိတော့ဘူး။

ဘုံကထိန်က ပဒေသာပင်တွေမှာလည်း အရင်လိုကျပ်တန် အသစ်ကလေးတွေ တလူလူမလွင့်နိုင်တော့ဘူး။

ငွေစက္ကူက. စုတ်ပြဲပုံနှစ်မျိုးရှိတယ်။

အလယ်တည့်တည့်မှာ. . ကန့်လန့်ပြဲတာနဲ့ အလျားလိုက်ပြဲတာ။ ကန့်လန့်ပြဲတာကတော့ ထုံးစံပါပဲ။ ခေါက်ရိုးကျိုးပြီးပြဲတာ။

အလျားလိုက်ပြဲရတဲ့ အကြောင်းကတော့ ကားစပယ်ယာတွေကြောင့်။ သူတို့က ငွေစက္ကူကို အလျားလိုက်ခေါက်ပြီး လက်ကြားညှပ်တတ်တာကိုး။

ဘာပဲဖြစ်ဖြစ် ငွေစက္ကူစုတ်ပြဲနေရင် ပြန်ကပ်ရမှာပဲ။

တချို့က အလွယ်တကူ စက္ကူနဲ့ကပ်တယ်။ အဲဒါက သိပ်အကြည့်ရဆိုးတယ်။ တချို့ကတော့ ဆယ်လိုတိပ်နဲ့ကပ်တယ်။ ခိုင်ပေမယ့် ပြလို့ကပ်ထားမှန်းတော့ သိသာတာပါပဲ။

ဒါကြောင့် ကျွန်တော်က ငွေစက္ကူကျန်းမာရေးပညာပေးချင်ပါတယ်။

စုတ်ပြဲနေတဲ့ ငွေစက္ကူကို ပြန်ကပ်တဲ့နေရာမှာ အသုံးပြုဖို့ အကောင်းဆုံးကတော့ ထရေစင်ပေပါလို့ခေါ်တဲ့ ပုံကူးစက္ကူမျိုးပဲ။

သူက ကြည်လင်ပြီး. . ဟိုဘက်ဒီဘက် ဖောက်ထွင်းမြင်နိုင်တယ်။ ပါးပြီးကျစ်တယ်။ ခိုင်တယ်။ ကပ်တဲ့နေရာမှာလည်း ထမင်းလုံးတို့ မုန့်ဟင်းခါးဖတ်တို့ကို အလွယ်တကူ မသုံးသင့်ဘူး။

ကော်ကောင်းကောင်းကိုပဲ သုံးသင့်တယ်။

အကောင်းဆုံးက ပလတ်စတစ်ဘူးလေးတွေနဲ့ထည့်ရောင်းတတ်တဲ့ ကော်မျိုးပဲ။ သာကူစေ့နဲ့လုပ်တာဆိုတော့ အရောင်ကြည်တယ်။ တစ်ဘူး နှစ်ကျပ်လောက်ပဲရှိပါတယ်။

ထရေစင်စက္ကူပေါ်မှာ ကော်မထူမပါးညီအောင်သုတ်၊ စုတ်ပြဲနေတဲ့ငွေစက္ကူပေါ်မှာ ပြန့်ပြန့်စန့်စန့် ဖြစ်အောင်ကပ်။





ဓာတ်မီးခြစ်လို၊ ဖောင်တိန်အဖုံးလို. . ခပ်ချောချောအရာတစ်ခုနဲ့ ဖိပြီး ပွတ်ဆွဲပေး၊ အပေါ်က ကပ်တဲ့စက္ကူဟာ ငွေစက္ကူနဲ့ တစ်သားတည်းဖြစ်ပြီး ကပ်ထားမှန်း မသိသာသလောက်ဖြစ်သွားတာတွေ့ရပါလိမ့်မယ်။

ပိုပြီး သပ်ရပ်အောင် မီးပူတိုက်သင့်ပါတယ်။ ငွေစက္ကူတွေဟာ ကိုင်တွယ်ဖန်များတော့ ချွေးစားတာ ရေထိတာတို့ကြောင့် ပွရောင်းရောင်းဖြစ်လာတယ်။ ပျော့ဖပ်ဖပ်ဖြစ်လာတယ်။

မီးပူတိုက်ပေးလိုက်ရင် ခြောက်သွေ့ပြီး အသာပြန်ကျစ်သွားလို့ နွမ်းဖပ်နေရာကနေ တောင့်တောင့်တင်းတင်း ဖြစ်သွားပါလိမ့်မယ်။ ခေါက်ရိုးကြေနေတာတွေလည်း ပျောက်သင့်သလောက် ပျောက်သွားတာကိုး။

ငွေစက္ကူလုပ်တဲ့စက္ကူသားဟာ အထူးစီမံပြုလုပ်ထားတာပါ။ ပိုးမကိုက်နိုင်အောင် ဓာတုဗေဒဆေးများနဲ့ စီရင်ထားပါတယ်။ သို့ပေမယ့် သက်တမ်းကြာရှည်စွာ သုံးစွဲလာတဲ့အခါ ဓာတုအာနိသင်တွေလျော့ပါးလာတယ်။

ဒါ့အပြင် လူမျိုးစုံက ကိုင်တွယ်သုံးစွဲခဲ့တဲ့အတွက် ဟင်းနံ့ ချွေးနံ့၊ သားငါးညှီနံ့အပြင် ဆီတို့ သကြားရည် ထန်းလျက်ရည်တွေ တို့လည်း စွန်းပေတတ်ပါတယ်။ အဲဒီအခါမှာ ငွေစက္ကူကြွက်ကိုက်ခံရတတ်ပါတယ်။

ဒါကြောင့် ငွေစက္ကူအဟောင်းများကို ကြာရှည်သိမ်းထားမယ်ဆိုရင် ပလတ်စတစ်အိတ်နဲ့ လုံလုံခြုံခြုံထုပ်ထားပြီး ကြွက်မဝင်နိုင်တဲ့နေရာမှာ ထားသင့်ပါတယ်။

■

ကဲ. . ဝတ္ထုလို့ပြောထားခဲ့တော့ ဝတ္ထုဆိုရင် ဇာတ်လမ်းပါမှ ဆိုသူများအတွက် တစ်ခုပြောပြပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကွက်ကလေးတောင် ပါသေးတယ်။

တစ်နေ့သ၌မှာပေါ့. . . ဆိုင်တစ်ဆိုင်က ပြန်အမ်းလိုက်တဲ့ အထဲမှာ ငါးကျပ်တန် တစ်ရွက်ပါလာတယ်။

ရုတ်တရက်ဆိုရင်တော့ အကောင်းပကတိပဲထင်ရတယ်။ ကျွန်တော် လုပ်တဲ့နည်းအတိုင်း ထက်ပိုင်းပြဲနေတဲ့ ငွေစက္ကူကို ထရေစင်စက္ကူနဲ့ သပ်သပ်ရပ်ရပ် ပြန်ကပ်ထားတာကိုး။

လက်ရာက တော်တော်သေသပ်ပါတယ်။

သို့ပေမယ့် ကြည့်ရင်း ကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာတယ်။ ငွေစက္ကူနှစ်ခြမ်းမှာ တစ်ဖက်နဲ့တစ်ဖက် အရောင်ချင်းမတူသလိုလို၊ အသားချင်းမတူသလိုလို။

သေသေချာချာ စစ်ဆေးကြည့်တော့မှ . . .

လား. . လား. . တစ်ဖက်ကအင်္ဂလိပ်နံပါတ်နဲ့၊ တစ်ဖက်က မြန်မာနံပါတ်လုံးလုံး မတူပါကလားဗျို့။

ဖြစ်နိုင်တာက ဒီလူ့ဆီမှာ အင်္ဂလိပ်ဂဏန်းပြတ်နေတာနဲ့ မြန်မာဂဏန်းပြတ်နေတာ ငွေစက္ကူနှစ်ရွက်ရှိမယ်။ ဒီတော့ ကောင်းတဲ့တစ်ခြမ်းစီကို ပြန်ဆက်ပြီး နှစ်ရွက်ကို တစ်ရွက်လုပ်လွှတ်လိုက်တာဖြစ်မှာပေါ့။

ကောင်းပြီ။ ဒီတော့ ကျွန်တော် ဘာလုပ်မလဲ။ ဒီငွေစက္ကူကို ဖျက်ဆီးပစ်မလား၊ သက်ဆိုင်ရာကို အပ်နှံလိုက်မလား၊ ဒါမှမဟုတ် မသိမသာညပ်ပြီး ပြန်သုံးပစ်လိုက်မလား။

ဒါကတော့ ကိုယ်နဲ့နှိုင်းရင် မရိုင်းပေဘူးပဗျာ။

(ရန်နိုသစ်မဂ္ဂဇင်း၊ အမှတ်-၄)

မင်းလူ

www.burmeseclassic.com